# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday 4 May 2018 ၉၂၇၆


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရှုလ်ကရင်ခမ်ချောင်ဒရီ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာအီဇာဖာဒရီသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ဘင်္ဂလားဒေ့ရှ်**

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မန်ဂျူရှုလ်ကရင်ခမ်ချောင်ဒရီသည် နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ဂျပန်**

ထို့အပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမသည် နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မင်္ဂလာရွှေမောင်းတီးခတ်၍ ဖွင့်လှစ်ပေးစဉ်။

## မြန်မာနိုင်ငံ၌ စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာရေး ဆောင်ရွက်နေ

### စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်များသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်

နေပြည်တော် မေ ၃

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ်ကျင်းပသည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။**

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

နေပြည်တော်နှင့် ရန်ကုန်ရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ စတူဒီယိုများနှင့် နေပြည်တော်ဝန်းကျင်နေရာများတွင် ရုပ်ရှင်ရိုက်ကူးနိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမည်

စာမျက်နှာ - ၇

အဆင့်မြင့်မင်္ဂလာဈေးသစ် (ရန်ကုန်)အား မြန်မာငွေကျပ် ၆၈ ဘီလီယံခန့် အကုန်အကျခံ တည်ဆောက်သွားမည်

စာမျက်နှာ - ၁၇

ဘဏ်အတိုးနှုန်း ပြောင်းလဲလိုက်ခြင်းအပေါ် ရရှိလာမည့် အကျိုးသက်ရောက်မှုများအား ကမ္ဘောဇဘဏ် ရှင်းလင်းပြောကြား

စာမျက်နှာ - ၁၈

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ကချင်ပြည်နယ်အစိုးရအဖွဲ့**၏ဒုတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။




ကြေးမုံ

# အနာဂတ်အလင်းရောင် စာပေဘဏ်တိုက်

စာပေသည် လူမျိုး၏အသက်ဝိညာဉ်၊ စာပေသည် အနာဂတ်အတွက် မီးရှူးတန်ဆောင်၊ အနာဂတ်အတွက် အလင်းရောင်၊ စာပေမြင့်မှ လူမျိုးတင့်တယ် စသည်ဖြင့် စာပေ၏တန်ဖိုးကြီးမားပုံကို ညွှန်းဆိုဖော်ပြလေ့ရှိကြသည်။ လူ့ဘဝမြင့်တင်ရေးအတွက် စာအုပ်စာပေမျိုးစုံတို့ကို လွယ်လင့်တကူဖတ်နိုင်သည့်နေရာမှာ စာပေဘဏ်တိုက်ဟု ခေါ်ဆိုထိုက်သည့် စာကြည့်တိုက်များပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် စာဖတ်သူများတိုးပွားရေး၊ ပြည်သူများ အသိအမြင်ကြွယ်ဝရေးအတွက် အမျိုးသားစာကြည့်တိုက်ကဲ့သို့သော နိုင်ငံတော်စာကြည့်တိုက်များ၊ ဌာနဆိုင်ရာများ၏ စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ စာကြည့်တိုက်များ မြောက်မြားစွာရှိပြီး တိုးပွားများပြားအောင်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့သော် မျက်မှောက်ကာလ နည်းပညာတိုးတက်နေသော အချိန်အခါတွင် စာကြည့်တိုက်လုပ်ငန်းများအတွက် စိန်ခေါ်မှုများရှိလာသည်။

မေလ ၃ ရက်နေ့က နေပြည်တော် MICC II ၌ ကျင်းပပြုလုပ်သော (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် "အင်တာနက်နဲ့ ဒစ်ဂျစ်တယ်မီဒီယာကို အများက တွင်တွင်ကျယ်ကျယ် အသုံးပြုနေတဲ့ ခေတ်ဖြစ်ပေမယ့် စာကြည့်တိုက်တွေဟာ လူထုအသိုက်အဝန်းအတွက် ခိုင်မာအားကောင်းတဲ့ အခန်းကဏ္ဍမှာ ရပ်တည်ပြီး လူထုကို စာအုပ်စာပေနဲ့ ဝန်ဆောင်မှုပေးခြင်းသာမက လူမှုရေးဆိုင်ရာ လှုပ်ရှားမှုအမျိုးမျိုးကို လူထုနဲ့အတူ ကဏ္ဍပေါင်းစုံအတွက် ဆောင်ရွက်နေတဲ့ နေရာဌာနအဖြစ် ရပ်တည်ရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

တစ်ချိန်သောကာလက အမျိုးသားစာကြည့်တိုက်နှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တို့သည် ဘာသာရပ်ပေါင်းစုံ စာအုပ်စာတမ်းများကို စနစ်တကျစုစည်းထားသည့် အရှေ့တောင်အာရှတွင် အကောင်းဆုံးစာကြည့်တိုက်များဖြစ်ခဲ့သည်။ ထို့အပြင် စာပေဗိမာန်ကဲ့သို့ ရည်ညွှန်းစာကြည့်တိုက်များ၊ မြို့နယ်စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များမှာလည်း အထူးကောင်းမွန်လှပြီး အသိပညာဗဟုသုတများ ရယူလိုကြသည့် ပြည်သူများအတွက် ပညာဘဏ်တိုက်များဖြစ်ခဲ့သည်။

မျက်မှောက်ကာလ အင်တာနက်နှင့် ဒစ်ဂျစ်တယ်မီဒီယာများ ခေတ်စားလာသောအခါတွင် ပြည်သူလူထု အများစုမှာ ပညာဘဏ်တိုက်စာကြည့်တိုက်များဆီမှ နည်းပညာနယ်ပယ်သို့ ပြောင်းရွှေ့သွားခဲ့သဖြင့် ပညာဘဏ်တိုက်စာကြည့်တိုက်များ မှေးမှိန်သွားသကဲ့သို့ ဖြစ်ရသည်။ နည်းပညာများ မည်မျှတိုးတက်သည်ဆိုသော်လည်း နိုင်ငံတကာနယ်ပယ်တွင် စာကြည့်တိုက်များမှာ အားကောင်းနေဆဲ ဖြစ်သည်။ ထို့ကြောင့် အရှေ့တောင်အာရှ ဒေသအတွင်းမှာရှိသည့် စာကြည့်တိုက်မှူးများ၏ ဒေသတွင်း သုတ၊ ရသပညာအဖြာဖြာနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးအတွက် အတူတကွ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ စာကြည့်တိုက်များ ပိုမိုအားကောင်းလာစေရန်သာမက စာကြည့်တိုက်လုပ်ငန်းနှင့် ဆက်နွှယ်နေသည့် ပညာရပ်များကို စဉ်ဆက်မပြတ် ရှင်သန်တိုးတက်လာမည်ဖြစ်ရာ ယနေ့ကျင်းပပြုလုပ်နေသော အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံသည် ထူးခြားကောင်းမွန်သည့် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်သည်။

သို့ဖြစ်ရာ စာကြည့်တိုက်များနှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသော အချိန်အခါတွင် စာပေပန်းခင်းများ၏ ဥယျာဉ်မှူးများဖြစ်သည့် စာကြည့်တိုက်မှူးများသည် နည်းပညာကိုအသုံးချ၍ စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာရေးကို နိုင်ငံတကာစာကြည့်တိုက် အဝန်းအဝိုင်းထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လုပ်ဆောင်ကြရမည် ဖြစ်သည်။ နည်းပညာကို အသုံးချ၍ မြန်မာနိုင်ငံ၏ စာကြည့်တိုက်များတွင် သုတ၊ ရသပညာရပ်များနှင့် သတင်းအချက်အလက်များအား ဖြန့်ဖြူးမျှဝေပေးရာ ပညာဘဏ်တိုက် ဝန်းကျင်သစ်ဖြစ်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by MPE
www.mdn.gov.mm

# သံတောင်ကြီးမြို့နယ်ရှိ ဆေးဝါးစိုက်ခင်းများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မေ ၁ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ ဆေးဝါးကုန်ကြမ်းစိုက်ခင်းများသို့ ရောက်ရှိပြီး ငှက်ဖျားရောဂါ ကုသဆေးဖြစ်သည့် ကွီနင်းဆာလ်ဖိတ် ထုတ်လုပ်ရန်အတွက် စင်ကိုနာပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ချောင်းဆိုးပျောက်ဆေး ထုတ်လုပ်ရန်အတွက် မုယာကြီးပင်များ စိုက်ပျိုးထားမှု အခြေအနေနှင့် စင်ကိုနာပျိုးပင်ခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးက ဆေးဝါးကုန်ကြမ်းပင်များ အလေအလွင့်မရှိဘဲ စနစ်တကျ မျိုးထိန်းထားနိုင်ရေး ဂရုစိုက်ဆောင်ရွက်ကြရန်၊ တောမီးကူးစက်မလောင်နိုင်စေရေး စိုက်ကွင်းတစ်ဝိုက် မီးတားလမ်းများကို စနစ်တကျ ဖောက်လုပ်ထိန်းသိမ်းထားရန်၊ မြေလွတ်ရှိသော နေရာများတွင် ဆေးဝါးကုန်ကြမ်း သီးနှံများအပြင် ရေမြေရာသီဥတုနှင့် ကိုက်ညီမည့် အခြားနှစ်ရှည်ပင်များ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ နိုင်ငံပိုင် မြေလွတ်မြေရိုင်းများကို အခြား နည်းလမ်းများ အသုံးပြု၍ အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေး အစိုးရ၊ ပုဂ္ဂလိကအကျိုး ပူးပေါင်း ဆောင်ရွက်ကြရန်မှာကြားသည်။

ယခင်က ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံတွင် အဖြစ်များသည့် ရောဂါတစ်ခုဖြစ်ပြီး မြန်မာ့ဆေးဝါး လုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်) တွင် ငှက်ဖျားရောဂါ ကာကွယ်၊ ကုသဆေးဝါးများ ထုတ်လုပ်ရန်အတွက် စင်ကိုနာအပင်များအား ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် စိုက်ကွင်းများပြုလုပ်၍ စိုက်ပျိုးခဲ့သည်။

ယခုအခါ စင်ကိုနာအပင်မှ ထုတ်လုပ်သော ငှက်ဖျားရောဂါ ကုသဆေးမှာ ငှက်ဖျားရောဂါ ကုသရာတွင် ဆေးယဉ်ပါး၍ WHO မှ ဆက်လက်အသုံးပြုရန် မသင့်တော့ခြင်းကြောင့် ငှက်ဖျားဆေးထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့သည်။ စင်ကိုနာပင်များ မျိုးတုန်းပျောက်ကွယ်မှု မရှိအောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပြီး တောင်ပေါ်ဒေသထွက် သီးနှံပန်းမန်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြားနည်းလမ်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သာပေါင်းမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းအား လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ပုသိမ် မေ ၃**

ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း၌ ၂၀၁၅ ခုနှစ်က သဘာဝဘေးဒဏ်ခံခဲ့ရသော စာသင်ကျောင်းများအနက် ဂျပန်နိုင်ငံ ပြည်သူများကိုယ်စားပြု (JICS) မှ ဆောက်လုပ်လှူဒါန်းသော ပန်းပင်ဆိပ် အမကနှင့် ကညင်ကုန်း အမက စာသင်ကျောင်း နှစ်ကျောင်း စာသင်ချိန်အမီ ပြီးစီးပြီဖြစ်သဖြင့် ဧပြီ ၂၉ ရက်က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။



လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာလက်ထောက်ပညာရေးမှူး ဒေါ်ရင်ရင်မေနှင့် တာဝန်ရှိသူများက အဆိုပါကျောင်းဆောင်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းတင်ထံသို့ ဂျပန်ပြည်သူများ ကိုယ်စား JICS ကိုယ်စားလှယ် ဦးစောမျိုးဝင်းသိန်းက ပန်းပင်ဆိပ် အမက အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၀ ပေရှိ တန်ဖိုးသိန်း ၁၇၀၀ ကုန်ကျမှု စာရွက်စာတမ်းများကိုလည်းကောင်း၊ ကညင်ကုန်း အမက အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၀ ပေရှိ စာသင်ဆောင်ကို ကျပ်ငွေသိန်း ၁၃၀၀ ကုန်ကျမှု စာရွက်စာတမ်းများ ပြည့်စုံစွာ လွှဲပြောင်းအပ်နှံခဲ့ကြသည်။ **ပုသိမ်လှကြည်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၃**

ရန်ကုန်(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀ မန္တလေး(ရွှေဈေး) ၉၃၉၀၀၀ - ၉၃၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၈၈၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၃.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၆.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၀၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၃၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁.၀၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၃.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၆၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၆.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

❖ **နိုင်ငံတော်သမ္မတမှ**

**မလေးရှား**

ထို့အတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဇာဟိုင်ရီဘင် ဘာဟာရင်းမ် သည် မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။


**မာရှယ်ကျွန်းစု**

အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တွမ်ဒီကီဂျီနာ သည် မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး ဒေါက်တာအီဇာဖာဒရီ အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး မစ္စတာ ဇာဟိုင်ရီဘင် ဘာဟာရင်းမ် သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ တွမ်ဒီကီဂျီနာ အား လက်ခံတွေ့ဆုံစဉ်။

# ဇမ္ဗူသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက် (၁၀)နှစ်ပြည့် ဓမ္မပူဇာသဘင်နှင့် အလှူတော်မင်္ဂလာ ကျင်းပ

**နေပြည်တော် မေ ၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိဝန်ထမ်းရပ်ကွက်အနီးရှိ သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်၏ (၁၀)နှစ်ပြည့် ဓမ္မပူဇာသဘင်နှင့် အလှူတော်မင်္ဂလာ အခမ်းအနားကို မေ ၁ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

မေ ၁ ရက် ည ၇ နာရီခွဲတွင် ဧရာရွှေမြေဆရာတော် အရှင်ဥတ္တမသီရိ(သာသနာပြု နယ်လှည့်ဓမ္မကထိက ပရဟိတဓရ)က လည်းကောင်း၊ မေ ၂ ရက် ညတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒက လည်းကောင်း၊ မေ ၃ ရက် ညတွင် အရှင်အာစိဏ္ဏ (နန်းမြင့်နွယ်ညောင်လေးပင်)က လည်းကောင်း တရားတော်များ ဟောကြားတော်မူခဲ့ပြီး မေ ၄ ရက် ညတွင် ဘဒ္ဒန္တစာရိတ္တ(နေပြည်တော်)က နောက်ဆုံးညအဖြစ် ဟောကြားတော်မူမည်ဖြစ်ရာ ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းရပ်ကွက်များနှင့် အနီးကျေးရွာများမှ တရားနာပရိသတ်များ လာရောက်နာယူနိုင်ကြောင်း သိရသည်။

အလားတူ မေ ၄ ရက် တရားပွဲအပြီးတွင် မေတ္တာ၊ ချစ်ချော၊ ပွမ်ပွမ်တို့ပါဝင်သော "မေတ္တာရွှေစင်" အငြိမ့်ဖြင့် လည်းကောင်း၊ မေ ၅ ရက်နှင့် ၆ ရက်တို့တွင် မင်းမင်းဦး(မန္တလေး) "အလှသစ်ဇာတ်သဘင်"ဖြင့် လည်းကောင်း ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြတ်ဦး(နေပြည်တော်)**

# အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်နှင့် ရာဂျာစသန် ပြည်နယ်တို့တွင် မုန်တိုင်းများ တိုက်ခတ်၊ လူ ၁၀၀ နီးပါး သေဆုံး



**နယူးဒေလီ မေ ၃**

အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့ရှိ ဥတ္တာပရာဒေ့ရှ်နှင့် ရာဂျာစသန်ပြည်နယ်တို့တွင် မေ ၃ ရက်က ပြင်းထန်သော ဖုန်မုန်တိုင်းများနှင့် မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့ရာ လူ ၉၅ ဦးထက်မနည်းသေဆုံးပြီး လူပေါင်း ၁၆၀ ခန့် ဒဏ်ရာရရှိကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လမ်းများပေါ်သို့ သစ်ပင်များ ပြိုလဲကျခြင်းနှင့် လူနေအိမ်ခြေများ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကာ မွေးမြူရေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်ကာ ပြင်းထန်သော မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားခဲ့ပြီး နေအိမ်များအတွင်း လူအများအိပ်စက်နေစဉ်တွင် နေအိမ်များ ပြိုကျမှုကြောင့် သေဆုံးရသူများမှာ အများစုဖြစ်သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့ရှိ အဆိုပါ ပြည်နယ်များတွင် မန္တရာသီကာလအတွင်း၌ ဖုန်မုန်တိုင်းများနှင့် မိုးသက်မုန်တိုင်းများ တိုက်ခတ်လေ့ရှိသော်လည်း ယခုကဲ့သို့ လူသေဆုံးမှုနှုန်း ကြီးမားရခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်သည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် သေဆုံးသူ ၆၄ ဦးရှိပြီး ၄၃ ဦးမှာ တာ့ဂ်ျမဟာ ဗိမာန်တည်ရှိရာ အဂ္ဂရာခရိုင်မှဖြစ်ကြောင်း၊ သေဆုံးသူ ဦးရေ တိုးမြင့်လာဖွယ်ရှိကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားကြသည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် သစ်ပင်များလဲပြိုမှုနှင့် နံရံများ ပြိုလဲမှုကြောင့် သေဆုံးရသူ အများအပြား ရှိခဲ့သည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ်၏ အိမ်နီးချင်း ရာဂျာစသန်ပြည်နယ်အတွင်းရှိ ခရိုင်သုံးခုတွင်လည်း မုန်တိုင်း သက်ရောက်မှုများတွင် လူ ၃၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ အယ်လ်ဝါခရိုင်သည် မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး ခံစားရပြီး ခရိုင်တွင်းရှိ စာသင်ကျောင်း အားလုံးကို ပိတ်ထားရကြောင်း သတင်းတွင် ဖော်ပြသည်။

မုန်တိုင်းဒဏ်ကြောင့် လူသေဆုံးခဲ့ရသည့် မိသားစုများအား လျော်ကြေးငွေ ရူပီး ၄၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၀၀၀)ပေးအပ်မည်ဟု ပြည်နယ်အစိုးရက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



**တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် မြောက်ကိုရီးယား ပြည်ပရေးရာဝန်ကြီး ရီယောင်ဟိုတို့ တွေ့ဆုံစဉ်။**

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံ

**ပေကျင်း မေ ၃**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်နှင့် ပြုံယမ်းမြို့တွင် မေ ၂ ရက် က တွေ့ဆုံခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပပြီးနောက် ဝန်ကြီးဝမ်ယိက မြောက်ကိုရီးယားနိုင်ငံသို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။ မကြာမီအချိန်တွင် အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီး အစည်းအဝေးပွဲ ကျင်းပမည်ဖြစ်သည်။

ဝန်ကြီးဝမ်ယိသည် မြောက်ကိုရီးယား ပြည်ပရေးရာဝန်ကြီး ရီယောင်ဟိုနှင့် တွေ့ဆုံကာ ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရေးအပါအဝင် နှစ်နိုင်ငံအရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ထို့နောက် ဝန်ကြီးဝမ်ယိက မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံခဲ့သည်။

ဝန်ကြီးသည် ပြုံယမ်းသို့ မေ ၂ ရက်တွင် ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်ကတည်းက မြောက်ကိုရီးယားနိုင်ငံသို့ ပထမဆုံးသွားရောက်ခဲ့သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာခဲ့သည်။

**အေအက်ဖ်ပီ**

## အီရန်နျူအစီအစဉ်ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို ဖျက်သိမ်းခြင်း မပြုရန် ကုလအကြီးအကဲ တိုက်တွန်း

**လန်ဒန် မေ ၃**

အီရန်နျူကလီးယားအစီအစဉ်နှင့် သက်ဆိုင်နေသော နိုင်ငံတကာ သဘောတူညီချက်ကို အစားထိုးနိုင်မည့် သဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာခြင်းမရှိသေးသမျှ ယင်းသဘောတူညီချက်ကို ဖျက်သိမ်းခြင်း မပြုသင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်သော်နျူး ဂူတဲရက်ရှ်က မေ ၃ ရက်တွင် ပြောကြားလိုက်သည်။

အီရန်နျူကလီးယား အစီအစဉ်နှင့် သက်ဆိုင်နေသော နိုင်ငံတကာ သဘောတူညီချက်မှ နုတ်ထွက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ခြိမ်းခြောက်ခဲ့ပြီးနောက် အမေရိကန်နှင့် အီရန်အကြား၊ ယင်းနိုင်ငံနှင့် ယင်း၏ မဟာမိတ်နိုင်ငံများအကြား သံတမန်ရေးဆက်ဆံမှုများ ဖြစ်ပေါ်ခဲ့သည်။

အီရန်နျူကလီးယား အစီအစဉ်ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ထက် ပိုမိုကောင်းမွန်သော သဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာခြင်း မရှိပါက ယင်းသဘောတူညီချက်ကို ဖျက်သိမ်းခြင်း မပြုသင့်ကြောင်း ကုလသမဂ္ဂ အကြီးအကဲက ဘီဘီစီရေဒီယို-၄ ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အီရန်နျူကလီးယား အစီအစဉ်ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်သည် သံတမန်ရေးအရ အောင်ပွဲအဖြစ် မိမိတို့ ရှုမြင်နိုင်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသသည် အလွန်ပင်ဘေးအန္တရာယ်ပြွမ်းတီးသော ဒေသအဖြစ် မိမိရှုမြင်မိပြီး အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော သံတမန်ရေးတင်းမာမှုများကို အဓိပ္ပာယ်ရှိသော ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းသင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားသည်။

**ဆင်ဟွာ**

# ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့၌ ဂျာမန်လူမျိုး သူနာပြုဆရာမ ပြန်ပေးဆွဲခံရ

**မိုဂါဒစ်ရှုး မေ ၃**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့၌ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)အတွက် အလုပ်လုပ်ကိုင်နေသော ဂျာမန်သူနာပြုတစ်ဦးကို သေနတ်သမားများက ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ကြောင်း၊ သူနာပြုဝန်ထမ်း အမျိုးသမီးသည် မြို့တော်ရှိ ခြံဝင်းတစ်ခုအတွင်းမှ မေ ၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း အိုင်စီအာရ်စီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




မိမိတို့၏ လုပ်ဖော်ကိုင်ဖက်တစ်ဦး ပြန်ပေးဆွဲခံရခြင်းအတွက် အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း ဆိုမာလီဆိုင်ရာ အိုင်စီအာရ်စီရုံး ဒုတိယအကြီးအကဲ ဒန်နီယယ်အိုမယ်လီက ပြောကြားသည်။

ပြန်ပေးဆွဲခံရသူ သူနာပြုဆရာမသည် ဆိုမာလီနိုင်ငံ၌ ဘေးဒုက္ခရောက်နေသူများ၏ ကျန်းမာရေး တိုးတက်မှု ရှိစေရေးအတွက် လည်းကောင်း၊ ၎င်းတို့၏ အသက်ကို ကယ်တင်နိုင်ရန်အတွက် လည်းကောင်း နေ့မအား ညမနား လုပ်ကိုင်ပေးနေသူ တစ်ဦးဖြစ်ကြောင်း အိုမယ်လီက ပြောကြားသည်။

မေ ၂ ရက်က ဒေသစံတော်ချိန် ည ၈ နာရီခန့်တွင် ပြန်ပေးဆွဲသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း၊ မိုဂါဒစ်ရှုးမြို့ရှိ ခြံဝင်းတစ်ခု အတွင်းသို့ လက်နက်ကိုင်ဆောင်ထားသူ လူတစ်စု ဝင်ရောက်လာကာ ဂျာမန်လူမျိုး သူနာပြုဆရာမတစ်ဦးကို ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ရာ မိမိတို့အနေဖြင့် သူပြန်လည် လွတ်မြောက်ရေးအတွက် အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း အိုမယ်လီက ပြောကြားသည်။

သေနတ်သမားများသည် လုံခြုံရေးအစောင့်များ၏ အလစ်အငိုက်တွင် ခြံဝင်းအတွင်းသို့ ဝင်ရောက်လာပြီး ဂျာမန်လူမျိုး သူနာပြုဆရာမကို ပြန်ပေးဆွဲကာ အသင့်စောင့်ဆိုင်းနေသော ယာဉ်တစ်စီးပေါ်သို့ တင်ဆောင်ကာ မောင်းနှင်ထွက်ခွာသွားခဲ့ကြောင်း ကြက်ခြေနီရုံး ဝန်ထမ်းများက ပြောကြားကြသည်။

ဆိုမာလီနိုင်ငံ၌ ယခင်ကလည်း နိုင်ငံခြားသားများ ပြန်ပေးဆွဲခံရပြီး ပြန်ပေးရွေးငွေတောင်းခံသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ဖူးသည်။ ပြန်ပေးဆွဲမှုများကို အယ်လ်ရှာဘား စစ်သွေးကြွအဖွဲ့ သို့မဟုတ် လက်နက်ကိုင်အုပ်စုများက ပြုလုပ်လေ့ရှိသည်။

**အေအက်ဖ်ပီ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် မာရှယ်ကျွန်းစုနိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီဇာဖာဒရီအား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ တွမ် ဒီ ကီဂျီနာအား ညနေ ၃ နာရီခွဲတွင်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အလားအလာများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီဇာဖာဒရီတို့ တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ တွမ် ဒီ ကီဂျီနာတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗြိတိန်သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ တွေ့ဆုံ

**နေပြည်တော် မေ ၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Patrick သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ယနေ့တွင် ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အနာဂတ်တွင် ဗြိတိန်နိုင်ငံနှင့် ပိုမိုလက်တွဲ၍ဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာဘာသာရပ် မေးခွန်းပုံစံသစ်အတွက် ရှင်းလင်းတင်ပြချက်

ဒေါက်တာချိုဝင်း၊ ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

**သင်္ချာဘာသာရပ်မေးခွန်းပုံစံသစ်၏ အဓိကရည်ရွယ်ချက်များမှာ-**

(၁) ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ်ကို ပိုမိုစိတ်ဝင်စားလာစေပြီး သင်ရိုးပြဋ္ဌာန်းချက် သင်ခန်းစာအားလုံးကို လွှမ်းခြုံလေ့လာနိုင်စေရန်၊

(၂) အဖြေကို အလွတ်ကျက်မှတ်ဖြေဆိုခြင်းထက် သင်ခန်းစာအားလုံးကို ကိုယ်ပိုင်ဉာဏ်စွမ်းရှိသလောက် စဉ်းစားတွေးခေါ်လေ့လာသင်ယူနိုင်စေရန်၊

(၃) ရွေးချယ်စရာ မေးခွန်းအရေအတွက်များခြင်းကြောင့် သင်ခန်းစာအချို့ကို ရှောင်လွှဲ၍ဖြေဆိုခြင်းဖြင့် တတ်မြောက်မှုအားနည်းခြင်းများ ကင်းဝေးလာစေရန်၊

(၄) သင်္ချာဘာသာရပ်သဘောကို အကဲဖြတ်တတ်စေပြီး သင်ခန်းစာသင်ယူတတ်မြောက်ခြင်းကို အထောက်အကူဖြစ်စေရန်၊

(၅) အခန်းအချို့ကိုသာ အပိုင်ကျက်မှတ်ဖြေဆိုပြီး အမှတ်များများရခြင်းကို လျော့ပါးလာစေရန်တို့ ဖြစ်ပါသည်။

မေးခွန်းပုံစံသစ်သည် မေးခွန်းပုံစံအားလုံး အလုံးစုံပြောင်းလဲခြင်းမျိုး မဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ၏ သင်္ချာဘာသာရပ်အပေါ် စိတ်ဝင်စားမှု၊ ကိုယ်ပိုင်ဉာဏ်စွမ်းရှိမှု၊ ကျွမ်းကျင်တတ်မြောက်သိနားလည်မှုတို့ကို အခြေခံ၍ မေးခွန်းပုံစံအချို့ ပြောင်းလဲခြင်းသာဖြစ်ပါသည်။ မေးထားသော မေးခွန်းများကို သေချာစွာနားမလည်ဘဲ အဖြေကို မှန်းဆထည့်ခြင်း၊ အက္ခရာစဉ်ကို တန်းစီရေးချဖြေဆိုခြင်းများဖြင့် အမှတ်ရသော မေးခွန်းများ မပါဝင်ပါ။ ထို့ကြောင့် ယခုမေးခွန်းပုံစံသစ်တွင် စဉ်းစားတွေးခေါ်မှုကို အခြေခံသော လွယ် သင့် ခက် မျှတသော မေးခွန်းများ ပိုမိုပါဝင်လာပါမည်။

ယခုမေးခွန်းပုံစံအသစ်မှာ Multiple Choice မေးခွန်းများ မပါဝင်တော့ဘဲ SECTION (A)၊ SECTION (B)နှင့် SECTION (C) ဟူ၍ အပိုင်း(၃)ပိုင်း ပါဝင်မည်ဖြစ်ပါသည်။ မေးခွန်းအပိုင်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး သင်ခန်းစာအားလုံးလွှမ်းခြုံအောင် မေးထားသည့် မေးခွန်းဖြစ်ပါသည်။ SECTION တစ်ခုချင်းအလိုက် ရှင်းပြပါမည်။

SECTION (A) တွင် မေးခွန်း(၅)ပုဒ် မေးထားပြီး မေးခွန်းအားလုံး ဖြေဆိုရပါမည်။ အပုဒ်တိုင်းမှာ အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍ မေးထားပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၃)မှတ်ပေးထားပါသည်။ စုစုပေါင်း (၃၀)မှတ်ဖြစ်သည်။ Chapter 1 to 7 မှ အပုဒ်ခွဲ(၆)ပုဒ်နှင့် Chapter 8 to 12 မှ အပုဒ်ခွဲ (၄)ပုဒ် မေးမှာဖြစ်ပြီး စုစုပေါင်းအပုဒ်ခွဲ (၁၀)ပုဒ် ပါဝင်မည်ဖြစ်သည်။ အပုဒ်ခွဲ (၁၀)ပုဒ်တွင် Chapter (4) နှင့် Chapter (9) အခန်းများမှ မေးခွန်းများ ပါဝင်ပါက ကျန်သော SECTION များတွင် မေးမည်မဟုတ်ပါ။

SECTION (B) တွင် Chapter 1 to 7 မှ မေးခွန်း(၅)ပုဒ် မေးထားပြီး၊ ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍ မေးမည်ဖြစ်ပြီး မေးခွန်းတစ်ပုဒ်လျှင် (၁၀) မှတ် ပေးထားပါသည်။ စုစုပေါင်း (၄၀)မှတ် ဖြစ်သည်။

SECTION (B) အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a) နှင့် (b)ကို Chapter တစ်ခုတည်းမှတွဲ၍ မေးမည်မဟုတ်ပါ။ သို့သော် Chapter 1 to 7မှ Chapter များကိုသာ တွဲမေးမည်ဖြစ်ပြီး ဘာသာရပ် အခြေခံအနည်းငယ်ရှိရုံမျှဖြင့် ဖြေဆိုနိုင်သော မေးခွန်းများ ပါဝင်ပါမည်။ မေးခွန်းတစ်ခုစီတွင် ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) အတွဲတိုင်းသည် မတူညီသော အတွဲများ မေးမည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်မှုအနည်းငယ်သာ ပါဝင်သော မေးခွန်းများပါဝင်ပါမည်။ Chapter 1 to 7 မှ Chapter အားလုံး ကျွမ်းကျင်တတ်မြောက်မှုကို စစ်မေးသော မေးခွန်းများသာ ဖြစ်သည်။

SECTION (C) တွင် Chapter 8 to 12 မှ မေးခွန်း(၄)ပုဒ် မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း (၃) ပုဒ်ကိုသာ ဖြေဆိုရမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍မေးမည်ဖြစ်ပြီး မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ် ပေးထားပါသည်။ စုစုပေါင်း (၃၀)မှတ် ဖြစ်သည်။

SECTION (C) အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့်(b) ကို Chapter တစ်ခုတည်းမှတွဲ၍ မေးမည်မဟုတ်ပါ။ မေးခွန်းတစ်ပုဒ်စီတွင် ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) အတွဲတိုင်းသည် မတူညီသော အတွဲများဖြင့် မေးမည်ဖြစ်ပါသည်။ သို့သော် သာမန်ရိုးစင်း ရှင်းလင်းလွယ်ကူသော မေးခွန်းများနှင့် စဉ်းစားတွေးခေါ်မှုကို အားပေးသော မေးခွန်းများ ပါဝင်ပါမည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအတွက် ဖြေဆိုမှုအခက်တွေ့စေမည့် ပညာပြမေးခွန်းများ မပါဝင်ပါ။ ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ်ကို ကျေညက်ပြီး စဉ်းစားတွေးခေါ်တတ်အောင် လေ့ကျင့်ပေးသည့် မေးခွန်းများသာ ပါဝင်ပါမည်။

အပိုင်း(၃)ပိုင်းလုံးအတွက် စုစုပေါင်း(၁၀၀)မှတ်ဖြစ်ပြီး ဖြေဆိုချိန် သုံးနာရီဖြစ်ပါသည်။ ဖြေဆိုရမည့် ပုံစံသိအောင် မေးခွန်းပုံစံနှင့် မေးခွန်းခွဲဝေမှုများ တင်ပြထားပါသည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြောင်းလဲအသုံးပြုမည့်မေးခွန်းပုံစံအသစ်သည် ယခင်မေးခွန်းပုံစံထက် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်ဉာဏ်စွမ်းအတွေးအခေါ်နှင့် တစ်နှစ်ပတ်လုံး ပုံမှန်လေ့လာသင်ယူလေ့ကျင့်မှုအပေါ်တွင် အားပြုဖြေဆိုနိုင်မည့် မေးခွန်းပုံစံဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအတွက် သင်္ချာဘာသာရပ်ကို ကောင်းစွာနားလည်သဘောပေါက်ပြီး မှန်ကန်စွာတွက်ချက်ဖြေဆိုနိုင်မည်ဟု ယုံကြည်ပါသည်။ နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ၁၀-၅-၂၀၁၈ ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ နမူနာမေးခွန်းတည်ဆောက်ပုံကို လေ့လာနိုင်ရန် ပူးတွဲဖော်ပြထားပါသည်။

## နမူနာမေးခွန်း တည်ဆောက်ပုံ

**2019 SAMPLE QUESTION**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**

**MATHEMATICS** — **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**

**SECTION (A)**
(Answer **ALL** questions)

1. (a) (3 marks)
   (b) (3 marks)
2. (a) (3 marks)
   (b) (3 marks)
3. (a) (3 marks)
   (b) (3 marks)
4. (a) (3 marks)
   (b) (3 marks)
5. (a) (3 marks)
   (b) (3 marks)

SECTION (A)တွင် မေးခွန်း(၅)ပုဒ် မေးထားပြီး မေးခွန်းအားလုံးဖြေဆိုရပါမည်။ အပုဒ်တိုင်းမှာ အပုဒ်ခွဲ (a) နှင့် (b)ခွဲ၍မေးမည်ဖြစ်ပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၃)မှတ်ပေးထားပါသည်။ စုစုပေါင်း(၃၀)မှတ် ဖြစ်ပါသည်။ Chapter 1 to 7 မှ အပုဒ်ခွဲ (၆) ပုဒ်နှင့် Chapter 8 to 12 မှ အပုဒ်ခွဲ (၄)ပုဒ် မေးမည်ဖြစ်ပြီး စုစုပေါင်းအပုဒ်ခွဲ(၁၀)ပုဒ်ပါဝင်ပါသည်။ အပုဒ်ခွဲ(၁၀)ပုဒ်တွင် Chapter 4 နှင့် Chapter 9 အခန်းများမှ မေးခွန်းများ ပါဝင်ပါက ကျန်သော SECTION များတွင် မေးမည်မဟုတ်ပါ။

**SECTION (B)**
(Answer any **FOUR** questions)

6. (a) (5 marks)
   (b) (5 marks)
7. (a) (5 marks)
   (b) (5 marks)
8. (a) (5 marks)
   (b) (5 marks)
9. (a) (5 marks)
   (b) (5 marks)
10. (a) (5 marks)
    (b) (5 marks)

SECTION (B) တွင် Chapter 1 to 7 မှ မေးခွန်း(၅)ပုဒ် မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍ မေးမည်ဖြစ်ပြီး စုစုပေါင်းအပုဒ်ခွဲ(၁၀)ပုဒ် မေးမည်ဖြစ်ပါသည်။ မေးခွန်းအပုဒ်ခွဲတစ်ပုဒ်လျှင် (၅)မှတ်ဖြစ်သဖြင့် မေးခွန်း တစ်ပုဒ်လျှင် (၁၀)မှတ်ဖြစ်ပါသည်။ စုစုပေါင်း(၄၀)မှတ်ဖြစ်ပါသည်။

**SECTION (C)**
(Answer any **THREE** questions)

11. (a) (5 marks)
    (b) (5 marks)
12. (a) (5 marks)
    (b) (5 marks)
13. (a) (5 marks)
    (b) (5 marks)
14. (a) (5 marks)
    (b) (5 marks)

SECTION (C) တွင် Chapter 8 to 12 မှ မေးခွန်း(၄)ပုဒ်မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၃)ပုဒ်ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b)ခွဲ၍ မေးမည်ဖြစ်ပြီး စုစုပေါင်းအပုဒ်ခွဲ (၈)ပုဒ်မေးမည်ဖြစ်ပါသည်။ မေးခွန်းအပုဒ်ခွဲတစ်ပုဒ်လျှင် (၅)မှတ်ဖြစ်သဖြင့် မေးခွန်း တစ်ပုဒ်လျှင် (၁၀)မှတ်ဖြစ်ပါသည်။ စုစုပေါင်း(၃၀)မှတ်ဖြစ်ပါသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန် မာစီရယ်လ်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ရပ်တည် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များနှင့် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Patrick အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော် အနေဖြင့် တိုင်းပြည်က အားထားရပြီး ပြည်သူလူထုက ယုံကြည်အားကိုးရသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်နေ သည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ကဏ္ဍအသီးသီးတွင် တပ်မတော်မှ ပူးပေါင်း ဆောင်ရွက်နေမှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်နှင့် ရန်ကုန်ရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ စတူဒီယိုများနှင့် နေပြည်တော်ဝန်းကျင်နေရာများတွင် ရုပ်ရှင်ရိုက်ကူးနိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၃**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြုလုပ်သည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာ ဇော်မြင့်ဦးနှင့် ဦးကြည်မင်းသိန်းတို့က နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံတွင် ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသော Large Studio၊ Virtual Studio နှင့် 5.1 Surround Sound Studio များ၊ ၎င်းနေရာရှိ ရုံးခန်းများနှင့် ပန်းခြံများ၊ ၎င်းပတ်ဝန်းကျင်နှင့် နေပြည်တော်ရှိ နေရာများစွာတွင် မြို့ပြနှင့် ကျေးလက်တောရွာဆိုင်ရာ ရိုက်ကွင်းများစွာ ရိုက်ကူးနိုင်မည့် အခြေအနေများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ ပြင်ဦးလွင်နှင့် ပုပ္ပားတောင်တစ်ဝိုက်တွင် ရိုက်ကူးသကဲ့သို့ နေပြည်တော်တွင်လည်း အဆင်ပြေချောမွေ့စွာ ရိုက်ကူးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်နှင့် ရန်ကုန်ရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ စတူဒီယိုများနှင့် ဆက်စပ်နေရာများ၊ နေပြည်တော်ရှိ နေရာများစွာတွင် ရုပ်ရှင်ရိုက်ကူးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးမှုများ အဆင်ပြေချောမွေ့လာမှုနှင့်အတူ ပြည်တွင်းပြည်ပမှ စိတ်ကူးစိတ်သန်းကောင်းများဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လုပ်ကိုင်လာစေရန် ရည်ရွယ်ပြီး တတ်ကျွမ်းနားလည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် မြန်မာနိုင်ငံ သတင်းမီဒီယာစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲကို မေ ၅ ရက် (စနေနေ့)နှင့် မေ ၆ ရက် (တနင်္ဂနွေနေ့) တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲတွင် စာတမ်း ၁၀ စောင် ဖတ်ကြားသွားမည်ဖြစ်ပြီး ဦးအုန်းကြိုင် (MPC)က မြန်မာ့ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင်ပီပြင်စွာရပ်တည်ရေး၊ ဒေါက်တာမောင်မောင်စံ (MPC) က ဂျင်မီရဲ့ ကမ္ဘာ ကျွန်တော်တို့ရဲ့ကမ္ဘာ၊ ဦးဇေယျ (MPC)က ရခိုင်ပြည်နယ်အရေးနှင့် ငြိမ်းချမ်းရေး သတင်းစာပညာအသုံးအနှုန်း၊ ဦးရဲမြင့်ဖေက သတင်းသမားဘဝ ဖြတ်သန်းခဲ့ရခြင်းပုံရိပ်၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)(စာရေးဆရာအသင်း)က သတင်းသမားများနှင့် မီဒီယာကျင့်ဝတ်၊ ဒေါက်တာတင်လှိုင်(MPC)က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအစတည်ပုံနှင့် အနာဂတ်အတွက် ဆောင်ရွက်သင့်သည်များ၊ ဦးမြတ်ခိုင် (မြန်မာနိုင်ငံ သတင်းစာဆရာအသင်း)က သတင်းလွတ်လပ်ခွင့် တိုက်ပွဲများ၊ ဦးချစ်ဝင်းမောင် (မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ-MJU)က NLD အစိုးရလက်ထက် မြန်မာ့သတင်းမီဒီယာလွတ်လပ်မှု အခြေအနေကို လေ့လာသုံးသပ်ခြင်း၊ ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်(MPC)က ပြည်သူ့ကျန်းမာရေးနှင့် သတင်းမီဒီယာကဏ္ဍ၊ ဦးနိုင်မောင်၊ ဦးကြည်နိုင် (မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ-MWU)က မျက်မှောက်ခေတ် သတင်းမီဒီယာလောကကို တစေ့တစောင်းအကဲခတ်ခြင်း စသည့် စာတမ်းများ ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သတင်းမီဒီယာလုပ်ငန်းများကို လည်းကောင်း၊ စာအုပ်ဆိုင်များကိုလည်းကောင်း ခင်းကျင်းပြသနိုင်ရေးအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်၌ ဆိုင်ခန်းငယ်များ ထားရှိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး မေးခွန်းများ မေးမြန်းဆွေးနွေးနိုင်ကြောင်းနှင့် ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်အမှာစကားပြောကြားစဉ်။

❂ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ညီလာခံကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်မှူးများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အာဆီယံသီချင်းဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကြသည်။

**မင်္ဂလာရွှေမောင်းတီးခတ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မင်္ဂလာရွှေမောင်းကို တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားရာ၌ ယခုဆိုလျှင် ၁၉၇၀ ပြည့်နှစ်မှ စတင်ကျင်းပလာသည့် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ၏ သက်တမ်းသည် ၄၈ နှစ်ထဲကို ချင်းနင်းဝင်ရောက်လာပြီဖြစ်ပါကြောင်း၊ ညီလာခံကျင်းပရသည့် ရည်ရွယ်ချက်က အရှေ့တောင်အာရှဒေသတွင်းရှိ စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာစာကြည့်တိုက်အဝန်းအဝိုင်းထဲကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လုပ်ဆောင်နိုင်ရန် ဖြစ်ပါကြောင်း။

**ညီညွတ်သည့်အဖွဲ့**

နောက်ရည်ရွယ်ချက်တစ်ခုမှာ စာကြည့်တိုက်များသည် သုတ၊ ရသပညာရပ်များနှင့် သတင်းအချက်အလက်များကို ဖြန့်ဖြူးမျှဝေပေးသည့်နေရာဖြစ်လာရန်၊ စာကြည့်တိုက်မှူးများ တွေ့ကြုံနေရသည့်အခက်အခဲများ၊ ပြဿနာများနှင့်ပတ်သက်ပြီး အတွေ့အကြုံများ ဖလှယ်ဆွေးနွေးနိုင်သည့်နေရာဖြစ်လာရန်၊ ဒေသတွင်းရှိ စာကြည့်တိုက်များအချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုများပေးနိုင်ရန် ဖြစ်ပါကြောင်း၊ အရှေ့ တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံသည် ရှည်ကြာသည့်သမိုင်းကြောင်းရှိသော အဖွဲ့အစည်းပီပီ အင်အားရှိပြီး စုစည်းညီညွတ်သည့်အဖွဲ့ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

အနာဂတ် စာကြည့်တိုက်များအတွက် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုသည့် ခေါင်းစဉ်အရ တင်သွင်းဖတ်ကြားမည့် စာတမ်းများကို တက်ရောက်လာကြသူများအနေဖြင့် လွတ်လွတ်လပ်လပ် ဝေဖန်ဆွေးနွေးကြမည်ဟု သိရပါကြောင်း။

**ဝေမျှချိတ်ဆက်**

ညီလာခံ၏ရည်ရွယ်ချက်မှာ အနာဂတ်ကာလ၌ ဖြစ်ပေါ်ပြောင်းလဲလာမည့် စာကြည့်တိုက်များ၏အခန်းကဏ္ဍနှင့် သတင်းအချက်အလက်ဖြန့်ဖြူးဝန်ဆောင်မှုပေးမည့်လုပ်ငန်းအပေါ် အထူးအလေးထားကြောင်းသိရသဖြင့် အနာဂတ်လုပ်ငန်းစဉ်များအတွက် တွေ့ကြုံရမည့် စိန်ခေါ်မှုများသည် စိတ်ဝင်စားစရာ၊ စိတ်လှုပ်ရှားစရာ ကောင်းလှပါကြောင်း၊ အနာဂတ်စာကြည့်တိုက်မျိုးဆက်သစ်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုများကို တစ်ဦးနှင့်တစ်ဦး ဝေမျှချိတ်ဆက် ပူးပေါင်းဆောင်ရွက်ပြီး ဒစ်ဂျစ်တယ်နည်းပညာကို ဆက်လက်တီထွင်လုပ်ကိုင်နိုင်ရေး ရှေးရှုလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်လျှောက်လှမ်းရမည့် ရည်မှန်းချက်ပန်းတိုင်တိုင်းတွင် စိန်ခေါ်မှုများ၊ အခက်အခဲများရှိမည်မှန်သော်လည်း အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံကဲ့သို့ အပေါင်းလက္ခဏာဆောင်သော စာကြည့်တိုက်အဝန်းအဝိုင်းရှိနေသည့်အတွက် အနာဂတ်စာကြည့်တိုက်များသည် အင်ပြည့်အားပြည့်နှင့် အပေါင်းလက္ခဏာဆောင်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ပုံဖော်နိုင်မည် ဧကန်ဖြစ်ပါကြောင်း။

**ပျော်ရွှင်နှစ်လိုဖွယ်နေရာ**

မိမိအနေဖြင့် ယခုညီလာခံတွင် ပါဝင်ပြောဆိုခွင့်ရသည်ကို အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ စာကြည့်တိုက်ဆိုသည်မှာ ပျော်ရွှင်နှစ်လိုဖွယ်နေရာတစ်ခု၊ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် ဝန်းကျင်တစ်ခုဖြစ်ပြီး စိတ်ကူးယဉ်နိုင်ပါသေးကြောင်း၊ စာဖတ်ခြင်းကြောင့် တွေးခေါ်မြော်မြင်မှုများ၊ မျှော်လင့်ချက်များနှင့် စိတ်ကူးများကို ပိုမိုအားကောင်းလာနိုင်စေပါကြောင်း။

**လေ့ကျင့်ပျိုးထောင်**

စာဖတ်ခြင်းသည် ကလေးတစ်ယောက်၏ ဘဝတွင် လေ့လာစရာများကို လေ့လာပြီး အောင်မြင်မှုရရန်အတွက် အခြေခံအကျဆုံး အရည်အသွေးများကို ပေးစွမ်းနိုင်ပါကြောင်း၊ စာဖတ်သည့်အလေ့အထကို ကလေးများရရှိရန် ငယ်ရွယ်စဉ်ကတည်းကစပြီး လေ့ကျင့်ပျိုးထောင်ပေးသင့်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းအတွင်း ကျောင်းစာကြည့်တိုက်များ တိုးပွားလာရေးနှင့် စာကြည့်တိုက်အသုံးပြုတတ်ကြစေရေး လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာရေးသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ရုံသာမက ကျောင်းသား ကျောင်းသူလေးများ စာပေ၊ လူမှုရေး သိပ္ပံ၊ သမိုင်းနှင့် လူ့သဘောသဘာဝအကြောင်းများကို ချစ်မြတ်နိုးတတ်လာစေရေး စာကြည့်တိုက်များက လေ့ကျင့်ပျိုးထောင်ပေးရန်လိုပါကြောင်း။

**အားထည့်ကြိုးပမ်း**

လက်ရှိကာလတွင် မိမိတို့အစိုးရက မြန်မာနိုင်ငံ၌ စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာစေရေး ကြိုးစားဆောင်ရွက်နေပါကြောင်း၊ စာကြည့်တိုက်များ ပြောင်းလဲတိုးတက်လာစေရေး စာကြည့်တိုက်မှူးများ၏ စိတ်အားထက်သန်မှုများ မြင့်မားလာနေပါကြောင်း၊ စာကြည့်တိုက်များသည် သတင်းအချက်အလက်ရယူရေး နည်းပညာတတ်ကျွမ်းစေမည့်အစီအစဉ်များကို ပူးတွဲလုပ်ဆောင်ပေးခြင်းမှတစ်ဆင့် လူထု၏ ဘဝတစ်သက်တာ ပညာရှာမှီးသည့်နေရာများအဖြစ် အသုံးချလာစေရန် မိမိတို့ ပေါင်းစပ်ပြီး အားထည့်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

**အခြေခံကျ**

ယနေ့ရောက်ရှိနေသည့်ပညာခေတ်ကြီးတွင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍများသည်လည်း ပြောင်းလဲလာပါကြောင်း၊ စာကြည့်တိုက်များသည် သတင်းအချက်အလက်နှင့် ပညာရှာမှီးရန် အဓိကသော့ချက်ကျသော နေရာများအဖြစ် ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ထို့ပြင် လူ့အဖွဲ့အစည်းအတွက် စာကြည့်တိုက်များသည် သုတပညာနှင့် ယဉ်ကျေးမှုကို ဝင်ရောက်ရှာဖွေ၍ ရသည့်နေရာအဖြစ် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးကြသည့် စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်များသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြသည်ကို မှတ်မှတ်ထင်ထင် အသိအမှတ်ပြုကြမည်ဖြစ်ပါကြောင်း။

**ပြင်ဆင်မွမ်းမံ**

အမျိုးသားစာကြည့်တိုက်နှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့သမိုင်း သုတေသနဌာနသည် မြန်မာစာပေအမွေအနှစ်များကို ထိန်းသိမ်းရာဗဟိုဌာနများဖြစ်သည်ဟု အမျိုးသားစာကြည့်တိုက်က ရှုမြင်ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ တစ်နံတစ်လျား၌ ပျံ့နှံ့နေသည့် ပေပုရပိုက်များကို ပြန်လည်စုဆောင်းပြီး ပြုပြင်ထိန်းသိမ်းရမည့်တာဝန်ကလည်း အမျိုးသားစာကြည့်တိုက်၏ တာဝန်ဖြစ်ပါကြောင်း၊ စုဆောင်းထိန်းသိမ်းထားသည့် ပေပုရပိုက်များ ပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်းကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) နှစ်နေရာလုံးက တာဝန်ယူဆောင်ရွက်နေကြပါကြောင်း၊ ရန်ကုန်မြို့လယ်၌ တည်ရှိပြီး ရန်ကုန်ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့က ရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ထားသည့် ကိုလိုနီခေတ်အဆောက်အအုံတစ်ခုတွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ခေတ်မီစာကြည့်တိုက်သစ်တစ်ခုအဖြစ် ဖွင့်လှစ်ရန် ပြန်လည်ပြင်ဆင်မွမ်းမံလျက်ရှိပါကြောင်း။

**ကြိုးစားဆောင်ရွက်**

အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသည် မြန်မာနိုင်ငံတစ်ဝန်း စာဖတ်ရှိန်မြင့်မားလာရေး၊ စာကြည့်တိုက်များကို ပိုမိုလက်လှမ်းမီ သုံးစွဲခွင့်ရရေး၊ နည်းပညာအသုံးပြုမှု မြင့်မားလာရေးတို့ကို ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် စာဖတ်သူများကို မှန်ကန်သော သတင်းအချက်အလက်များပေးနိုင်ရေး၊ စာကြည့်တိုက်များ အသွင်ပြောင်းလာရေးနှင့် စာကြည့်တိုက်မှူးများ စွမ်းဆောင်ရည်မြင့်မားလာရေးကိုလည်း မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် အာရှဖောင်ဒေးရှင်းတို့၏ ကူညီပံ့ပိုးမှုနှင့်အတူ ကျောင်းစာကြည့်တိုက်များကို ပြန်လည်အားသစ်လောင်းသည့် လုပ်ငန်းများကိုလည်း မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက လုပ်ဆောင်နေပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးလက်တောရွာဒေသများ၌ နေထိုင်သူ ၇၀ ရာခိုင်နှုန်းရှိပြီး ကျေးလက်လူထုအများစုသည် စာကြည့်တိုက်သုံးစွဲခွင့်ရရန် လက်လှမ်းမမီကြပါကြောင်း၊ ထို့ကြောင့်

**စာမျက်နှာ ၁၀ သို့ ❋**




(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသည့်ဧည့်သည်တော်များ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

# (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံမှ စကားသံများ

**"အနာဂတ် စာကြည့်တိုက်များအတွက် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေး"ဟူသည့် ခေါင်းစဉ်ဖြင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို နေပြည်တော်တွင် ကျင်းပလျက်ရှိပြီး အရှေ့တောင်အာရှ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ အချင်းချင်းပူးပေါင်းချိတ်ဆက်မှု ပိုမိုအားကောင်းလာစေမည့် ညီလာခံလည်းဖြစ်သည်။ အဆိုပါညီလာခံသို့ အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသနိုင်ငံများမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသူများ ပါဝင်တက်ရောက်ကြပြီး ပါဝင်တက်ရောက်ကြသူအချို့၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။**


ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို


ဦးအောင်မြင့်


Namtip Wipawin


ဒေါ်နှင်းရည်


ဦးသန်းအောင်


ဦးခင်မောင်အေး


Ms. Christine Mackenzie


Ms. Rima Kuprytе

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

သုံးနှစ်မှာ တစ်ကြိမ်ကျင်းပတဲ့ ညီလာခံဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ အခုမှ ပထမဆုံးလက်ခံကျင်းပတာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှ စာကြည့်တိုက်များ ညီလာခံဆိုပေမယ့် အရှေ့တောင်အာရှ ၁၀ နိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသက နိုင်ငံတွေပါ တက်ရောက်ကြပါတယ်။ ညီလာခံမှာ စာတမ်းတင်ပြီး ဆွေးနွေးမယ့် ပုဂ္ဂိုလ်တွေရှိသလို မြန်မာနိုင်ငံမှာ ညီလာခံ ပထမဆုံး ကျင်းပတာကို လေ့လာချင်လို့လာတဲ့ လေ့လာသူတွေလည်း တက်ကြပါတယ်။ ကိုယ်စားလှယ်နဲ့ လေ့လာသူပေါင်း ၇၀၀ ကျော်တက်တဲ့ ညီလာခံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စာကြည့်တိုက်ယဉ်ကျေးမှုက မှေးမှိန်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

ကျောင်းသား၊ ဆရာနဲ့ သုတေသီတွေအနေနဲ့ စာကြည့်တိုက်ကိုသွားတာ အားနည်းပါတယ်။ ဒီဘက်ခေတ်မှာ ကျောင်းသား ကျောင်းသူ ကလေးငယ်တွေက စာကြည့်တိုက်ဆိုတာ ဘာမှန်းတောင် မသိတော့ပါဘူး။ ဒါကြောင့် စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍကို လူငယ်တွေ၊ မျိုးဆက်သစ်တွေ ပိုမိုစိတ်ဝင်စားလာအောင် မြှင့်တင်ပေးဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာပညာရှင်တွေနဲ့တိုင်ပင်ပြီး ဒီညီလာခံကို လက်ခံခဲ့တာ ဖြစ်ပါတယ်။

ညီလာခံကျင်းပတဲ့အတွက် ပထမအဆင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)နဲ့ နေပြည်တော်၊ ဒုတိယအဆင့် တက္ကသိုလ်စာကြည့်တိုက်တွေ၊ တတိယအဆင့် ပြန်ကြားရေးဝန်ကြီးဌာနမှာရှိတဲ့ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး စာကြည့်တိုက်တွေကို အဆင့်မြှင့်တင်ပေးပြီး အချင်းချင်းချိတ်ဆက်ဖို့အတွက် ဆက်လက်စီစဉ်သွားမှာ ဖြစ်ပါတယ်။ စာကြည့်တိုက်တွေကို ဒစ်ဂျစ်တယ်စာကြည့်တိုက်ဖြစ်အောင် ဆက်လက်တည်ဆောက်ပါမယ်။ မကြာခင်နှစ်ပိုင်းအတွင်းမှာ အာဆီယံနိုင်ငံတွေ၊ အာရှ-ပစိဖိတ်နိုင်ငံတွေမှာရှိတဲ့ စာကြည့်တိုက်တွေနဲ့ ချိတ်ဆက်နိုင်ဖို့ လမ်းပွင့်သွားပါတယ်။ ညီလာခံကို တက်ရောက်လာကြတဲ့ နိုင်ငံတကာက ကိုယ်စားလှယ်တွေ၊ လေ့လာသူတွေကလည်း အခုလို စီမံပြင်ဆင်ထားမှုအပေါ်မှာ ကျေနပ်အားရကြပါတယ်။ အလွတ်ကျက် ပညာရေးစနစ်ကနေ ရုန်းထွက်ပြီး ကျောင်းသားနဲ့ သုတေသီတွေ အခြေပြုတဲ့ ပညာရေးစနစ်ကို တက်လှမ်းတဲ့အခါမှာ အထောက်အကူပြုနိုင်ဖို့အတွက် စာကြည့်တိုက် ညီလာခံ ကျင်းပနိုင်ခြင်းဟာ သမိုင်းဝင်တဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်ခဲ့ပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်**
**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

လူငယ်တွေ စာကြည့်တိုက်အပေါ်မှာ စိတ်ဝင်စားပြီး တစ်နိုင်ငံလုံးက စာကြည့်တိုက်ကို မှီခိုအားထားပြီးတော့ စာပေတွေ လေ့လာနိုင်မယ်။ သုတေသနပြုချက်တွေ ဆောင်ရွက်နိုင်မယ်။ နည်းပညာဗဟုသုတတွေ ဆောင်ရွက်နိုင်တယ်။ ဒါကြောင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးအရေးကြီးပါတယ်။ ကျွန်တော်တို့ နိုင်ငံကလည်း စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့အတွက် အစိုးရအနေနဲ့လည်း ရည်မှန်းချက်ရှိပါတယ်။ ဒီညီလာခံကြီးကလည်း ကျွန်တော်တို့အတွက် အတွေ့အကြုံတွေ အများကြီးရပါတယ်။ ဒီလိုရတဲ့အတွေ့အကြုံတွေကို မူတည်ပြီးတော့ အမျိုးသားစာကြည့်တိုက်တွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ ပြင်ဆင်လျက်ရှိပါတယ်။ ညီလာခံမှာ စာတမ်း ၈၀ လောက်ဖတ်မှာ ဖြစ်ပါတယ်။

**Associate Professor Namtip Wipawin**
**Sukhothai Thammathirat Open University**

ညီလာခံမှာ ဆွေးနွေးမယ့် ခေါင်းစဉ်တွေကတော့ အစုံပါပဲ။ အားလုံးစိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒီမနက် ညီလာခံဖွင့်ပွဲမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ပြီးတော့ ပြောတဲ့မိန့်ခွန်းက ညီလာခံအတွက် အလွန်အဖိုးတန်ပါတယ်။ ပြီးတော့ ဖွင့်ပွဲမှာ ကပြဖျော်ဖြေမှုကိုလည်း ညီလာခံတက်ရောက်တဲ့သူတွေ စိတ်ဝင်စားကြတယ်။ ကျွန်မလည်း သဘောကျတယ်။ ကျွန်မက နေပြည်တော်ကို ပထမအကြိမ် ရောက်ဖူးတာဖြစ်ပါတယ်။ ပထမဆုံးအကြိမ်ဆိုတော့ အားလုံးဟာ စိတ်ဝင်စားစရာ ဖြစ်နေတယ်။ ညီလာခံနဲ့ ပတ်သက်တာရော၊ တခြားအရာတွေရော လေ့လာစရာတွေ အများကြီး တွေ့ပါတယ်။ ပြီးခဲ့တဲ့ ညီလာခံကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံမှာ ညီလာခံ လက်ခံကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလိုလက်ခံကျင်းပတဲ့အတွက် လာရောက်လေ့လာခွင့်လည်း ရရှိခဲ့တာဖြစ်ပါတယ်။

**ဦးစီးအရာရှိ ဒေါ်နှင်းရည်**
**မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

ဒီလို ညီလာခံတွေကို တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်မတို့ နယ်တွေမှာ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေ ဆောင်ရွက်ပေးတဲ့အခါ အထောက်အပံ့အများကြီး ဖြစ်ပါတယ်။ ပြည်သူလူထုက စာကြည့်တိုက်တွေကို အတော်စိတ်ဝင်စားလာတာ တွေ့ရပါတယ်။ စာကြည့်တိုက်ကနေ ပြည်သူလူထုကို အသိပညာပေးတယ်ဆိုတဲ့ အသိလေးရရှိလာကြတယ်။ စာပေဖတ်ရှုခြင်းကြောင့် ဘဝအတွက် တိုးတက်ပြောင်းလဲသွားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကျေးရွာစာကြည့်တိုက်တွေကို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင် ဆောင်ရွက်နေတာတွေ ရှိပါတယ်။

**ဦးသန်းအောင်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်များညီလာခံကို ၁၉၇၀ ပြည့်နှစ်က စလုပ်ခဲ့တာ အခုဆို ၄၈ နှစ်ရှိပြီဖြစ်ပါတယ်။ သုံးနှစ်တစ်ကြိမ်ပါ။ ၂၀၁၅ ခုနှစ်တုန်းက ဘန်ကောက်မှာ (၁၆)ကြိမ်မြောက်လုပ်တယ်။ အဲဒီမှာ လက်ခံမကျင်းပရသေးတဲ့ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအို သုံးနိုင်ငံထဲမှာ မြန်မာကို လက်ခံကျင်းပဖို့ ပြောတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ၂၀၁၆ ခုနှစ်က အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆိုပြီး လုပ်တယ်။ ၂၀၁၇ ခုနှစ်မှာ တစ်ခါ ထပ်လုပ်တယ်။ ဒီကနေ ညီလာခံကို နေပြည်တော်မှာ ကျင်းပဖို့ ဆွေးနွေးခဲ့ကြတယ်။ ပြီးတော့ ဆောင်ပုဒ်က ဘာလုပ်မလဲ ဆွေးနွေးကြတယ်။ ဆောင်ပုဒ်ကို အဖွဲ့ဝင် ၁၀ နိုင်ငံက တစ်နိုင်ငံကို သုံးယောက် ကိုယ်စားပြုပြီး အယောက် ၃၀ ကနေ ဆောင်ပုဒ်တွေကို အဆိုပြုကြတယ်။ ဒါကို ဆန္ဒပြုရွေးချယ်ခဲ့တာပါ။ ပြီးတော့ ဒီကနေ့ ဆောင်ပုဒ်ကို အထောက်အကူပြုမယ့် ဆောင်ပုဒ် ၁၀ ခုကိုလည်း ရွေးချယ်ခဲ့တယ်။ ဒီ ၁၀ ခုနဲ့ပတ်သက်ပြီး အာဆီယံနိုင်ငံတွေရော ဂျပန်၊ ကိုရီးယား၊ သြစတြေးလျ၊ အိန္ဒိယနဲ့ ဘူတန်အထိ အားလုံးက စာတမ်း ၂၃၀ ရတယ်။ ၂၃၀ က ဖတ်လို့မနိုင်ဘူး။ ကျွန်တော်တို့ ၉၀ လောက်ရအောင် ပြန်ပြီးလေ့လာဆန်းစစ်တယ်။ ပြီးတော့ စာတမ်း ၉၀ ကို ရွေးတယ်။ ကျန်တဲ့ စာတမ်းတွေကိုတော့ ပိုစတာအပိုင်းမှာ ပြသထားတယ်။ အဓိကကတော့ သတင်းအချက်အလက်နဲ့ပတ်သက်တာကို အဓိကထားတယ်။ စာကြည့်တိုက်ဆိုတာ စာပေဖတ်ဖို့ တစ်ခုတည်းတင်မဟုတ်ဘဲ သတင်းအချက်အလက်တွေကိုပါ ထောက်ပံ့ပေးနိုင်တဲ့ နေရာဆိုတာကိုပါ အသိပေးပါတယ်။

**စာကြည့်တိုက်မှူး ဦးခင်မောင်အေး (ရောင်ခြည်ဦးစာကြည့်တိုက်)**
**မြင်းခြံမြို့နယ် ကြီးပင်ကန်ကျေးရွာအုပ်စု**

ကျေးရွာစာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်နဲ့ တက်ရောက်ခြင်းဖြစ်ပါတယ်။ ကျေးရွာနေပြည်သူတွေဟာ အသိပညာ နည်းပါးတာကို တွေ့ရပါတယ်။ အားနည်းချက်ရှိတဲ့အတွက်ကြောင့် စာပေလေ့လာလိုက်စားမှုသာလျှင် တစ်ဦးချင်းတိုးတက်မှုကနေ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထိ အထောက်အကူပြုမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုရဲ့ စာကြည့်တိုက်ဆိုရင် ကိုယ်ထူကိုယ်ထလုပ်ထားတဲ့ စာကြည့်တိုက်လေးပါ။ စာအုပ်တွေကတော့ အထိုက်အလျောက် ပြည့်စုံတယ်။ စာဖတ်ဖို့ကျတော့ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ကလေးက ကျဉ်းနေတယ်။ ဒီလိုမျိုးလိုအပ်ချက်လေးတွေ စာကြည့်တိုက်တွေမှာ ရှိတတ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်တွေကို အများကြီးထောက်ပံ့ပေးစေချင်တယ်။ အေးအေးချမ်းချမ်းနဲ့ အဆင်ပြေပြေ စာဖတ်လို့ ရစေချင်တယ်။ စာကြည့်တိုက်မှာ စာလာဖတ်ချင်အောင် ဆွဲဆောင်နိုင်တဲ့အထိပါ။

**Ms. Christine Mackenzie**
**President**
**The International Federation of Library Associations and Institutions (IFLA)**

အများပြည်သူနဲ့ဆိုင်တဲ့ စာကြည့်တိုက်တွေ၊ ကျောင်းစာကြည့်တိုက်တွေက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်ကိုအရေးပါပါတယ်။ အခုညီလာခံက အလွန်ကို ကြီးကျယ်ခမ်းနားတဲ့ အခိုက်အတန့် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးငယ်တွေ စာတတ်မြောက်မှုနဲ့ စာကြည့်တိုက်တွေနဲ့ပတ်သက်ပြီး သင်ယူလေ့လာနိုင်ဖို့၊ စာဖတ်လိုတဲ့စိတ် ကိန်းအောင်းလာဖို့ ကြိုးကြိုးစားစားနဲ့ လက်တွဲဆောင်ရွက်နေတဲ့ ကျောင်းစာကြည့်တိုက်မှူး ၂၀၀ ကျော်က ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ လူတွေဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်နေပါစေ အဲဒါက ပြဿနာမဟုတ်ဘဲ လူအချင်းချင်း တစ်ဦးဆီက တစ်ဦး သင်ယူလေ့လာနိုင်တယ်လို့ ကျွန်မ ထင်ပါတယ်။

မြန်မာနိုင်ငံက ဒီ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို လက်ခံကျင်းပနိုင်တာဟာ တကယ်ကို စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ဒါကြောင့် စာကြည့်တိုက်ပညာရှင်တွေဟာ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်နိုင်တယ်ဆိုတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလို လုပ်ဆောင်နေပြီး စာကြည့်တိုက်တွေက ဘယ်လိုအရေးကြီးတယ်ဆိုတာကို အစိုးရက နားလည်ရမှာဖြစ်ပါတယ်။ ဒေသတွင်းက စာကြည့်တိုက်တွေမှာ ရှေးဟောင်းအမွေအနှစ်တွေ၊ မှတ်တမ်းတွေနဲ့ စုဆောင်းထားတဲ့ ပစ္စည်းတွေကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်တယ်၊ ပြည်သူလူထုကို ဘယ်လို ဝန်ဆောင်မှုတွေ ပေးတယ်၊ ပုဂ္ဂလိကစာကြည့်တိုက်တွေအတွက် အစီအစဉ်တွေ ကျွန်မတို့ ကြည့်ရှုစစ်ဆေးပါတယ်။ ဒါကြောင့် ဒါဟာ အလွန်ကို ကျယ်ပြောတဲ့ အစီအစဉ်တွေ ဖြစ်ပါတယ်။ နောက်လာမယ့်နှစ်ရက် အစည်းအဝေးကာလအတွင်း ဒေသတွင်းက စာကြည့်တိုက်တွေနဲ့ပတ်သက်လို့ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီအခမ်းအနားကို တက်ရောက်နေတဲ့ မြန်မာနိုင်ငံက ကိုယ်စားလှယ်တွေအားလုံးအနေနဲ့ အတွေ့အကြုံတွေ အများကြီးလေ့လာသင်ယူနိုင်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။

**Ms. Rima Kuprytе**
**Managing Director**
**Electronic Information for Libraries**

ကျွန်မတို့အဖွဲ့အစည်းက အကျိုးအမြတ်မဟုတ်တဲ့ နိုင်ငံတကာ အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်မှာ စာကြည့်တိုက်ဖွံ့ဖြိုးရေးကို လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း စာကြည့်တိုက်ဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်ပြီး ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ကျွန်မတို့ မြန်မာနိုင်ငံကို ၂၀၁၃ ခုနှစ်ကတည်းက လာရောက်လည်ပတ်ခဲ့ပါတယ်။ အစမှာတော့ အီလက်ထရွန်နစ်စာအုပ်တွေ၊ အီလက်ထရွန်နစ်ဂျာနယ်တွေ လက်လှမ်းမီဖတ်ရှုနိုင်ဖို့၊ စာကြည့်တိုက်မှူးတွေသာမက ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေကို သင်တန်းတွေပို့ချဖို့ မြန်မာနိုင်ငံက ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့နဲ့ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။

အီလက်ထရွန်နစ်ကိုအခြေခံတဲ့ စာတတ်မြောက်မှုနဲ့ အချက်အလက်ကို အခြေခံတဲ့ သတင်းပြန်ကြားမှုတွေကို ပို့ချမှုတွေပြုလုပ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ကျွန်မတို့ နောက်ထပ် တက္ကသိုလ်ခြောက်ခုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ ကျွန်မတို့ မြန်မာနိုင်ငံက တက္ကသိုလ် ၁၃ ခုနဲ့

**စာမျက်နှာ ၁၀ သို့ ❖**

✽ စာမျက်နှာ ၈ မှ
မိမိအနေဖြင့် မိခင်ဖြစ်သူ ဒေါ်ခင်ကြည်ကို အမှတ်တရဂုဏ်ပြုသည့်အနေဖြင့် လူမှုရေးလုပ်ငန်းများကို အကျိုးအမြတ်မယူဘဲ ဆောင်ရွက်ရန် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်တွင် အစိုးရထံ တရားဝင်မှတ်ပုံတင် ထူထောင်ခဲ့ပါကြောင်း၊ ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့် နေရာများရှိ လူထုအတွက်ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမြင့်မားလာရေးများ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၃ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကျေးလက်ဒေသမှ ပြည်သူလူထုသည် စာဖတ်ခြင်းကို စိတ်ဝင်စားလာမှုနှင့်အတူ ဗဟုသုတများလည်း တိုးပွားလာမည်ဖြစ်ပါကြောင်း။

**အခွင့်အလမ်းကောင်းတစ်ရပ်**

အထက်တန်းပညာရေးအတွက် အခြေခံလိုအပ်ချက်မှာ စာကြည့်တိုက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရက ပညာရေးမူဝါဒ ပြန်လည်ချမှတ်ခြင်း၊ သင်ရိုးညွှန်းတမ်း ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့ကို တစ်ပါတည်း ချမှတ်ဆောင်ရွက်ရပါကြောင်း၊ ပြည်သူ့စာကြည့်တိုက်များသည် လူထုကို စာအုပ်စာပေနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းအပြင် လူထုအခြေပြုဗဟိုဌာနများ၊ ကျောင်းပြင်ပပညာရေးကို လေ့လာသင်ယူနိုင်သော နေရာများအဖြစ် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည့်နေရာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၇ ရာခိုင်နှုန်း ရှိသည့်အတွက် မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းကို စာကြည့်တိုက်များ ပိုင်ဆိုင်ထားကြပါကြောင်း။

ဤညီလာခံသည် အရှေ့တောင်အာရှ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးကြီးများအချင်းချင်း အတူတကွ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးအတွက်သာမက စာကြည့်တိုက်လုပ်ငန်းနှင့် ဆက်နွှယ်နေသော ပညာရပ်များ စဉ်ဆက်မပြတ် ရှင်သန်တိုးတက်လာစေရေးအတွက် တိုးမြှင့်ဆောင်ရွက်နိုင်မည့် ထူးခြားကောင်းမွန်သော အခွင့်အလမ်းကောင်းတစ်ရပ်ပင် ဖြစ်ပါကြောင်း။

**စာအုပ်စာပေနှင့် ဝန်ဆောင်မှုပေး**

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံသည် အာဆီယံဒေသအတွက် ဒေသတွင်းမှ စာကြည့်တိုက်မှူးကြီးများ၏ ဒေသအတွက် ပါဝင်ဆောင်ရွက်နေမှုများကိုလည်း ဤညီလာခံတွင် ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ဤညီလာခံသည် အရှေ့တောင်အာရှ ဒေသအတွင်းရှိ စာကြည့်တိုက်မှူးများ၏ ဒေသတွင်း သုတပညာအဖြာဖြာနှင့် သတင်းအချက်အလက်များဖလှယ်ရေးအတွက် အရေးပါသော ညီလာခံတစ်ရပ်ဖြစ်ပါကြောင်း။

အင်တာနက်နှင့် ဒစ်ဂျစ်တယ်မီဒီယာကို အများက တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည့် ခေတ်ဖြစ်သော်လည်း စာကြည့်တိုက်များသည် လူထုအသိုက်အဝန်းအတွက် ခိုင်မာအားကောင်းသည့် အခန်းကဏ္ဍမှ ရပ်တည်ပြီး လူထုကို စာအုပ်စာပေနှင့် ဝန်ဆောင်မှုပေးခြင်းသာမက လူမှုရေးဆိုင်ရာ လှုပ်ရှားမှုအမျိုးမျိုးကို လူထုနှင့်အတူ ကဏ္ဍပေါင်းစုံအတွက် ဆောင်ရွက်နေသော နေရာဌာနအဖြစ် ရပ်တည်ရမည်ဖြစ်ပါကြောင်း။

**ကောင်းမွန်သည့်ရလဒ်များ ဖော်ဆောင်**

ညီလာခံတက်ရောက်လာသူအားလုံးကို ဤနေရာမှ တိုက်တွန်းချင်သည်မှာ အားလုံးလက်တွဲပြီး သုတပညာနှင့် သတင်းအချက်အလက်များကို အတူတကွ ရယူကြ၊ မျှဝေကြသည့်အလေ့အကျင့်ကို ခိုင်ခိုင်မာမာ အားထုတ်ဆောင်ရွက်ကြခြင်းဖြင့် စာကြည့်တိုက်များကို အသုံးပြုပြီး အာဆီယံနိုင်ငံအသီးသီးမှ ပြည်သူများ၏ အသိဉာဏ်ပညာနှင့် ဗဟုသုတ မြင့်မားတိုးတက်လာရေးကို ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

မနက်ဖြန်မှစပြီး သုံးရက်တာ ဆက်လက်ကျင်းပမည့် ဤညီလာခံတွင် ပါဝင်တက်ရောက်လာသူများက အင်တိုက်အားတိုက် ဆွေးနွေးကြပြီး အကျိုးရှိကောင်းမွန်သည့်ရလဒ်များကို အတူဖော်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒုတိယသမ္မတနှင့် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ပြည့်စုံသည့်အဖွဲ့အစည်း**

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံသည် အာဆီယံနိုင်ငံများမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်သင်တန်းကျောင်းများ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ဆက်စပ်နေသည့်အဖွဲ့အစည်းများအတွက် ခိုင်မာသည့်ဒေသဆိုင်ရာညီလာခံတစ်ရပ်ဖြစ်ပါကြောင်း။

ညီလာခံ၏ ရည်ရွယ်ချက်အရ Congress of Southeast Asian Librarians - CONSAL သည် ဒေသတွင်းရှိ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများအတွက် နည်းဗျူဟာများကို ဖော်ဆောင်ပေးသော ဦးဆောင်အဖွဲ့အစည်းတစ်ခုအဖြစ်သာမက စာကြည့်တိုက်အချင်းချင်း ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း၊ ထူးခြားသည့် အခွင့်အလမ်းများကို ရရှိစေနိုင်ခြင်း စသည့်ကောင်းကျိုးများနှင့် ပြည့်စုံသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ International Federation of Libraries and Associations (IFLA) ဥက္ကဋ္ဌ Ms.Christine Mackenzine က အမှာစကားပြောကြားပြီး အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အာဆီယံဂုဏ်ပြုတေးသီချင်းများဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စာတမ်းများ ဖတ်ကြား**

ယင်းနောက် မျက်နှာစုံညီဆွေးနွေးပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ IFLA ဥက္ကဋ္ဌက ဆွေးနွေးတင်ပြခြင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နာယက စည်သူဒေါက်တာသော်ကောင်း၏ အမှာစကားကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဦးသန်းအောင်က ဖတ်ကြားခြင်း၊ အစုအဖွဲ့ ခြောက်စုခွဲ၍ Access and Opportunities for All၊ Media and Information Literacy၊ Digital Library Management၊ Advocacy၊ Transforming Libraries၊ Strategic Alliances and Partnership၊ New Competencies and Training for Library and Information Professionals၊ Marketing and Promotion၊ Conservation and Preservation၊ ASEAN Vision and Libraries စသည့်ခေါင်းစဉ်များဖြင့် စာတမ်းများ ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် မြို့ပြစီမံကိန်းများ ဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၃**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယမန်နေ့နံနက် ၁၀ နာရီက ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ ၁၂၂ ဦး အနက် ၁၁၃ ဦး တက်ရောက်ခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း လေးခုအား မေးမြန်းကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးနှင့် သက်ဆိုင်သော မေးခွန်း တစ်ခု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးနှင့် သက်ဆိုင်သော မေးခွန်းသုံးခုဖြစ်ပြီး မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။



ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးပို့သော ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစီမံကိန်း အစီရင်ခံစာများအား လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်လာသော လူဦးရေနှင့်အညီ မြို့ပြများ၊ မြို့ပြအိမ်ရာများ တည်ဆောက်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့စေရန်အတွက် ယာဉ်ရပ်နားကွင်းများ၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေး၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကဏ္ဍဖွံ့ဖြိုးရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့်ဝန်ထမ်းများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အရောင်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် စက်မှုဇုန်များ၊ ပြည်သူ့ဘဝမြှင့်တင်ရေး မြို့သစ်စီမံကိန်းများ ဖော်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

❖ စာမျက်နှာ ၉ မှ
လက်တွဲဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာစာကြည့်တိုက်မှူးတွေ အနေနဲ့ ဒီညီလာခံကိုကျင်းပရတဲ့အတွက် အလွန်ကိုဂုဏ်ယူရမှာဖြစ်ပါတယ်။ ကျွန်မ ပြီးခဲ့တဲ့နှစ်တွေက အခြားနိုင်ငံတွေမှာ ကျင်းပခဲ့တဲ့ ညီလာခံတွေကို တက်ရောက်ခဲ့ပါတယ်။ မှတ်မိတာကတော့ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ညီလာခံကို ကျွန်မတက်ရောက်ခဲ့ပါတယ်။ အခြားဘယ်နိုင်ငံတွေက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တယ်ဆိုတာကို ကျွန်မ မမှတ်မိတော့ပါဘူး။ နောက်တစ်ကြိမ် တက်ရောက်ခဲ့တဲ့ညီလာခံကိုတော့ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တာဖြစ်ပါလိမ့်မယ်။ ကျွန်မ အမြဲတမ်းသတိထားမိတာကတော့ မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်းက စာကြည့်တိုက်မှူးတစ်ယောက် ညီလာခံကိုတက်ရောက်တာဖြစ်ပါတယ်။

ဒါကြောင့် ဒီညီလာခံက မြန်မာစာကြည့်တိုက်မှူးတွေအတွက် ဘယ်လောက်အထိ အကျိုးကျေးဇူးရှိတယ်ဆိုတာကို ကျွန်မစိတ်ကူးကြည့်ပါတယ်။ မြန်မာစာကြည့်တိုက်မှူးတွေ ဒီအခမ်းအနားကို တက်ရောက်ပြီး လေ့လာသင်ယူဖို့ ကြီးမားတဲ့အခွင့်အလမ်းကောင်းတစ်ရပ် ရရှိမှာဖြစ်ပါတယ်။ ဒီညီလာခံမှာ မြန်မာစာကြည့်တိုက်မှူးတွေက စာတမ်း ၁၉ ခု တင်သွင်းမယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီအခမ်းအနားက နိုင်ငံတကာအဆင့်ညီလာခံဖြစ်တဲ့အတွက် မြန်မာစာကြည့်တိုက်မှူးတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ စာကြည့်တိုက်မှူးတွေက တတ်မြောက်ကျွမ်းကျင်သူတွေ ဖြစ်သင့်ပြီး အခွင့်အလမ်းကောင်းတွေလည်း ရှိနေတယ်လို့ ကျွန်မထင်ပါတယ်။ ခေတ်သစ်စာကြည့်တိုက်တွေမှာ လေ့လာစရာတွေ အများကြီးရှိပါတယ်။ စာကြည့်တိုက်တွေမှာ သင်အလိုရှိတာကို လေ့လာနိုင်ပါတယ်။ သင့်ရဲ့ မျှော်မှန်းချက်နဲ့ ဖန်တီးနိုင်မှုစွမ်းရည် အပေါ်သာ မူတည်ပါတယ်။

ကျွန်မရှေ့ပိုင်းမှာပြောခဲ့သလို မြန်မာနိုင်ငံက တက္ကသိုလ်စာကြည့်တိုက် ၁၃ ခုနဲ့ လက်တွဲဆောင်ရွက်နေပြီး နောက်ထပ်တက္ကသိုလ်တွေ၊ တက္ကသိုလ်စာကြည့်တိုက်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဆရာ ဆရာမတွေနဲ့ စာကြည့်တိုက်ဖွံ့ဖြိုးရေးကို လုပ်ဆောင်သင့်ပါတယ်။

**ကျော်ထိုက်စိုး၊ အောင်ရဲသွင်၊ မွေးကြူ**
**ဓာတ်ပုံ-ကိုကိုစိုးညွှန့်၊ ကျော်ဇင်ထိုက်**

❍ မြန်မာအမျိုးသမီးမှ
ပဏ္ဍာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်မတ်လကတည်းက စခန်းဝင်လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်မှုစတင်ခဲ့ကာ လက်ရှိတွင် ၂၆ ဦးသာ ထားရှိထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲကစားထားပြီး မေ ၁၁ ရက်မှ ၂၅ ရက်အထိ တောင်ကြီးနှင့် မန္တလေးမြို့သို့ သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး စုစုပေါင်း ခြောက်ပွဲကစားရန် စီစဉ်ထားသည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် ဂိုး- ဇာဇာမြင့်၊ သင်းသင်းစိုး၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ နောက်တန်း -ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇွန်ယုယဦး၊ ခင်မျိုးဝင်း၊ ယမင်းလွင်၊ အလယ်တန်း-ခင်မာလာထွန်း၊ သင်းသင်းယု၊ ရှုပါခိုင်၊ ခင်မိုမိုထွန်း၊ နော်အားလိုဝါးဖော၊ သန္တာမိုး၊ သန်းသန်းထွေး၊ ရှေ့တန်း - နုနု၊ ရိရိဦး၊ ဝင်းသီတာထွန်း၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်းတို့ ပါဝင်ကြသည်။ **သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-စိုးညွှန့်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၃၀-၄-၂၀၁၈ ရက်က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၆-၃-၂၀၁၈ ရက်မှ ၂၀-၄-၂၀၁၈ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ တစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာတစ်ဦး၊ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ခုနစ်ဦး စုစုပေါင်း ၁၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူသုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၀၈ ဦး ထုတ်ဝေခြင်းလုပ်ငန်း ၂၃၅၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၀၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၆၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူး၍ ဆဋ္ဌမအကြိမ် အမျိုးသား သတင်းဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမျိုးသားသတင်းဆုချီးမြှင့်ခြင်းအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(MPC)ဥက္ကဋ္ဌ ဖိုးသောကြာ (ခေတ်မိုး)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)၊ မြန်မာ စာနယ်ဇင်းသမဂ္ဂ(MJU)၊ နိုင်ငံတကာမြန်မာသတင်း အဖွဲ့(BNI)နှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း(MWA) တို့က ပေးပို့လာသည့်သဝဏ်လွှာများကို တာဝန်ရှိသူများ က ဖတ်ကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်က သတင်းဆုချီးမြှင့် ပေးခြင်းအပေါ် မုဒိတာစကားပြောကြားပြီး ဆဋ္ဌမအကြိမ် အမျိုးသား သတင်းဆုချီးမြှင့်ရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်၍ အမျိုးသားသတင်းဆုပေးပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းငြိမ်း၏အမှာစကားကို မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ပြန်ကြားရေးမှူး ဦးသာဇော်က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားသတင်းဆုများကို ချီးမြှင့်ရာ အကောင်းဆုံး သတင်းဆောင်းပါးဆုကို The Voice Journal တွင် မခင်မြတ်မြတ်ဝေရေးသားသည့် "ဖျာပုံမြို့ အနီးက ကျွန်ပြုခံရေလုပ်သားများ" ဆောင်းပါးနှင့် ကမ္ဘောဇ တိုင်းမ်ဂျာနယ်တွင် မင်းဇော်မင်းရေးသားသည့် "အဆိုးဘုံ" ဆောင်းပါးတို့က ပူးတွဲရရှိသည်။

"ဖျာပုံမြို့အနီးက ကျွန်ပြုခံရေလုပ်သားများ" ဆောင်းပါး သည် ဖျာပုံမြို့အနီး မြန်မာ့ပင်လယ်ပြင်ရှိ ကျားဖောင်လုပ်ငန်း ခွင်မှ ရေလုပ်သားများ၏ ဘဝအကြောင်းကို ကွင်းဆင်း ထောက်လှမ်းရေးသားထားခြင်းဖြစ်ပြီး "အဆိုးဘုံ" ဆောင်းပါးသည် မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်ခဲ့ရသူ တစ်ယောက် အကြောင်းကို သတင်းအချက်အလက်များ ထည့်သွင်း၍ အသိပေးရေးသားထားခြင်းဖြစ်သည်။



ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆုချီးမြှင့်ပွဲတွင် ဆုရရှိသူများကို တွေ့ရစဉ်။

အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆုကို သံလွင် သွေးချင်းဂျာနယ်မှ "သတင်းအချက်အလက်ရပိုင်ခွင့်ဆိုတာ လူ့အခွင့်အရေး တစ်ရပ်ပါ" အာဘော်ဖြင့် လည်းကောင်း၊ အကောင်းဆုံးသတင်းကာတွန်းဆုကို စံတော်ချိန်နေ့စဉ် သတင်းစာတွင် ရေးဆွဲခဲ့သည့် ကာတွန်းငွေကြည်၊ အကောင်းဆုံးသတင်းဓာတ်ပုံဆုကို The Daily Eleven သတင်းစာတွင် ဖော်ပြခဲ့သော ရန်ကုန်မြို့တာမွေလမ်းဆုံတွင် ရေကြီးရေလျှံခဲ့သောဓာတ်ပုံဖြင့် ကြည်နိုင်၊ အကောင်းဆုံး ရုပ်သံသတင်းဆုကို DVB သတင်းဌာနမှ ရိုက်ကူး ထုတ်လွှင့်ခဲ့သည့် "ကျောက်စိမ်းမြေမှ ပဋိပက္ခ" ရုပ်သံ သတင်းတို့က ဆဋ္ဌမအကြိမ်အမျိုးသားသတင်းဆုများကို အသီးသီးရရှိခဲ့ကြသည်။

ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆုကို ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ဖြစ်သည့် မေ ၃ ရက်တွင် ချီးမြှင့်ခဲ့ခြင်း ဖြစ်ပြီး အကောင်းဆုံးသတင်းဆုနှင့် အကောင်းဆုံး သတင်း သူရဲကောင်းဆုတို့ကို ချီးမြှင့်နိုင်ခဲ့ခြင်းမရှိပေ။ ဆဋ္ဌမအကြိမ် မြောက် အမျိုးသားသတင်းဆုအတွက် သတင်း ၁၇ ပုဒ်၊ သတင်းဆောင်းပါး ၄၂ ပုဒ်၊ သတင်းဓာတ်ပုံ ၂၉ ပုံ၊ သတင်းကာတွန်း ၁၂ ပုံ၊ အယ်ဒီတာ့အာဘော် ၁၃ ပုဒ်နှင့် ရုပ်သံသတင်း ၁၄ ပုဒ်တို့ကို ပေးပို့ယှဉ်ပြိုင်ခဲ့ပြီး ဆု ရွေးချယ်ရာတွင် သီးခြားလွတ်လပ်သည့် ပညာရှင်များက ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်းသို့ အလှူငွေပေးအပ်ခဲ့ကြပြီး အလှူရှင်များနှင့် မေတ္တာ လက်ဆောင်ချီးမြှင့်သူများအား ဂုဏ်ပြုလွှာများ ပြန်လည် ပေးအပ်ခဲ့သည်။

**သတင်း-ရဲဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ငွေဆောင်၊ ပုဂံနှင့် အင်းလေး၌ ရောက်ရှိနေသော လူရည်ချွန်များ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**ငွေဆောင် မေ ၃**

ငွေဆောင်၊ ပုဂံနှင့် အင်းလေး၌ ရောက်ရှိနေသော လူရည်ချွန်လူငယ်များသည် ယနေ့တွင် သက်ဆိုင်ရာဒေသ များရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းမှ ဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် ယုဇနပုစွန်သားဖောက်စခန်းကို လည်းကောင်း၊ ငွေဆောင်မြို့နယ် သဇင်ရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် ဂျာမနီနိုင်ငံ Morkwater Solutions က လှူဒါန်းထားသည့် ပင်လယ်ရေငန်မှ ရေချိုထုတ်လုပ်သည့် R.O ရေသန့်စက်မှ ရေသန့်ထုတ်လုပ်ပုံအဆင့်ဆင့်ကို လည်းကောင်း၊ သဇင်ကျေးရွာ ငါးဖမ်း/ငါးလှန်း လုပ်ငန်း ခွင်ရှိ ငါးလုပ်ငန်းဆိုင်ရာများ၊ ရေသယံဇာတများ မျိုးသုဉ်း မပျောက်ကွယ်ရေးကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ နှင့် လုပ်ငန်းခွင်တွင် အခြောက်လှန်းထားသည့် ငါး၊ ပုစွန် များ၊ ငါးဖမ်းပိုက်များနှင့် မှန်ပေါင်ငါးကန်များအတွင်း ပြသထားသော ပင်လယ်ကဏန်းများ၊ ငါးအမျိုးမျိုး၊ ပင်လယ် ကျောက်ပုစွန်များကိုလည်းကောင်း စိတ်ဝင်တစား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူ များသည် ငွေဆောင်မြို့ ဟိုတယ်ဇုန်ရှိ ဟိုတယ်ကြီးများသို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ပုသိမ်မြို့နှင့် ငွေဆောင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပညာအလင်္ကာတေးဂီတအဖွဲ့မှ တေးသံရှင် များ၏ အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ အင်းလေးခေါင်တိုင်အပန်းဖြေလေ့လာရေး စခန်းမှ နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူ များသည် နံနက်ပိုင်းတွင် ပင်းတယမြို့နယ်အတွင်းရှိ ကိုလုံဆရာတော်ကြီး၏ ရုပ်ကလာပ်၊ ပုံတူရုပ်တုတို့ကို သွားရောက် ဖူးမြော်ကြသည်။

ထို့နောက် ပင်းတယမြို့နယ်၏ အထင်ကရ နေရာ တစ်ခုဖြစ်သည့် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်လေ့လာဖူးမြော်ခဲ့ပြီး အောင်ထီးလုပ်ငန်း အတွင်း ထီးများပြုလုပ်နေမှုနှင့်စပ်လျဉ်းပြီး အသေးစိတ် လေ့လာခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများ အဖွဲ့သည် ပင်းတယမှတစ်ဆင့် အေးသာယာမြို့သို့ သွားရောက်ကာ အေးသာယာစက်မှုဇုန်အတွင်း လည်ပတ် လျက်ရှိသည့် စိန်ငွေမြအစာစပ်စက်ရုံ၊ အောင်ကြာဖူး သီးနှံအခြောက်ခံစက်ရုံ၊ ပတ္တမြားနဂါးသံရည်ကျိုစက်ရုံနှင့် စိန်ငွေမြပြောင်းအခြောက်ခံစက်ရုံတို့ကို သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် လူရည်ချွန်အဖွဲ့သည် ခေတ္တတည်းခို မည့် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းသို့ ရောက်ရှိကြရာ ခရိုင်ပညာရေးမှူး၊ မြို့နယ် ပညာရေးမှူး၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ များက ကြိုဆိုခဲ့ကြသည်။


နဝမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများ ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူဘုရားကို ဖူးမြော်ကြစဉ်။

ထို့အတူ ပုဂံမြို့သို့ ရောက်ရှိနေကြသည့် အဋ္ဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၉ နာရီခွဲတွင် စလေရုပ်စုံကျောင်းကြီးသို့ ရောက်ရှိကာ ရုပ်စုံကျောင်းအနီး ပြသထားသောပြခန်းများ၊ ရုပ်စုံကျောင်း ပေါ်ရှိ ကုန်းဘောင်ခေတ် ရှေးဟောင်းအမွေအနှစ်ပစ္စည်း များကို လေ့လာကြပြီး စလေမြို့ဟောင်းရှိ ရှင်ပင်စာ ကြိုလှုဘုရားကြီးကို သွားရောက်ဖူးမြော်ကြသည်။

လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် မွန်းလွဲပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ပြန်လည်ရောက် ရှိကြပြီး မွန်းလွဲပိုင်းတွင် ကျပန်းစကားပြောပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **မျိုးဇင်နိုင်**


ဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများ မှန်ပေါင်ငါးကန်များတွင် ပြသထားသော ပင်လယ်ကဏန်း များကို လေ့လာကြည့်ရှုကြစဉ်။


အဋ္ဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများ စလေရုပ်စုံကျောင်းကြီးတွင် လေ့လာကြစဉ်။

# အမျိုးသားသတင်းဆု အကောင်းဆုံးဆု ငါးဆု ပေးအပ်ချီးမြှင့်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) က ဆဋ္ဌမအကြိမ်မြောက် ပေးအပ်ချီးမြှင့်သည့် အမျိုးသားသတင်းဆုချီးမြှင့်ပွဲကို မေ ၃ ရက် ညနေပိုင်းတွင် Sky Star Hotel ၌ ကျင်းပသည်။

ဆုပေးပွဲတွင် အမျိုးသားသတင်းဆုအတွက် အကောင်းဆုံးဆု ငါးဆုကို ပေးအပ်ချီးမြှင့်ခဲ့ရာ ဆုရရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။


ကာတွန်းငွေကြည်


ခင်မြတ်မြတ်ဝေ


ကိုရဲဝင်းသူ


မမြဝန်းရံ

**အကောင်းဆုံး သတင်းဆောင်းပါးဆုကို The Voice ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဖျာပုံမြို့အနီးက ကျွန်ပြုခံရေလုပ်သားများ သတင်းဆောင်းပါးဖြင့် ဆုရရှိခဲ့သူ ခင်မြတ်မြတ်ဝေ**

"ဒီဆောင်းပါးအတွက် တကယ်ကို ကြိုးစားခဲ့ရတာပါ၊ ဖျာပုံမှာ ငါးရက်လောက် ဒုက္ခရောက်ခဲ့ရတယ်၊ ဆောင်းပါးရေးဖို့ အတွက်လည်း ငါးလလောက် အချိန်ယူခဲ့ရတာပါ၊ ပြီးတော့ စုံစမ်းထောက်လှမ်းပြီး ရေးရတာဆိုတော့ အန္တရာယ်လည်း ရှိတယ်၊ ဒါကြောင့် မထုတ်ခင်အချိန်ထိကို အထက်က အယ်ဒီတာတွေ၊ ဆရာသမားတွေနဲ့ တိုင်ပင်ပြီး လုပ်ခဲ့ရတာပါ၊ အခုဒီဆောင်းပါးနဲ့ ဆုရတယ်ဆိုတော့ အလွန်ကိုကျေနပ်မိပါတယ်"

**စံတော်ချိန် နေ့စဉ်သတင်းစာတွင် ရေးဆွဲခဲ့သည့် အကောင်းဆုံး ကာတွန်းဆုရရှိသူ ကာတွန်းငွေကြည်**

"ဆရာကတော့ ကာတွန်းပုံတွေကို တတ်နိုင်သမျှ ကြိုးစားပြီး ရေးတယ်၊ အဲဒီထဲကမှ အကောင်းဆုံး တစ်ပုံ ရွေးချယ်ခံရတယ်၊ အခုလို ရွေးချယ်ခံရတဲ့အတွက်လည်း ဝမ်းသာပါတယ်၊ ကာတွန်းကတော့ ဌာနတွေအားလုံးထဲမှာ အညံ့ဆုံးဌာနကို ပြောပါဆိုတော့ အဲဒါဆိုရင် ရွေးရခက်တယ်ပေါ့"

**အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆုကို သံလွင်သွေးချင်း ဂျာနယ်မှ သတင်းအချက်အလက်ရပိုင်ခွင့်ဆိုတာ လူ့အခွင့်အရေး တစ်ရပ်ပါ အာဘော်ဖြင့် ဆုရရှိသူ မမြဝန်းရံ**

"တိုင်းရင်းသားအခြေစိုက် သတင်းမီဒီယာတစ်ခုအနေနဲ့ ပြိုင်ရမယ်လို့လည်း မသိခဲ့ဘူး၊ ဝင်ပြိုင်ကြည့်မယ်ဆိုတော့ ကိုယ့်တိုက်က စာမူတွေကို ပို့ခဲ့တယ်၊ မျှော်လင့်ထားတာက သတင်းနဲ့ဆုရမယ်ပေါ့၊ အခု အယ်ဒီတာ့အာဘော်နဲ့ ဆုရတဲ့အတွက် ဝမ်းသာပါတယ်၊ ဒီနှစ်မှာ တောင်ကြီးအခြေစိုက် မီဒီယာနှစ်ခုကနေ အမျိုးသားသတင်းဆု ရခဲ့တဲ့အတွက် ကျန်တဲ့ တိုင်းရင်းသားမီဒီယာတွေအတွက် ဒါဟာ လမ်းစတစ်ခုဖြစ်စေပါတယ်၊ အသိအမှတ်ပြုခံရတဲ့ အင်အားတစ်ခုလည်း ဖြစ်ခဲ့ရပါတယ်"

**အကောင်းဆုံး ရုပ်သံသတင်းဆုကို DVB သတင်းဌာနမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် ကျောက်စိမ်းမြေမှ ပဋိပက္ခ ရုပ်သံသတင်းဖြင့် ဆုရရှိသူ ကိုရဲဝင်းသူ**

"မနှစ်က ရခဲ့တဲ့ ခေတ်ပြိုင်ကောက်ကြောင်း ဆိုရင်လည်း လူတွေသိပ်မသိဘူး၊ ရန်ကုန်မြို့လယ်ကောင်မှာ ဖြစ်နေတဲ့ ဘဝတွေပေါ့။ ကြမ်းခင်းအောက်မှာ နေနေရတဲ့ လူတွေ သူတို့ဘဝတွေ လွတ်မြောက်ဖို့၊ ဒါကို လူတွေသိစေဖို့ Journalist တစ်ယောက်အနေနဲ့ ကျွန်တော် တင်ပြခဲ့တယ်၊ အဲဒါဆိုရင် သူတို့တွေ အပြင်ရောက်ကြမလား၊ လွတ်မြောက်သွားကြမလားပေါ့ဆိုတဲ့ စေတနာနဲ့ပါ၊ အဲဒီရုပ်သံနဲ့ ဆုရခဲ့တယ်၊ ဆုရတဲ့အတွက် ကျွန်တော် ပျော်ပါတယ်၊ ဒါပေမယ့် ဒီကြမ်းခင်းအောက်က လူတွေကတော့ လွတ်မြောက်သွားပါစေဆိုတဲ့ စိတ်ကူးကတော့ ဒီနေ့အထိ ဖြစ်မလာခဲ့ဘူး။

ဒီနှစ် ဆုထပ်ရတယ်၊ နှစ်နှစ်ဆက်တိုက်ရခဲ့တယ်၊ ဒီနှစ်လည်း စိတ်မကောင်းစရာ သတင်းတစ်ပုဒ်ပဲ၊ ဆင်းရဲမွဲတေမှုတွေကြောင့် စားစရာမရှိ၊ နေရပ်ပြန်ဖို့တောင် ပိုက်ဆံမရှိတဲ့ ရေမဆေးသမားတွေရဲ့ဘဝတွေကို ပစ်ခတ်နှိမ်နင်းကြတဲ့အခါ အသက်တွေတောင် ပါသွားခဲ့ရတယ်၊ တရားမျှတမှုကလည်း တော်တော် မှေးမှိန်နေခဲ့တယ်၊ ဒါကို ဆုရပါစေဆိုတဲ့ စိတ်နဲ့မဟုတ်ဘူး၊ လူတွေ သိစေချင်တဲ့ စိတ်နဲ့ပါ"

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူး၍ အမျိုးသားသတင်းဆု ရွေးချယ်ချီးမြှင့်ခြင်းကို ၂၀၁၂ ခုနှစ်မှ စတင်ကာ ကျင်းပခဲ့သည်။ ယခုနှစ်တွင် ပေးပို့သူဦးရေ ၈၀ က စာမူပေါင်း ၂၃၀ ကျော်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ယင်းတို့အနက်မှ အကောင်းဆုံးအမျိုးသားသတင်းဆုအဖြစ် ဆုငါးမျိုးကို သက်ဆိုင်ရာ ပညာရှင်များက ရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-Michiko Han**

## ရေဘေးကြိုတင်ကာကွယ်ရေးအတွက် မိုးမကျမီ တာတမံများ ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေကို ကာကွယ်ထားသည့် ဧရာဝတီအရှေ့ဘက်ကမ်းတာ တာမိုင်(၄၂/၇ မှ ၅၀/၁) အတွင်းရှိ အဖျောက်တာအား မိုးရာသီမတိုင်မီ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ဧပြီ ၃၀ ရက်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဧရာဝတီအရှေ့ဘက်ကမ်းတာ (အဖျောက်တာ) တာမိုင် (၄၂/၇) မှ (၄၄/၁)အကြား ပြုပြင်ဆောင်ရွက်ထားသည့် တာဖိနပ်ခံခြင်း၊ တာပုံစံကျ ပြုပြင်ခြင်း၊ နုန်းဖမ်းလှိုင်းကာတန်းရိုက်ခြင်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခုနှစ် မိုးရာသီမတိုင်မီ ရေဘေးကာကွယ်ရေး တာတမံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ လုံခြုံစိတ်ချရမှု အခြေအနေများအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိရန်၊ အရေးပေါ်သုံးပစ္စည်းများ စုဆောင်းထားရှိမည့် နေရာများကို သေချာစွာသတ်မှတ်ပြီး စီမံဆောင်ရွက်ထားရန်၊ ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသော တာတမံဥပဒေများအပေါ် တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေး တာတမံ ၂၄ ခု၊ ရေငန်တား တာတမံ ၁၉ ခုရှိပြီး ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီ ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**



**❒ ကျောဖုံးမှ**

တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဆည်မြောင်းဝန်ထမ်းများ အပါအဝင် အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားပြီး ၁၂ ရက်အကြာ မေ ၂ ရက် ညပိုင်းတွင် မီးငြိမ်းသွားခဲ့ခြင်းဖြစ်သည်။

ထိုသို့ငြိမ်းသတ်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ အပါအဝင် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် အကဲဖြတ်အဖွဲ့ (Asean ERAT Team) နှင့်ချိတ်ဆက်ကာ လိုအပ်သော အကြံပြုချက်များကိုလည်း ဆောင်ရွက်ခဲ့ပြီး အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D) ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ မီးငြိမ်းသွားခဲ့ပြီဖြစ်၍ ပူးပေါင်းအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ အင်အားတို့ကို လျှော့ချခဲ့ပြီး မီးခိုးထွက်ရှိမှုနှင့် မီးကြွင်းမီးကျန်များ မရှိစေရန် ပူးပေါင်းအင်အား ၁၀၀ ခန့်ဖြင့် မီးလောင်ပြင်အား စောင့်ကြည့်မှုများပြုလုပ်၍ ငြိမ်းသတ်ရသည့် အဆင့်သာရှိတော့ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "မီးငြိမ်းသတ်မှုကတော့ ပြီးသွားပါပြီ၊ ဒါပေမယ့် တချို့နေရာလေးတွေမှာ မီးတောက်ကလေးတွေ အနည်းငယ်ပြန်ဖြစ်နေတဲ့အတွက် အဲဒါတွေကို အပြီးသတ် လိုက်လံငြိမ်းသတ်နေကြတာပါ၊ မီးခိုးထွက်တဲ့ နေရာတွေကို အဓိကထားပြီး ရေနဲ့လိုက်ဖျန်းနေတာပါ၊ အဲဒီလိုလုပ်တဲ့အခါမှာ ဧရိယာကျယ်တဲ့အတွက် တချို့နေရာတွေမှာ မီးသတ်ကားတွေ သွားလို့ရအောင်၊ မီးသတ်ပိုက်တွေ ဆက်လို့ရအောင် ကျွန်တော်တို့ YCDC အနေနဲ့ စက်ယန္တရားနဲ့ လူအင်အားတွေ အသုံးပြုပြီး လမ်းကြောင်းတွေ ဖွင့်ပေးနေပါတယ်၊ စိတ်ချရအောင် နောက်ထပ်ရက်အနည်းငယ် စောင့်ကြည့်ရဦးမယ်လို့တော့ ထင်ပါတယ်"ဟု ပြောသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အကူတပ်ခွဲ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ယုနိုင်က "အခုကတော့ စောင့်ကြည့်အနေအထား ဖြစ်ပါတယ်၊ လက်ရှိမှာ ကျွန်တော်တို့အနေနဲ့ အင်အား ၂၀ ကို အသုံးပြုပြီး နယ်မြေလုံခြုံရေးကို ဆောင်ရွက်နေပါတယ်၊ ဒါ့အပြင် လိုအပ်တဲ့ အပိုင်းတွေမှာလည်း မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ ရဲတပ်ဖွဲ့ဝင် ၂၀ တို့နှင့်အတူ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဆည်မြောင်းဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကို အသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်လျက်ရှိသည်။

မီးလောင်မှုဖြစ်စဉ်တွင် ပါဝင်ငြိမ်းသတ်ခဲ့ကြသည့် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား တပ်မတော်အနေဖြင့် ကျန်းမာရေးစစ်ဆေးမှုများအား မေ ၃ ရက်တွင် ဆောင်ရွက်ပေးခဲ့သည်။ အလားတူ ယနေ့ညပိုင်းတွင် မီးငြိမ်းသတ်မှုတွင် ပါဝင်ခဲ့ကြသည့် အရာရှိ/စစ်သည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာတွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## မြန်မာ့ရုပ်မြင်သံကြား

**၄-၅-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ MRTV Travelogue
- ၉း၁၀ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၀း၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၂၀ အလုပ်သမားရေးရာ အစီအစဉ်
- ၁၁း၅၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မွှေချက်ကတော့ လွန်လွန်းတယ်" (နေတိုး၊ သက်မွန်မြင့်၊ ယွန်းရွှေရည်) (ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်))
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၈) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1)(ဘားအံမြို့) (တတိယပိုင်း)
- ၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၉)
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၂)

**ညပိုင်း**

- ၁၅း၅၀ "(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံပိတ်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"
- ၁၇း၃၀ ကျန်းမာရေးမဂ္ဂဇင်း "အသည်းရောဂါအကြောင်း သိကောင်းစရာ"
- ၁၇း၄၀ Weekly Sport Info
- ၁၈း၂၀ ရုပ်ရှင်ရိုက်မယ်(အပိုင်း-၁၂) (ဒုတိယမျက်နှာ၊ ခြားနားခြင်း)
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၉) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (မွန်ပြည်နယ်)
  - -America's Got Talent
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၃၀)
  - -ဟာသရုပ်စုံစင်တော်ကြီး "မင်္ဂလာဆောင်" (သရုပ်ဖော်-ပန်းသီး၊ ဇီးသီး၊ ကြယ်သီး၊ အာလူး၊ ဇောက်ထိုး)
  - - အစီအစဉ်ပြီး၏။

# ဘယ်လာရင်ကို ခေါ်ယူဖို့ ယူရိုသန်း ၅၀ နဲ့ ဂျူဗင်တပ် သဘောတူညီမှုရရှိ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ အာဆင်နယ်အသင်းရဲ့ ညာနောက်ခံကစားသမား ဘယ်လာရင်ကို ခေါ်ယူဖို့ ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ နဲ့ သဘောတူညီမှုရရှိခဲ့ပြီလို့ သတင်းထုတ်ပြန်လိုက်ပါတယ်။

အဲဒီလို ဘယ်လာရင်ကို ခေါ်ယူဖို့ ဂျူဗင်တပ်အသင်း သဘောတူညီမှုရရှိခဲ့တာနဲ့ပတ်သက်ပြီး စပိန်အသံလွှင့်ဌာနတစ်ခုက အာဆင်နယ်နဲ့ ဂျူဗင်တပ်အကြား ညှိနှိုင်းဆွေးနွေးမှုတွေဟာ မှတ်တမ်းတင်လောက်တဲ့ တိုးတက်မှုတစ်ခုပဲဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီက ဘာစီလိုနာအသင်းအနေနဲ့ ဘယ်လာရင်ကို ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့်လည်း အခုအချိန်မှာ ဂျူဗင်တပ်အသင်းက ကမ်းလှမ်းလာချိန်မှာတော့ အာဆင်နယ်အသင်းဟာ ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ နဲ့ သဘောတူညီဖို့ အသင့်ရှိနေခဲ့တာဖြစ်တယ်လို့လည်း စပိန်အသံလွှင့်ဌာနမှ အသံလွှင့်သူက အခိုင်အမာရှင်းပြခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက နောက်ခံလူ ဒန်နီအဲဗက်စ် ပီအက်စ်ဂျီအသင်းထံသို့ ဆုံးရှုံးခဲ့ရတာကြောင့် အဲဒီနေရာကို အစားထိုးဖို့ အာဆင်နယ်နောက်ခံလူ ဘယ်လာရင်ကို ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အဲဒီလိုပဲ ဂျူဗင်တပ်အသင်းကလည်း အခုနှစ်ဘောလုံးရာသီမှာ နောက်တန်းခံစစ်ပိုင်း အားနည်းချက်တွေကို ပြန်လည်ဖြည့်တင်းဖို့အတွက် ဘယ်လာရင်ကို ချိတ်ဆက်လာခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာတော့ သဘောတူညီမှုရရှိထားခဲ့ပြီဖြစ်တယ်လို့ အခိုင်အမာပြောကြားထားပါတယ်။

ဒ့ါအပြင် ဂျူဗင်တပ်အသင်းကို ကွင်းလယ်ပိုင်း အားဖြည့်ဖို့အတွက် အေစီမီလန် ကွင်းလယ်ကစားသမား ဘိုနာဗန်တူရာကို ဝယ်ယူဖို့လည်း နည်းပြ အယ်လ်လီဂရီက တောင်းဆိုခဲ့ပါသေးတယ်။ ဘိုနာဗန်တူရာဟာ အခုနှစ် ဘောလုံးရာသီမှာ အေစီမီလန်အသင်းနဲ့အတူ ၄၃ ပွဲ ပါဝင်ကစားပေးထားပြီး ရှစ်ဂိုး သွင်းယူထားကာ လေးဂိုး ဖန်တီးပေးထားနိုင်ခဲ့သူဖြစ်ပါတယ်။

လက်ရှိမှာ ဂျူဗင်တပ်အသင်းအနေနဲ့ လီဗာပူးကွင်းလယ်ကစားသမား အမ်မရီကန်ကို ခေါ်ယူဖို့ စီစဉ်နေပြီး အမ်မရီကန်ဟာ ဇွန်လအတွင်း လီဗာပူးအသင်းနဲ့ စာချုပ်သက်တမ်း ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ချယ်လ်ဆီးကွင်းလယ်ကစားသမား မိုရက်တာကိုလည်း ပစ်မှတ်ထားလျက်ရှိပါတယ်။

**ငွေကြယ်**

# လီဗာပူးသမိုင်းသစ်ပြန်စပြီဟု ဂျာရတ်ကြွေးကြော်




လီဗာပူးအသင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်ခဲ့ပြီးနောက် လီဗာပူးအသင်းခေါင်းဆောင်ဟောင်း ဂျာရတ်က ကမ္ဘာ့အဆင့်နည်းပြ ကလော့ပ်၏ ဦးဆောင်မှုဖြင့် လီဗာပူးအသင်း နောက်တစ်ကြိမ် သမိုင်းသစ် စတင်ပြန်ပြီဖြစ်ကြောင်း ကြွေးကြော်သွားခဲ့သည်။ လီဗာပူးအသင်းသည် ရိုးမားအသင်းကို အဝေးကွင်းတွင် လေးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး မေ ၂၆ ရက်တွင် လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်နှင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဂျာရတ်က ကလော့ပ်လက်အောက်တွင် လီဗာပူးအသင်း သမိုင်းသစ်နောက်တစ်ကြိမ် စတင်နိုင်ခဲ့ပြန်ပြီဖြစ်ကြောင်း ဆိုခဲ့သော်လည်း လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ချိန်တွင် ယုံကြည်မှုရှိရှိဖြင့် ကစားနိုင်ရန်လိုအပ်ကြောင်း သတိပေးစကားဆိုခဲ့သည်။

ဂျာရတ်က“ ကလော့ပ်ရော ကစားသမားတွေပါ ချီးမွမ်းထိုက်ပါတယ်၊ ဒါပေမယ့် ရီးယဲလ်အသင်းနဲ့ ရင်ဆိုင်ရချိန်ကျရင် အားလုံးပါးစပ်အဟောင်းသားဖြစ်အောင် သူတို့အနေနဲ့ ယုံကြည်မှုရှိရှိ ယှဉ်ပြိုင်နိုင်ဖို့လိုအပ်ပါတယ်၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေအားလုံးက လီဗာပူးဟာ ထူးခြားတဲ့ ကလပ်အသင်းဖြစ်တယ်ဆိုတာကို သိကြပြီးသားပါ၊ ကလော့ပ်လက်အောက်မှာ ဒီသမိုင်းပြန်စပါပြီ” ဟု ဘီတီရုပ်သံတင်ဆက်ရင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဒိုင်၏ ဆုံးဖြတ်ချက်အချို့မှာ အိမ်ရှင်ရိုးမားအသင်းကို နစ်နာစေခဲ့ကြောင်း ဝေဖန်မှုများရှိနေသလို ဗီဒီယိုလက်ထောက်ဒိုင်စနစ်ကိုသာ အသုံးပြုမည်ဆိုပါက ရီးယဲလ်မက်ဒရစ်-လီဗာပူးဗိုလ်လုပွဲ ဖြစ်လာစရာအကြောင်းမရှိဟု နည်းပညာပိုင်းကျွမ်းကျင်သူများ၏ ထောက်ပြပြောဆိုမှုများလည်း ရှိနေသည်။ ဂျာရတ်မှာ လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ်ဖလား နောက်ဆုံးကိုင်မြှောက်နိုင်ခဲ့သည့် အသင်းခေါင်းဆောင်ဖြစ်သည်။ **မေလှဲ့သင်း**

# စတမ်းဖို့ဒ်ဘရစ်ချ်မှာ ရလဒ်ကောင်းဖို့ခက်တဲ့ လီဗာပူး

## ၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၃၇

**ရှိုင်းမင်းမင်း**

**ပရီမီယာလိဂ်ပွဲစဉ် (၃၇)ကို လာမယ့် မေ ၅၊ ၆ တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ချယ်လ်ဆီးနဲ့ လီဗာပူး၊ အာဆင်နယ်နဲ့ ဘန်လေတို့ တွေ့ဆုံနေလို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒ့ါအပြင် အဆိုပါပွဲစဉ်မှာ မန်ချက်စတာနှစ်သင်းအနေနဲ့လည်း ရလဒ်ကောင်းနိုင်မလား စောင့်ကြည့် ရမယ်။**

### ဘရိုက်တန် - မန်ယူ နံနက် ၁း၃၀ (၅-၅-၁၈)

ဘရိုက်တန်က အိမ်ကွင်းဖြစ်နေတာကြောင့် အမှတ်ခွဲယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းအရတော့ အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့်ဘရိုက်တန်ရဲ့ ခံစစ်ပိုင်းက ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရပါတယ်။ ဒါကြောင့်လည်း မန်ယူရဲ့တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ မန်ယူအနေနဲ့လည်း ဒီလိုပွဲမျိုးမှာ အမှားခံမှာတော့မဟုတ်ပါဘူး။ မန်ယူကသာ နိုင်ပွဲ ရယူသွားနိုင်ဖို့ရှိပါတယ်။

### စတုတ် - ပဲလေ့စ် ည ၈း၃၀ (၂၈-၄-၁၈)

နှစ်သင်းစလုံးနောက်ဆုံးအချိန်အထိ တန်းမဆင်းရဖို့ အားစိုက်ကစားနေကြပါတယ်။ ဒီပွဲမှာအနိုင်ရတဲ့အသင်းက တန်းဆင်းကျန်ရစ်ဖို့ ပိုမိုအားကောင်းသွားနိုင်တာကြောင့်လည်း အရင်ပွဲတွေကထက် ပိုမိုအားစိုက်ကစားလာကြမှာသေချာပါတယ်။ လက်ရှိခြေစွမ်းပိုင်းကို နှိုင်းယှဉ်မယ်ဆိုရင်တော့ ပဲလေ့စ်က ပိုမိုကောင်းမွန်ပေမယ့် စတုတ်အိမ်ကွင်း ဖြစ်နေတယ်။ သရေကျသွားနိုင်တယ်။

### ဘုန်းမောက် - ဆွမ်ဆီး ည ၆း၀၀ (၅-၅-၁၈)

ဘုန်းမောက်တို့အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကကျဆင်းနေပါတယ်။ အခုအချိန်မှာတန်းမဆင်းရဖို့ အမှတ်လည်း လိုအပ်မှုနည်းပါးနေတာကြောင့် ဘုန်းမောက်တို့ အားစိုက်ကစားမှုလည်း ကျဆင်းနေပါတယ်။ ဆွမ်ဆီးကတော့ အဝေးကွင်းခြေအားနည်းတတ်ပေမယ့် အမှတ်လိုနေသေးလို့ အားစိုက်ကစားလာမှာပါ။ ဒါကြောင့် ဆွမ်ဆီးတို့ သရေလောက်ရမယ်။

### လက်စတာ - ဝက်စ်ဟမ်း ည ၈း၃၀ (၅-၅-၁၈)

လက်စတာအတွက် ဒီပွဲအနိုင်အရှုံးဟာ အရေးမပါတော့တာကြောင့် ဒီပွဲမှာ မဖြစ်မနေအနိုင်ရရမယ်ဆိုတဲ့စိတ်နဲ့ တင်ကစားဖို့ဆိုတာ ခက်ပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းကတော့ တန်းတင်ကျန်ရစ်ဖို့ အားစိုက်ကစားရမယ့် အခြေအနေမှာ ရှိနေပါတယ်။ ဝက်စ်ဟမ်းအနေနဲ့ အဝေးကွင်းမှာခြေစွမ်းပိုင်း ကျဆင်းတတ်သလို ခံစစ်ပိုင်းအားနည်းပေမယ့် လက်စတာရဲ့ ထိန်းကစားနိုင်ခြေအရ လက်စတာနိုင်ရင်တောင် မပြတ်သားဘူး။

### ဝက်ဖို့ဒ် - ကာဆယ် ည ၈း၃၀ (၅-၅-၁၈)

တန်းတင်ကျန်ရစ်နေပြီဖြစ်တဲ့ ကာဆယ်အနေနဲ့ နောက်ပိုင်းပွဲတွေမှာ ရုန်းကန်ကစားမှုကျဆင်းလာတာကို တွေ့ရပါတယ်။ အဲဗာတန်နဲ့ပွဲမှာ ကာဆယ်ရဲ့ အားထုတ်မှုကသာမန်သာရှိခဲ့သလို ဒီပွဲမှာလည်း ခြေကုန်ထုတ်လာနိုင်ဖို့ ခက်ပါတယ်။ ဝက်ဖို့ဒ်ကလည်း တန်းတင်ကျန်ရစ်သလောက်နီးပါး ဖြစ်နေပေမယ့် အိမ်ကွင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝက်ဖို့ဒ်တို့အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့တော့ အားစိုက်လာဦးမှာပါ။ ဝက်ဖို့ဒ်တို့ နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဝက်စ်ဘရွန်း - စပါး ည ၈း၃၀ (၅-၅-၁၈)

တန်းဆင်းရဖို့သေချာနေပေမယ့် ဝက်စ်ဘရွန်းတို့ အိမ်ကွင်းဖြစ်နေတာကြောင့် ရလဒ်ကောင်းဖို့တော့ အားစိုက်ကစားလာမှာပါ။ ဒီနောက်ပိုင်း ဝက်စ်ဘရွန်းရဲ့ခြေကလည်း ကောင်းမွန်နေပါတယ်။ စပါးကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ သေချာသလောက်နီးပါးရှိနေပေမယ့် ပိုမိုသေချာအောင်တော့ အားစိုက်ကစားနေဆဲပါ။ ဒါပေမယ့် စပါးခြေက အနည်းငယ်အားနည်းနေတာကိုတော့ သတိပြုရပါမယ်။ စပါး ဂိုးပြတ်နိုင်ဖို့ ခက်ပါတယ်။

### အဲဗာတန် - ဆောက်သမ်တန် ည ၁၁း၀၀ (၅-၅-၁၈)

အဲဗာတန်အနေနဲ့ လက်ရှိအချိန်မှာ အမှတ်လိုအပ်ချက်မရှိတော့သလို အားစိုက်ကစားမှုလည်း လျော့ကျလာတာကို တွေ့ရပါတယ်။ ဒီပွဲက အိမ်ကွင်းဖြစ်နေတာကြောင့် အဲဗာတန်တို့ ရလဒ်ကောင်းဖို့တော့ ဂရုတစိုက်ကစားနိုင်ပေမယ့်လည်း ဆောက်သမ်တန်က တန်းမဆင်းရဖို့အတွက် ခြေကုန်ထုတ်ကစားလာနိုင်ခြေရှိပါတယ်။ ဒါကြောင့်လည်း အဲဗာတန်တို့ အသာရဖို့ခက်ပြီး သရေလောက်သာ ကစားနိုင်မယ်။

### မန်စီးတီး - ဟတ်ဒါဖီးလ် ည ၇း၀၀ (၆-၅-၁၈)

ချန်ပီယံဖြစ်နေပေမယ့်လည်း မန်စီးတီးက စံချိန်တွေအတွက် ပွဲတိုင်းကို အားစိုက်ကစားနေဆဲဖြစ်ပါတယ်။ အိမ်ကွင်းဖြစ်သလို ဖိအားလည်းမရှိလို့ မန်စီးတီးတို့ စိတ်အေးလက်အေးနဲ့ ခြေစွမ်းပြနေတာကိုလည်း တွေ့ရတယ်။ ဟတ်ဒါဖီးလ်ကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားနေဆဲဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရတော့ အားနည်းမှုတွေရှိနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဟတ်ဒါဖီးလ်ရဲ့ ကွင်းလယ်နဲ့ ခံစစ်က မန်စီးတီးကိုထိန်းချုပ်ဖို့ ခက်တာကြောင့် မန်စီးတီးကသာ နိုင်ပွဲရမယ်။

### အာဆင်နယ် - ဘန်လေ ည ၁၀း၀၀ (၆-၅-၁၈)

ယူရိုပါလိဂ်ဝင်ခွင့်သေချာစေဖို့ ဒီပွဲမှာ နိုင်ပွဲလိုအပ်ပေမယ့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲအဖြစ် အက်သလက်တီကိုနဲ့ ရင်ဆိုင်ခဲ့ရမယ့် အခြေအနေကြောင့် အာဆင်နယ်တို့ ပွဲပန်းနေနိုင်ပါတယ်။ အထူးသဖြင့် ဘန်လေကလည်း ယူရိုပါလိဂ် ဝင်ခွင့်အတွက်နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်သွားမယ့်အခြေအနေအရ ဒီပွဲမှာ အားစိုက်ကစားလာနိုင်ခြေရှိပါတယ်။ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် အာဆင်နယ် ကပ်ပြီးပဲနိုင်မယ်။

### ချယ်လ်ဆီး - လီဗာပူး ည ၁၀း၀၀ (၆-၅-၁၈)

ချယ်လ်ဆီးက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ နောက်ဆုံးအချိန်အထိ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးရဲ့ ခြေကလည်း ကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ချယ်လ်ဆီးတို့ အမှားခံမှာမဟုတ်ပါဘူး။ လီဗာပူးကတော့ တိုက်စစ်ပိုင်းကစားပုံ ချယ်လ်ဆီးထက် ကောင်းသလို အသင်းလိုက်ခြေစွမ်းလည်း တည်ငြိမ်ပေမယ့် ချန်ပီယံလိဂ်ပွဲကြောင့် ပွဲပန်းနေနိုင်တယ်။ လီဗာပူး အမြင့်ဆုံးသရေသာ ကစားနိုင်ခြေရှိတယ်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဆင်ခြင်မှတ်သား ဥပဒေအတွေး ဥပဒေအမြင်များ



မောင်စာဂ

ဥပဒေရေးရာဆောင်းပါးများ ရေးသားခဲ့သည်မှာ နှစ်နှစ်တင်းတင်းပြည့်ပြီဖြစ်သည်။ ဆောင်းပါးပေါင်းတစ်ရာလည်း ပြည့်မြောက်ခဲ့သည်။ ဥပဒေရေးရာဆောင်းပါးများ ရေးသည့်အခါ မိမိ၏ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အမြင်များ ဖော်ပြပေးတတ်သည်။ မိမိတွေးခဲ့သမျှ၊ မြင်ခဲ့သမျှတွေကို ပြန်လည်ဖော်ထုတ်ကြည့်မိသည်။ ဤအတွေး ဤအမြင်များကို တစုတပေါင်းတည်း ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ရေးသားခဲ့ပြီးသောဆောင်းပါးအချို့မှ အနှစ်ချုပ်ကောက်နုတ်ပြီး ဖော်ပြလိုက်ပါရစေ။

**ဥပဒေ၏ပင်ကိုဥပဒေရုပ်မပျက်မယွင်းပါစေနှင့်**

ဥပဒေ၏ပင်ကိုဥပဒေရုပ်ဟူသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားကို အခြေခံသည်။ ဖြူစင်သန့်ရှင်းသည်။ ကြည်လင်တောက်ပသည်။ သိမ်မွေ့နက်နဲသည်။ ခက်ထန်မာကျောသည်။ ဘက်လိုက်မှုကင်းသည်။ မည်သူ့ကိုမျှ မျက်နှာသာမပေးတတ်။ အမှန်တရားကို ဦးတည်သည်။ အမှန်တရားဘက်တွင် အမြဲရှိသည်။

**ဥပဒေ၏အထက်တွင်** (Above the Law)

ဥပဒေ၏အထက်မှာ မည်သူတစ်ဦးတစ်ယောက်မျှ မရှိရပါ။ သို့သော် တရားမျှတခြင်း (Justice)၊ လွတ်လပ်ခြင်း (Liberty)၊ ညီမျှခြင်း(Equality) တည်းဟူသော လောကပါလတရား ရှိသည်ဟု ဆိုချင်သည်။

ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရဟု ဆိုလိုက်သည်နှင့် ဥပဒေ၏အောက်တွင် ဥပဒေ၏ အနှစ်ဖြစ်သော တန်းတူညီမျှခြင်း(Equality under the Law)၊ ဥပဒေ၏ အမြင်တွင် တန်းတူညီမျှခြင်း(Equality in the eyes of the Law) နှင့် ဥပဒေအရာတန်းတူညီမျှခြင်း (Legal equality)တို့ ထင်ဟပ်လျက်ရှိသည်ကို သတိပြုကြရမည်။

**ဖတ်မှတ်ဆင်ခြင်၊ သိမြင်မျှဝေ**

ဥပဒေတွင် ဤသို့သော ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံသည်။

ဥပဒေသည် ကြည်လင်သော ဂုဏ်သတ္တိရှိ၏။ ဥပဒေကိုကြည့်သူက မျက်မှန်စိမ်းတပ်၍ ကြည့်လျှင် မျက်မှန်စိမ်းအတိုင်းသာ မြင်ရသည်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ၊ အတ္တ၊ မာန အစွဲတစ်ခုခုနှင့်ကြည့်လျှင် ဥပဒေ၏ ကြည်လင်သော ဂုဏ်သတ္တိ ပျက်ယွင်းရသည်။

ဥပဒေ၏အရိပ်သည် သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်၊ သစ်ရွက်တွေနှင့် ဝေဆာနေသည့် အေးမြသည့်သစ်ပင်၏ အရိပ်နှင့်တူ၏။ သစ်ကိုင်း၊ သစ်ခက်၊ သစ်လက်၊ သစ်ရွက်တို့ကို ချိုးဖျက်သူများကြောင့် သစ်ပင်၏အရိပ်သည် ပျက်ယွင်းရသကဲ့သို့ ဥပဒေကို မလိုက်နာ ဖောက်ဖျက်ကြလျှင်၊ ဥပဒေကို မှန်မှန်ကန်ကန် မကျင့်သုံးကြလျှင် အေးမြသည့် ဥပဒေ၏ အရိပ်သည် ပျက်ယွင်းရသည်။

ဥပဒေသည်ယိမ်းယိုင်ခြင်းမရှိ။ ကျောက်စာတိုင်ပမာ တည့်တည့်မတ်မတ် ခိုင်မြဲစွာ တည်၏။ ဥပဒေကိုလိုလျှင်လိုသလို ဆွဲယူကျင့်သုံးကြခြင်းကြောင့်သာ ဥပဒေကို မျှော့ကြိုးသဖွယ် သမုတ်ခံရသည်။

ဥပဒေသည် သိမ်မွေ့ခြင်းအသွင်လက္ခဏာဆောင်၏။ စွပ်စွဲခံရသူတစ်ဦးအား အပြစ်ကျူးလွန်ကြောင်း အဆုံးအဖြတ်မပြုသေးသမျှ အပြစ်ကျူးလွန်သူဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းကို ခွင့်မပြု။ အပြစ်ကျူးလွန်သူ ၁၀ ယောက် လွတ်ချင်လွတ်သွားပါစေ ကျူးလွန်ခြင်းမရှိသူတစ်ဦးကို အပြစ်မပေးမိဖို့ အမြဲဦးတည်သည်။

ဥပဒေသည် ခက်ထန်မာကျောသော အသွင်လက္ခဏာဆောင်၏။ မင်းမှုထမ်း၊ ဝန်ကြီး၊ ဝန်ကလေး၊ အရာရှိ၊ အရာခံ၊ သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစား၊ လက်သမား၊ ယာသမား၊ ဆင်းရဲသားမကျန် မည်သူကိုမျှ မျက်နှာသာမပေး၊ ဘက်လိုက်မှုမရှိ၊ ခွဲခြားခြင်းမရှိ၊ သံယောဇဉ်မထား၊ မားမားမတ်မတ်ရပ်တည်၏။

ဥပဒေသည် သစ္စာရှိခြင်းအသွင်လက္ခဏာဆောင်၏။ သစ္စာအရာ၌တည်၏။ တရားမျှတမှုကို အလိုရှိသောသူသည် မိမိကိုယ်တိုင်က မှန်ကန်ရမည်၊ သန့်ရှင်းရမည်။ သန့်ရှင်းသော လက်ဖြင့်လာရပါမည်။ သို့မဟုတ်ပါက ဥပဒေ၏တရားမျှတမှုကို ရယူနိုင်မည်မဟုတ်။

**ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိ**

ဥပဒေအတွေးဟူသည် ဆောင်ရွက်ရမည့်ကိစ္စ၊ ဖြေရှင်းရမည့်ပြဿနာ၊ အငြင်းပွားအချက်အလက်များအပေါ် မဇ္ဈိမပဋိပဒါ နည်းကျကျ တွေးခြင်းဖြစ်သည်။ အစွန်းတရားနှစ်ပါးကိုရှောင်၍ တွေးသည်။ ယထာဘူတကျကျတွေးသည်။ အကောင်းနှင့် အဆိုးတွင် အကောင်းကို ယူသည်။ အဆိုးကိုပယ်သည်။ အမှန်နှင့်အမှားတွင် အမှန်ကိုယူသည်။ အမှားကိုပယ်သည်။ တရားမှုနှင့် မတရားမှုတွင် တရားမှုကိုယူသည်။မတရားမှုကို ပယ်သည်။

ဥပဒေအမြင်ဟူသည် စာနာထောက်ထားခြင်းဖြင့် မြင်သော အမြင်ဟုဆိုချင်သည်။ တစ်ခုခု တစ်စုံတစ်ရာကို ဆောင်ရွက်တော့မည်၊ ဆုံးဖြတ်တော့မည်ဆိုလျှင် သူ၏နေရာကို အသင်က ဝင်ကြည့်လိုက်ပါ။ အသင်သာမတရားမှုကိုခံရတော့မည်ဆိုလျှင် အသင်မည်သို့ဖြစ်သွားမည်နည်း။ သူ့နေရာကို မြင်ကြည့်လိုက်ပါ။ မမှန်မကန် မတရားတာ အသင် ဆောင်ရွက်ရဲတော့မည်လား။ ဆုံးဖြတ်ရဲတော့ပါမည်လား။ ဤကား ဥပဒေအမြင်ဖြစ်သည်။

ဥပဒေစိတ်ထားဟူသည် ရိုးသားဖြောင့်မတ်၏။ ရဲရင့်တည်ကြည်၏။ မှန်ကန်မျှတမှုကို လိုလား၏။ တရားသဖြင့် ဖြစ်မှုကို အလေးထား၏။ အညီအမျှဖြစ်မှုကို မြတ်နိုး၏။ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်မှုကို တန်ဖိုးထား၏။ ဘက်လိုက်မှု၊ ခွဲခြားမှုကို ရွံမုန်းရှာ၏။ မတရားမှု၊ မမှန်ကန်မှုပြုရမည်ကို ရှက်၏။ ကြောက်၏။ ဤကား ဥပဒေစိတ်ထားဖြစ်၏။

ဥပဒေအသိဟူသည် ဥပဒေ၏ ပင်စည်ဟုဆိုအပ်သော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားကိုသိခြင်းဖြစ်သည်။ ဥပဒေ၏ အကိုင်းအခက်၊ အသီးအရွက်၊ အဖူးအငုံဟု ဆိုအပ်သော တရားမျှတခြင်းဆိုသည့် လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှုဆိုသည်ကို သိခြင်းဖြစ်သည်။ လွတ်လပ်ခြင်းဆိုသည့် လွတ်လပ်စွာ တွေးကြံနိုင်မှု၊ ဖွင့်ဟပြောဆိုနိုင်မှု၊ ယုံကြည်နိုင်မှု၊ ကိုးကွယ်နိုင်မှု၊ ပရိယေသနရှာမှီးနိုင်မှု၊ ပြုမူပြောဆိုနိုင်မှုတို့ကို သိခြင်းဖြစ်သည်။ ညီမျှခြင်းဆိုသည့် အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုဆိုသည်ကို သိခြင်းဖြစ်သည်။

**ရင်ထဲကဥပဒေ ထာဝရလှနေပါစေ**

ရင်ထဲကဥပဒေဟူသည် ရင်ထဲတွင်ရှိနေသော ဥပဒေကိုဆိုသည်။ မိမိကိုယ်တိုင် ပြဋ္ဌာန်းကြရသည်။ ပြင်ဆင်ပြောင်းလဲလိုလျှင် မိမိကိုယ်တိုင်ပင် ဆောင်ရွက်ကြရသည်။ ရင်ထဲက ဥပဒေများသည် တစ်ဦးနှင့်တစ်ဦး တူညီခြင်းမရှိကြ။ ကွဲပြားခြားနားကြသည်။ အမှန်စင်စစ် လူတိုင်း၏ ရင်ထဲတွင်တည်နေသော ဥပဒေသည် လှပသောဥပဒေအဖြစ် သန္ဓေတည်ခဲ့သည်။ သို့သော် ပင်ကိုဗီဇနှင့် ပတ်ဝန်းကျင်၏ အရောင်ဆိုးခံရခြင်းများကြောင့် ရင်ထဲက ဥပဒေတွေ အသွင်သဏ္ဌာန်အမျိုးမျိုးကွဲပြားလာရသည်။

**ဥပဒေမျက်စိပွင့်စေချင်လွန်းလို့**

သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းက သမိုင်းကို ဘာကြောင့်သင်ယူသလဲ၊ မ"အ"အောင်လို့ သင်ရတာဟူ၍ ပြောကြားခဲ့ဖူးသည်။ ဤသို့ဖြင့် ဥပဒေကို ဘာကြောင့် သင်ရသလဲ၊ ဥပဒေကို မသိလျှင် အဖိခံရမည်ကိုစိုး၍ သင်ရသည်ဟု ပြောရမလိုဖြစ်နေသည်။ ဥပဒေမသိလျှင် အထိနာမည်။ ဥပဒေသိမှ ဥပဒေမျက်စိပွင့်မည်။ ဥပဒေမျက်စိပွင့်မှ ဥပဒေတံခါးဖွင့်နိုင်မည်။ ထို့ကြောင့် ဥပဒေကိုသင်ယူနေရသည်။ အသိပညာပေးနေရသည်။

**ဥပဒေစေတနာ ဝေဖြာပါလေ**

ဥပဒေဟုဆိုလိုက်လျှင် ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုအရေးယူဖို့၊ ပြစ်ဒဏ်သတ်မှတ် စီရင်ဖို့ ပြဋ္ဌာန်းထားသည်ဟု ဆိုကြသည်။ သို့ရာတွင် အရေးယူ အပြစ်ပေးဖို့ထက် ကြိုတင်ကာကွယ်တားဆီးခြင်းများ၊ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းများ၊ တာဝန်သတ်မှတ်ပေးခြင်းများ၊ တည်ငြိမ်အေးချမ်းမှုကို ဦးတည်ခြင်းများ၊ တရားမျှတ အညီအမျှဖြစ်စေခြင်းများ၊ ခုခံချေပခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်းချက်များတွင်ပါရှိသည်။ ဤသည်တို့မှာ ဥပဒေစေတနာများဟု ဆိုနိုင်သည်။

**ဥပဒေသစ္စာ တည်ကြပါလေ**

ဥပဒေသစ္စာဟူသည်ကား အဘယ်နည်း။ ဥပဒေသစ္စာဟူသည် သမုတိသစ္စာဟု ဆိုနိုင်သည်။ ဥပဒေသစ္စာကို အချက်လေးချက်ဖြင့် ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုပေးလိုသည်။

(၁) ဥပဒေသည် မည်သည့်ဘက်ကိုမျှ မလိုက်။ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်သည်။ သမာသမတ်ကျသည်။ သို့ဖြစ်၍ ဘက်လိုက်မှုကင်းခြင်း အမှန်တရားသစ္စာ။

(၂) ဥပဒေသည် မည်သူကိုမျှ မျက်နှာသာမပေး၊ သံယောဇဉ်မထား၊ ခွဲခြားခြင်းမရှိ၊ မင်းမှုထမ်း၊ ဝန်ကြီး၊ ဝန်ကလေး၊ အရာရှိအရာခံ၊ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား၊ လယ်သမား၊ ယာသမား၊ ဆင်းရဲသားမကျန်အားလုံးအပေါ် အညီအမျှထားသည်။ သာတူညီမျှရှိသည်။ သို့ဖြစ်၍ ညီမျှခြင်း အမှန်တရားသစ္စာ။

(၃) ဥပဒေသည် ဗလောင်းဗလဲမရှိ၊ လှည့်ဖြားခြင်း ဗလာနတ္ထိ၊ ပရိယာယ်မပါ၊ မာယာမတွယ်ကပ်၊ တည်ကြည်ခြင်း၊ တည်ငြိမ်ခြင်း၊ တည်တံ့ခြင်း၊ ရိုးရှင်းခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်းတို့နှင့် ပြည့်စုံသည်။ သို့ဖြစ်ရာ ရိုးရှင်းဖြောင့်မတ်ခြင်း အမှန်တရားသစ္စာ။

(၄) ဥပဒေသည် အမှီအခိုကင်းသည်။ အဖိနှိပ်၊ အချုပ်အချယ်၊ ဩဇာအာဏာလွှမ်းမိုးမှုကို မလိုလား။ သွေးဆောင်ဖျားယောင်းခြင်းကိုလက်မခံ။ ဥပဒေပင်ကိုသဘောအရ လွတ်လွတ်လပ်လပ်ရှိသည်။ သို့ဖြစ်ရာ လွတ်လပ်ခြင်း အမှန်တရားသစ္စာ။

**ဥပဒေဒါန ပြုကြပါလေ**

ဥပဒေဒါနဟူသည်ကား ဥပဒေပညာရပ်ကို ပေးကမ်းစွန့်ကြဲ၊ မျှဝေမှုပြုလုပ်ခြင်းကို ဥပဒေဒါနဟု ခေါ်ဆိုနိုင်သည်။ ဥပဒေအသိပညာမျှဝေခြင်း၊ ဖြန့်ဖြူးခြင်း၊ ဟောပြောခြင်း၊ သင်ကြားပို့ချပေးခြင်း၊ ဥပဒေစာအုပ်စာတမ်းများ လှူဒါန်းခြင်းဖြင့် ဥပဒေဒါနများပြုနိုင်သည်။ ဥပဒေပညာသည် လောကီပညာရပ်ဖြစ်၍ ဥပဒေဒါနပြုခြင်းသည် လောကီပညာရပ်ကို ပေးကမ်းစွန့်ကြဲမျှဝေသည့် အလှူဒါနတစ်ခုဟု ဆိုနိုင်သည်။

**ဥပဒေသီလ စောင့်ထိန်းကြလေ**

အဓိကအားဖြင့် ဥပဒေသီလနှစ်ပါးရှိသည်ဟု ဆိုနိုင်သည်။

(၁) ဥပဒေတစ်ခုတွင် ဤအချက်များကို မပြုလုပ်ရဟု တားမြစ်ထားလျှင် ယင်းတားမြစ်ချက်ကို မပြုလုပ်ရပါ။ ရှောင်ကြဉ်ရပါမည်။ တားမြစ်ထားချက်များကို မလိုက်နာ ဖောက်ဖျက်လျှင် အရေးယူခံရပါမည်။ တားမြစ်ချက်ထဲမှာ မပါသည့်အချက်များကို ပြုလုပ်၍ရသည်။ ဤသည်ကို လိုက်နာစောင့်ထိန်းရသည့် သီလတစ်ပါး။

(၂) ဥပဒေတစ်ခုတွင် ဤအချက်များကို လိုက်နာဆောင်ရွက်ရမည်ဟူ၍ ပြဋ္ဌာန်းထားလျှင် ယင်းအချက်များအတိုင်းသာ လိုက်နာဆောင်ရွက်ရပါမည်။ ပို၍ သတ်မှတ်ခြင်း၊ လျော့၍သတ်မှတ်ခြင်း မပြုနိုင်ပါ။ ဤသည်ကို လိုက်နာဆောင်ရွက်ရသည့် သီလတစ်ပါး။

**ဥပဒေဘာဝနာ ပွားများကြပါ**

ဥပဒေဘာဝနာပွားများအားထုတ်ခြင်းသည် လောကီရေးရာအမှန်တရားကို ပွားများအားထုတ်ခြင်းဖြစ်သည်။ ပညတ်ကို ရှုမှတ်ပွားများသည်။ ပညတ်ဟူသည် လူတို့၏ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်၊ သမုတ်ခေါ်ဝေါ်ချက်ဖြစ်သည်။ ပညတ်သဘောသည် အထင်အရသာ မှန်ကန်သော သဘောတရား (Apparent Reality) ဖြစ်သည်။ သမားရိုးကျ အခြေအနေအချိန်အခါအလိုက် အထင်အရသာ မှန်ကန်သောသစ္စာတရား (Conventional Truth) သည် သမုတိသစ္စာဖြစ်သည်။ ထို့ကြောင့် ဥပဒေဘာဝနာ ပွားများအားထုတ်ခြင်းသည် သမုတိသစ္စာကို မြင်အောင်ကြည့်၍ သိအောင်ရှုမှတ်ပြီး ပွားများအားထုတ်ရသည်။ လောကနိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ရေး ဦးတည်သည်။

**စီရင်ထုံးဆုဖြင့်နှစ်သစ်ကိုကြို**

တရားခွင်ကို စစ်မြေပြင်နှင့်ပမာပုံပြု ဆိုပါရစေ။ စစ်မြေပြင်တွင် နှစ်ဖက်ရင်ဆိုင် တိုက်ခိုက်ရာ၌ စစ်နည်းဗျူဟာကြွယ်ဝမှုနှင့် မိမိစစ်သည်လက်နက်အင်အားကို မှန်ကန်စွာ အသုံးချတတ်မှုသည် အရေးပါသည့်အချက်ဖြစ်သည်။ ထို့အတူ တရားခွင်တွင် နှစ်ဖက်အကျိုးဆောင်ရှေ့နေကြီးများ စကားစစ်ထိုးရာ၌ စကားပရိယာယ်ကြွယ်ဝဖို့ လိုသလို အဓိကလက်နက်အင်အားဖြစ်သည့် ဆိုင်ရာဆိုင်ရာ ဥပဒေနှင့် စီရင်ထုံးများကို နှံ့စပ်ပိုင်နိုင်တတ်သိလိမ္မာ ကျွမ်းကျင်စွာဖြင့် ထုတ်နုတ်အသုံးချတတ်ဖို့ လွန်စွာအရေးကြီးလှသည်။

ဤသို့သောအခြေအနေတွင် ဥပဒေကိုပိုင်ရမည်။ စီရင်ထုံးကိုနိုင်ရမည်။ ဥပဒေမပိုင်လျှင်၊ စီရင်ထုံးမနိုင်လျှင် အမှုမကိုင်နှင့်ဟုပင် ဆိုရကောင်းအံ့ထင်သည်။

**ဝန်ခံပါရစေ**

ဥပဒေရေးရာအပေါ် ဆင်ခြင်၍ တွေးမိမြင်မိခဲ့သည့် အတွေးအမြင်များထဲမှ အချို့ကို အနှစ်ချုပ်၍ ကောက်နုတ်ဖော်ပြလိုက်ရခြင်းဖြစ်သည်။ အတွေးသစ်၊ အမြင်သစ်များ ပါဝင်ကောင်း ပါဝင်နိုင်သည်။ တွေးပြီးသား၊ မြင်ပြီးသားများထဲမှ စကားလုံးများအားဖြင့် ဆန်းသစ်ကာ ဆင်ခြင်ကြည့်မိသည့် အတွေးအမြင်များလည်း ပါဝင်ပါလိမ့်မည်။

စာရေးသူအနေဖြင့် ဥပဒေပညာကို တတ်ကျွမ်း၊ သိရှိနားလည်နေသူတစ်ဦးအဖြစ် မခံယူထားပါ။ Life Long Learning ဆိုသည့် စကားအတိုင်း ဘဝတစ်လျှောက်လုံး လေ့လာသင်ယူနေသူတစ်ဦးသာ ဖြစ်ပါသည်။ ဆိုခဲ့ ရေးခဲ့ပြီးသော အတွေးအမြင်များသည် မှန်ကန်သည်။ အားလုံးလက်ခံနိုင်ကြလိမ့်မည်ဟု မဆိုဝံ့၊ မပြောဝံ့ပါ။

မိမိ၏ အရင်းခံစေတနာမှာ ဥပဒေပညာရပ်အပေါ် တွေးပါ၊ မြင်ပါ၊ အတွေးသစ်၊ အမြင်သစ်တွေ ရှာဖွေပါ။ ဆန်းသစ်ပါ၊ တီထွင်ပါ၊ ဥပဒေအဆိုအမိန့်တွေထုတ်ပါ။ ဤသည်တို့အတွက် ပမာဆောင်ကာ စေ့ဆော်ပေးခြင်းဖြစ်သည်။ မီးမောင်းထိုးပြခြင်းသာဖြစ်သည်။ သဘောတွေ့လျှင် ယူ၍ သဘောမတွေ့က လိုအပ်ချက်အဖြစ် မှတ်ယူစေလိုပါသည်။

**ဥပဒေပညာရပ်အပေါ် အတွေးသစ်၊ အမြင်သစ်တွေ ရှာဖွေဖော်ထုတ်နိုင်ကြပါစေ၊**

**သစ်လွင်ဆန်းသစ်သော ဥပဒေအဆိုအမိန့်များဖြင့် လောကအကျိုး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ။**

# မြန်မာပြည်သူများ၏ ဘဝတိုးတက်ရေး ပြည်သူ့အသံနားထောင်ပေး

ဒေါက်တာဝါဝါမောင်(စီမံ/ဘဏ္ဍာ)

မိမိတို့မြန်မာ့လူ့အဖွဲ့အစည်းအား ပွင့်လင်း၍ နိုင်ငံရေးရင့်ကျက်မှုရှိသည့် အပြန်အလှန် လေးစားတတ်ပြီး အားလုံးပါဝင်နိုင်သည့် ခေတ်မီလူ့အဖွဲ့အစည်း တစ်ရပ်အဖြစ် ရောက်ရှိအောင် ဦးတည်၍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယခုအခါ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်သစ်သို့ ဦးတည်ရာတွင် ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းစဉ်များအား ပြည်သူအပါအဝင် ဖွံ့ဖြိုးမှုတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ၊ သက်ဆိုင်သူများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု (People-centered Development) မူဝါဒကို အကောင်အထည်ဖော်ဆောင်ရန်၊ မြန်မာပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖော်ထုတ်နိုင်ရန် ပြည်သူ့အသံအားနားထောင်ပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ပြည်သူ့အသံနားထောင်ရေးအတွက် ကျပန်းနမူနာ ကောက်ယူခြင်းဖြင့် ကဏ္ဍအသီးသီးအတွက် စစ်တမ်းများကောက်ယူ ဆောင်ရွက်နိုင်ပါသည်။ မိမိတို့ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကမ္ဘာ့ဘဏ် (WB) တို့မှ ငွေကြေးနှင့် နည်းပညာအကူအညီများရယူ၍ မြန်မာနေထိုင်မှုအခြေ အနေစစ်တမ်း (၂၀၁၇) အား Quarter လေးခုဖြင့် ၂၀၁၇ ခုနှစ် တစ်နှစ် ပတ်လုံး ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ စစ်တမ်းအား မကောက်ယူမီ စစ်တမ်းမေးခွန်းလွှာပြင်ဆင်ခြင်းလုပ်ငန်းများ၊ စစ်တမ်းနည်းပညာ၊ လွှမ်းခြုံနိုင်မည့် နယ်ပယ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲ သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး စမ်းသပ်ကောက်ယူမှုများအား သုံးကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါသည်။ ကောက်ယူရန်အတွက် အထူးလေ့ကျင့် သင်တန်းပေးထားသော အဖွဲ့များအား မြန်မာနိုင်ငံ အနှံ့အပြားသို့ စေလွှတ်တာဝန်ပေးကာ ကောက်ယူခဲ့ပါသည်။ အထူးတာဝန်ပေးထားသည့် ဝန်ထမ်းများအား အဆိုပါစစ်တမ်းလုပ်ငန်းဆောင်ရွက်ချိန်အတွင်း ဌာန၏ပုံမှန်လုပ်ငန်းများအား တာဝန်ပေးအပ်ခြင်းမရှိဘဲ အဆိုပါ စစ်တမ်းအလုပ်ကိုသာ တစ်နှစ်ပတ်လုံး စူးစိုက်ဇောက်ချ လုပ်ကိုင်စေပါသည်။

မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇)သည် မြန်မာနိုင်ငံ အနှံ့အပြားရှိ ပြည်သူများ မည်ကဲ့သို့နေထိုင်နေကြကြောင်းကို ဘက်ပေါင်းစုံမှ လေ့လာသည့် စစ်တမ်းတစ်ခုဖြစ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်သူတို့၏ နေထိုင်မှုအခြေအနေကို သိရှိနိုင်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးနှင့် နိုင်ငံ၏ လူမှု စီးပွားဖွံ့ဖြိုးမှုအတွက် မူဝါဒများနှင့် စီမံချက်များ ချမှတ်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) များ အကောင်အထည်ဖော်ဆောင်ရေးအတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များ၊ ညွှန်ကိန်းများ ရရှိနိုင်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ မြို့နယ်အလိုက်၊ မြို့ပြ၊ ကျေးလက် ခွဲခြား၍ စားသုံးသူ ဈေးဆနှုန်း (CPI) နှင့် ငွေကြေးဖောင်းပွမှုနှုန်း တွက်ချက်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် အမျိုးသားစာရင်းစနစ် (SNA) တွက်ချက်ရန်အတွက် စုစုပေါင်း စားသုံးမှုကုန်ကျစရိတ်တို့ကို ခန့်မှန်းနိုင်ရန် ရည်ရွယ်၍ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) (Myanmar Living Conditions Survey - MLCS) ကို ကောက်ယူခဲ့ပါသည်။

အဆိုပါ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) ကို မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးရှိ မြို့နယ်ပေါင်း ၃၃၀ တွင် အိမ်ထောင်စုပေါင်း ၁၃၀၀၀ ကျော်အား Quarter လေးခုလုံး ကောက်ယူခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် ပြီးစီးခဲ့ပြီး အချက်အလက်များ ရေးသွင်းကာ စိစစ်၍ လူမှု စီးပွားအခြေအနေများ ဖော်ပြနိုင်ရေးအတွက် ညွှန်ကိန်းများ တွက်ချက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် မေလကုန်တွင် အဓိကညွှန်ပြချက်အစီရင်ခံစာနှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် လူမှု စီးပွားရေးအခြေအနေ အစီရင်ခံစာတို့ကို ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဤစစ်တမ်းတွင် လူများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ရရှိသောဝင်ငွေအား စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် မိသားစု၏ အခြားကိစ္စနှင့် လိုအပ်ချက်များအတွက် သုံးစွဲပုံဆိုင်ရာ အချက်အလက်များကို ကောက်ယူစုဆောင်းပါသည်။ စုဆောင်းရရှိသော အချက်အလက်များအား အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများအား ချမှတ်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့ပြင်နိုင်ငံ၏ စာရင်းအင်း အချက်အလက်များမှန်ကန်ရေး၊ နိုင်ငံလုံးဆိုင်ရာ ဘက်ညီဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရေးနှင့် လူမှု၊ စီးပွားဆိုင်ရာ ညွှန်ကိန်းများ တွက်ချက်နိုင်ရေးတို့အတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ဖော်ပြပါပုံအနေဖြင့် စစ်တမ်းစတင်ဆောင်ရွက်စဉ်ကတည်းက ပြည်သူများနှင့် စစ်တမ်းတွင် ပါဝင်ပတ်သက်သူများအားလုံးသို့ အသိပညာပေးဆောင်ရွက်ခဲ့သည့် ပုံဖြစ်ပါသည်။

အောက်ပါ လွယ်ကူရိုးရှင်းသည့် မေးခွန်းများနှင့် စစ်တမ်းအကြောင်းအရာအား တင်ပြလိုပါသည်။

**(က) မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းအား မည်သည့်နေရာများတွင် ကောက်ယူခဲ့ပါသနည်း။**

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် စစ်တမ်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ခရိုင်အားလုံးနှင့် မြို့နယ်အားလုံးနီးပါးတွင် ကောက်ယူခဲ့သဖြင့် မြို့ပြ၊ ကျေးလက်၊ တောင်ပေါ်၊ မြေပြန့်ဒေသအားလုံး အကျုံးဝင်ပါသည်။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ အိမ်ထောင်စုပေါင်း ၁၃၈၂၄ ကို ကောက်ယူရန် ရည်ရွယ်ခဲ့သော်လည်း ဖြေကြားမှု ပျက်ကွက်ခြင်းများရှိခဲ့သဖြင့် အိမ်ထောင်စုပေါင်း ၁၃၇၃၀ ကိုသာ ကောက်ယူနိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤစစ်တမ်းအပေါ် တုံ့ပြန်မှုမှာ ၉၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။



ဤစစ်တမ်း၏ လွှမ်းခြုံမှုမှာ ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောနှင့် 'ဝ' ဒေသမှလွဲ၍ ကျန်နယ်မြေအားလုံးအား လွှမ်းခြုံနိုင်မှုရှိခဲ့ပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသနှင့် 'ဝ' ဒေသတို့တွင် နယ်မြေလုံခြုံရေးကြောင့် စစ်တမ်းမေးမြန်းခွင့် မရရှိခဲ့သော်လည်း အဆိုပါ ဒေသများတွင် အလားတူ လူမှုအသိုင်းအဝိုင်းများရှိသည့် စစ်တမ်းကောက်ဒေသအား အစားထိုးဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်း စစ်တမ်းကောက်ယူသည့် ဒေသ (Enumeration Area- EA) ပေါင်း ၁၁၄၅ ခု ရှိခဲ့ပါသည်။

**(ခ) စစ်တမ်းအား မည်သူမှ ကောက်ယူခဲ့ပါသနည်း။**

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့မှ ဦးဆောင်ကာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့မှ ငွေကြေးနှင့် နည်းပညာအကူအညီများ ရယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စစ်တမ်းကောက်ယူရန်အတွက် အထူးလေ့ကျင့်သင်တန်းပေးထားသော အဖွဲ့များအား မြန်မာနိုင်ငံအနှံ့အပြားသို့ စေလွှတ်တာဝန်ပေးကာ ကောက်ယူခဲ့ပါသည်။

**(ဂ) စစ်တမ်းမေးခွန်းသည် မည်သည့် နယ်ပယ်များအား ကောက်ယူခဲ့သနည်း။**

စစ်တမ်းမေးခွန်းသည် အိမ်ထောင်စုများ၏ လူဦးရေအရွယ်အစား၊ ဝင်ငွေ၊ အသုံးစရိတ်၊ မည်သည့်ကုန်စည်များအား မည်သည့်ဈေးနှုန်းဖြင့် ဝယ်ယူစားသောက်သည်စသဖြင့် ရာသီအလိုက် အလုပ်အကိုင် အကြောင်းအရာ၊ မှီခိုသူ ဦးရေ၊ ကျောင်းသား၊ ပညာရေးနှင့် ကျန်းမာရေး၊ မီးနှင့် စွမ်းအင်အသုံးပြုမှု၊ ရေရရှိမှု၊ သန့်ရှင်းသည့် အိမ်သာအသုံးပြုမှု စသည့် အိမ်အကြောင်းအရာများ၊ ဒေသလမ်းပန်းဆက်သွယ်ရေး၊ ပိုင်ဆိုင်မှု၊ နည်းပညာအသုံးပြုနိုင်မှု၊ မသန်စွမ်းသူ ရှိ၊ မရှိ၊ ရွှေ့ပြောင်းနေထိုင်လာသူ ဟုတ်၊ မဟုတ် စသည့် အကြောင်းအရာများအား သုံးလတစ်ကြိမ် Quarterly မေးမြန်းဆောင်ရွက်ထားခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအား အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်သူတို့၏ ဝင်ငွေနှင့် အလုပ်အကိုင်များသည် ရာသီအလိုက် အပြောင်းအလဲများ မည်သို့ ဖြစ်ပေါ်နေသည်ကို သိရှိစေနိုင်ပါသည်။။

**(ဃ) စစ်တမ်းအား မည်သည့်အချိန်မှ စတင်ကောက်ယူခဲ့ပြီး မည်သည့်အချိန်တွင် ပြီးဆုံးခဲ့သနည်း။**

စစ်တမ်းအား ၁၂ လတိုင်အောင် တစ်နှစ်ပတ်လုံး ကောက်ယူခဲ့ပြီး ကွင်းဆင်း စစ်တမ်းကောက်ယူမှုများအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ Field များတွင် ရေးသွင်းခဲ့သည့် စာရင်းအချက်အလက်များအား ပြန်လည် စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ ညွှန်ကိန်းများ တွက်ချက်ခြင်း၊ အစီရင်ခံစာရေးသားခြင်း၊ စာရင်းအချက်အလက် အသုံးပြုသူများ၊ စစ်တမ်းတွင် ပါဝင်ပတ်သက်သူအားလုံးနှင့် ဆွေးနွေးပွဲဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

**(င) စစ်တမ်းမှ ရရှိသောရလဒ်များအား မည်သို့ အသုံးပြုမည်နည်း။**

ဤစစ်တမ်းတွင် လူများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ရရှိသော ဝင်ငွေအား စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် မိသားစု၏ အခြားကိစ္စနှင့် လိုအပ်ချက်များအတွက် သုံးစွဲပုံဆိုင်ရာ အချက်အလက်များကို ကောက်ယူ စုဆောင်းပါသည်။ စုဆောင်းရရှိသော အချက်အလက်များအား အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများအား ချမှတ်ရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် မေလကုန်ပိုင်းတွင် စစ်တမ်းရလဒ်များအဖြစ် အဓိကညွှန်ပြချက်အစီရင်ခံစာ ရရှိမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ မြန်မာပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် မူဝါဒများနှင့် အစီအစဉ်များကို ရေးဆွဲချမှတ်ရာတွင် တွေ့ရှိချက်များအား ထည့်သွင်းစဉ်းစား အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန် နောက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေအနေများ အပါအဝင် မြန်မာနိုင်ငံ၏ လူမှု၊ စီးပွားအခြေအနေအား တင်ပြသည့် အစီရင်ခံစာအား ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စစ်တမ်းမှရရှိသည့် အချက်အလက်များကို အသုံးပြုခြင်းဖြင့် သုတေသနပညာရှင်များအနေဖြင့် မြန်မာနိုင်ငံရှိ လူနေမှုအခြေအနေများကို ပိုမို၍ အသေးစိတ် ဆန်းစစ် လေ့လာနိုင်မည်ဖြစ်ပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများမှလည်း မြန်မာနိုင်ငံအတွင်းရှိ အားနည်းချက်ရှိသူများ၏ လိုအပ်ချက်များအတွက် အသိပေး ရှင်းလင်းဆွေးနွေးမှုများကို ပြုလုပ်ပေးနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အိမ်ထောင်စုများ၏ စားသုံးမှုပုံဏ္ဍာန် အပြောင်းအလဲအလိုက် ထုတ်လုပ်မှုပုံစံအား လိုက်ပါပြောင်းလဲနိုင်မည်၊ ကျေးလက်ဒေသများတွင် ဝင်ငွေတိုးတက်ရေးအတွက် မည်သည့်ဒေသများတွင် မည်သည့် ထုတ်လုပ်မှုပုံစံနှင့် လိုက်လျောညီထွေမှု ရှိနိုင်သည်၊ လယ်ယာနှင့် လယ်ယာမဟုတ်သော စီးပွားရေးလုပ်ဆောင်ချက်များအား မည်သည့်ဒေသတွင် မည်သို့ ဖော်ထုတ်နိုင်မည်၊ ထုတ်လုပ်မှုမှ ပြည်သူများ၏ စုစုပေါင်းစားသုံးမှုအား ချန်လှပ်၍ ကျန်ရှိနေသောထုတ်ကုန်များအား ပို့ကုန်အဖြစ် တင်ပို့ရာတွင် ခန့်မှန်းသည့် ကိန်းဂဏန်းများ အနီးစပ်ဆုံး မှန်ကန်စေခြင်း၊ ဝင်ငွေ၏ မည်သည့် ရာခိုင်နှုန်းကို အစားအစာစရိတ်အတွက် အသုံးပြုပြီး မည်သည့် ရာခိုင်နှုန်းအား ဝန်ဆောင်မှုအတွက် အသုံးပြုသနည်း၊ အလုပ်လက်မဲ့နှုန်း၊ ထို့ပြင် သန့်ရှင်းသော သောက်သုံးရေ လိုအပ်နေသည့် ဒေသများ၊ သန့်ရှင်းမှုနှင့် အိမ်သာသုံးစွဲမှုအတွက် အသိပညာမြှင့်တင်ရန် လိုအပ်မည့် နယ်ပယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လျှပ်စစ်မီးသုံးစွဲမှု၊ မည်သည့် စွမ်းအင်ဇာစ်မြစ်ကို အသုံးပြုနေကြသည်၊ အမျိုးသားဓာတ်အားလိုင်းမှ မီးရယူ သုံးစွဲနေသည့် အိမ်ထောင်စု အရေအတွက်နှင့် off-Grid မှ လျှပ်စစ်ရယူသုံးစွဲနေသည့် အိမ်ထောင်စုများ၊ စွမ်းအင်ဇာစ်မြစ် အသီးသီးမှ အသုံးပြုနေသည့် အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း၊ အလားတူပင် ကလေးများကျောင်းဝင်မှုနှုန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အတန်းအလိုက် ကျောင်းထွက်နှုန်း၊ ကျန်းမာရေး ဝန်ဆောင်မှု လိုအပ်ချက်များ စသည်ဖြင့် လူမှု၊ စီးပွားအခြေအနေတို့ကို ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။

**(စ) ဤကဲ့သို့သော စစ်တမ်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကောက်ယူခြင်းဖြစ်ပါသလား။**

မြန်မာနိုင်ငံတွင် ယခင်က အိမ်ထောင်စုစစ်တမ်းအမျိုးမျိုးကို ကောက်ယူခဲ့ဖူးပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၅ ခုနှစ်နှင့်၂၀၁၀ ခုနှစ်)၊ အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်း (၁၉၈၉ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း) နှင့် မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအခြေအနေ စစ်တမ်း (၂၀၁၅ ခုနှစ်) တို့ဖြစ်ပါသည်။

မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းသည် ယခင်ကဆောင်ရွက်ခဲ့သော အိမ်ထောင်စု စစ်တမ်းအားလုံးကို တစ်ခုတည်းအဖြစ် ပေါင်းစည်းကာ ပိုမိုကျစ်လျစ်ခိုင်မာကောင်းမွန်သော ဒီဇိုင်းပုံစံ၊ နည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၁၇ သို့**

# အဆင့်မြင့်မင်္ဂလာဈေးသစ် (ရန်ကုန်)အား မြန်မာငွေကျပ် ၆၈ ဘီလီယံခန့် အကုန်အကျခံ တည်ဆောက်သွားမည်

**ရန်ကုန် မေ ၃**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်က လောင်ကျွမ်းခဲ့သည့် မီးကြောင့် ဖြိုချခဲ့ရသည့် မင်္ဂလာဈေးအဆောက်အအုံ ဟောင်းမြေနေရာတွင် အဆင့်မြင့်ဈေးသစ်ကြီးအား ဆန်းမြတ်ထွန်း ကုမ္ပဏီအုပ်စုက မြန်မာငွေကျပ် ၆၈ဘီလီယံခန့် အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါ ဈေးဟောင်းမြေနေရာတွင် ပြုလုပ်သည့် အဆင့်မြင့်မင်္ဂလာဈေးသစ် (ရန်ကုန်) တည်ဆောက်မှု ပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားမှ သိရသည်။

"ကုန်ကျငွေခန့်မှန်းခြေ မြန်မာငွေကျပ် ၆၈ ဘီလီယံ လောက်ကုန်ကျမယ်လို့ မှန်းထားပါတယ်။ နည်းပညာ အနေနဲ့က မြန်မာပြည်က အင်ဂျင်နီယာအစုအဖွဲ့ရယ်၊ နိုင်ငံခြားက အကြံပေးအင်ဂျင်နီယာ အစုအဖွဲ့တွေနဲ့ တည်ဆောက်သွားမှာပါ" ဟု ဆန်းမြတ်ထွန်း ကုမ္ပဏီအုပ်စုမှ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာနေလင်းထွန်းက ပြောသည်။

အဆိုပါ ပန္နက်တင်အခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ပြည်သူလူထုနဲ့ ပြည်သူလူထု အကျိုးအတွက် ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းပြီး ဈေးကြီးကို တည်ဆောက်ဖို့ မျှော်မှန်းထားပါတယ်။ ဈေးကြီးကို သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်း လပေါင်းသုံးဆယ်အတွင်းမှာ အပြီးဆောင်ရွက်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ မြို့တော်စည်ပင်သာယာဘက်က ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလို ကြီးကြပ်ဆောင်ရွက်တဲ့အခါမှာ အရည်အသွေးကိုလည်း ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်း၏ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။



ယခုတည်ဆောက်မည့် အဆင့်မြင့် မင်္ဂလာဈေးသစ်ကြီးတွင် ကားအစီးရေ ၈၀၀ ဆံ့ ကားပါကင် မြေညီထပ်နှစ်ထပ်ပါဝင်မည်ဖြစ်သည်။ ပထမထပ်မှ ပဉ္စမထပ်အထိ ငါးထပ်အား ဈေးသူဈေးသားများအတွက် ဆိုင်ခန်းများ ပြန်လည်နေရာချထားပေးမည်ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး ကျန်ရှိသည့် အထပ်ပေါင်း ၁၀ ထပ်ကို ကုမ္ပဏီမှ ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ဆန်းမြတ်ထွန်း ကုမ္ပဏီအုပ်စုမှ သိရသည်။

ထို့ပြင် အဆိုပါဈေးသစ်ကြီးတွင် လူနေအိမ်ခန်းများ ပါဝင်မည်မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက်သာဖြစ်ပြီး ရန်ကုန်မြို့၏ စံနမူနာပြုရာ ခေတ်မီ အဆင့်မြင့် စံပြဈေးကြီးအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ယနေ့ပြုလုပ်သည့် အဆင့်မြင့် မင်္ဂလာဈေးသစ် (ရန်ကုန်) ပန္နက်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဆုဆု**

## စွန့်ပစ်အမှိုက်များ စနစ်တကျစီမံခန့်ခွဲမှု အကောင်အထည်ဖော်ရေး လူထုလှုပ်ရှားမှု ဆောင်ရွက်

**တနင်္သာရီ မေ ၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီး၍ အရှေ့မော်တုန်း ကျေးရွာအုပ်စု-အရှေ့မော်တုန်းကျေးရွာတွင် မေ ၃ ရက် နံနက် ၉ နာရီခွဲက ကျေးရွာအဆင့် စွန့်ပစ်အမှိုက် စနစ်တကျ စီမံခန့်ခွဲမှုကောင်းမွန်ရေး ကျေးရွာအတွင်း အမှိုက်များကို စုပေါင်းသိမ်းဆည်းခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ အရှေ့မော်တုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း စာသင်ဆောင်အတွင်း အရှေ့မော်တုန်းကျေးရွာ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက မိမိတို့၏ ကျေးရွာ၊ ရပ်ကွက် သန့်ရှင်းသာယာလှပရန် လူတိုင်းတွင် တာဝန်ရှိသကဲ့သို့ မိမိတို့၏ သားသမီးများကို ယခုကပင် စနစ်တကျအမှိုက်စွန့်ပစ်တတ်ရန် လေ့ကျင့်ပေးသင့်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဟုန်စိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး(မြို့ပြ) ဦးညီညီဝင်းတို့က ကျေးရွာတွင်း လမ်းအတွင်းအမှိုက်ပုံးများ ထားရှိပေးမည့်အစီအစဉ်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှိုက်ပုံးများအား ဒေသခံများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် ဒေသခံ ၇၀ ခန့်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဦးစီးမှူးများ စုပေါင်း၍ အရှေ့မော်တုန်းကျေးရွာ (ရွာမ)လမ်းတစ်လျှောက် စွန့်ပစ်အမှိုက်များကို သိမ်းဆည်းခဲ့ကြကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

❂ စာမျက်နှာ ၁၆ မှ

**(ဆ) စစ်တမ်းနှင့်ပတ်သက်၍ စာရင်းအင်းအရည်အသွေးအား မည်သို့ ထိန်းချုပ်ပါသနည်း။**

စစ်တမ်း၏ Master Sampling Frame အား ၂၀၁၄ လူဦးရေနှင့် သန်းခေါင်စာရင်းမှ လူဦးရေအားလုံးအား လွှမ်းခြုံမိစေရန် အသုံးပြုထားခြင်း၊ စစ်တမ်းမေးခွန်းလွှာအား ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ပေးထားသည့် မေးခွန်းလွှာ မေးမြန်းသူများအား အသုံးပြုခြင်း၊ သက်ဆိုင်ရာ နယ်မြေအလိုက် ဘာသာစကားကျွမ်းကျင်သူ ဘွဲ့ရနယ်မြေခံများအား အသုံးပြုထားခြင်း၊ စစ်တမ်းတွင် မေးခွန်းမေးမြန်းသူ၊ စာရင်းအချက်အလက်များ ရေးသွင်းသူ၊ ကြီးကြပ်သူများဟူ၍ နယ်မြေအသီးသီးတွင် အစုအဖွဲ့ဖွဲ့စည်းထားရှိပြီး ဗဟိုစာရင်းအင်းအဖွဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ခံများမှလည်း ဆက်သွယ်ဆောင်ရွက်ရေး ကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

အထူးတာဝန်ပေးထားသည့် ဝန်ထမ်းများအား အဆိုပါ စစ်တမ်းလုပ်ငန်းဆောင်ရွက်ချိန်အတွင်း ဌာန၏ ပုံမှန်လုပ်ငန်းများအား တာဝန်ပေးအပ်ခြင်းမရှိဘဲ အဆိုပါ စစ်တမ်းအလုပ်ကိုသာ တစ်နှစ်ပတ်လုံး စူးစိုက်ဇောက်ချလုပ်ကိုင်စေခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် စစ်တမ်းကြီးကြပ်ရေးအဖွဲ့မှ Spot Check များဖြင့် စစ်တမ်းအရည်အသွေးနှင့် ကောက်ယူပုံများအား စစ်ဆေးခြင်း၊ ပထမအကြိမ် ကွင်းထဲတွင် သွင်းယူခဲ့သည့် အချက်အလက်များအား ရုံးချုပ်တွင် ချက်ချင်းပြန်လည်စိစစ်သည့် Double Data Entry စနစ်အား အသုံးပြုထားခြင်း၊ UNDP နှင့် World Bank မှ ပံ့ပိုးပေးထားသည့် ကျွမ်းကျင်သူများကလည်း ကွင်းထဲမှ အချက်အလက်ရေးသွင်းမှုများအား စဉ်ဆက်မပြတ် စစ်ဆေးခြင်း၊ GPS စနစ်အား အသုံးပြုခြင်း၊ သက်ဆိုင်ရာစိန်ခေါ်မှုနှင့် အခက်အခဲများအား ဖြေရှင်းနိုင်ရေးအတွက် Survey Network ထားရှိ၍ ရုံးချုပ်နှင့် ဆက်သွယ်ဆောင်ရွက်စေပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ UNDP နှင့် World Bank တို့မှ တာဝန်ရှိသူများအနေဖြင့် သုံးလတစ်ကြိမ် စစ်တမ်းတိုးတက်မှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် အခက်အခဲ စိန်ခေါ်မှုများအား ဖြေရှင်းညှိနှိုင်းသည့် အစည်းအဝေး ကျင်းပဆောင်ရွက်ခဲ့ခြင်းတို့ဖြင့် စစ်တမ်း၏ အရည်အသွေးကို ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

**(ဇ) စစ်တမ်းနှင့် စပ်လျဉ်း၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအား ဖော်ပြပါ။**

စစ်တမ်းမေးခွန်းလွှာသည် အပိုင်း (၁၃) ပိုင်း ပါဝင်ပြီး မေးမြန်းရာတွင် နှစ်နာရီကျော် ကြာမြင့်သည့်အတွက် စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားနိုင်ရေးအတွက် အိမ်ထောင်စုများကို နားလည်အောင် စည်းရုံးရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသအတော်များများတွင် စစ်တမ်းအား စိတ်ပါလက်ပါ ဖြေဆိုမှုများ ကြုံတွေ့ရသော်လည်း ရန်ကုန်ကဲ့သို့ မြို့ကြီးပြကြီးများတွင် အချိန်ပေးဖြေဆိုမှု မပြုလိုသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ စစ်တမ်းကို သုံးလတစ်ကြိမ် Four Quarters ဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အနှံ့ကောက်ခံသည့်အတွက် နေပူမိုးရွာမရှောင် ဆောင်ရွက်ခဲ့ပါသည်။ ကားမပေါက်၍ သွားလာရ ခက်ခဲသည့် ဒေသများ၊ အထူးသဖြင့် မိုးတွင်း၌ ချင်းပြည်နယ်တွင် မိုးကြီးခြင်း၊ တောင်ပြိုခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ယာဉ်များ နွံ့ညွှန်များ နစ်ခြင်း၊ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စက်လှေဖြင့် ခရီးသွားရသဖြင့် လေမုန်တိုင်းနှင့် ကြုံခြင်း၊ မိုးကြီး၍ လှိုင်းကြီးခြင်း၊ ရှမ်းပြည်နယ် လားရှိုး၊ မူဆယ်ဒေသများ၊ ကချင်ပြည်နယ် အထက်ပိုင်းဒေသများတွင် တိုက်ပွဲနှင့် နယ်မြေမအေးချမ်းမှု၊ မငြိမ်သက်မှုများအကြား စစ်တမ်းအား ကြိုးစားကောက်ယူခဲ့ရခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကြုံတွေ့ခဲ့ရ၍ စစ်တမ်းကိစ္စ အကျိုးအကြောင်းများ ရှင်းလင်းပြောဆိုရခြင်း၊ အချို့သောတိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် စစ်တမ်းကောက်ယူရာတွင် လူစိမ်း၊ မျက်နှာစိမ်း ပါဝင်နေသည့်အတွက် နှစ်သက်မှုမရှိဘဲ ရန်ပြုခံရခြင်း စသည်ဖြင့် အသက်အန္တရာယ်များအကြားမှ လူထုဆက်ဆံရေးဖြင့် အဆင်ပြေအောင် ပြောဆိုဆက်ဆံ၍ ကောက်ခံဆောင်ရွက်ခဲ့ပါသည်။ မည်သို့ဆိုစေ စာရင်းအင်းအချက်အလက်များ၏ အရေးပါမှုနှင့် ပြည်သူ့အသံနားထောင်၍ ပြည်သူ လိုအပ်သောအချက်အလက်များ ဖော်ထုတ်ရေး၏ အရေးပါမှုတို့ကို ပညာပေးမြှင့်တင်မှုများစွာ ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်ပါသည်။

**(ဈ) စစ်တမ်းနှင့် စပ်လျဉ်း၍ နည်းပညာ လွှဲပြောင်းမှု ရရှိနိုင်ပါသလား။**

မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်တွင် ဖွံ့ဖြိုးမှုအကူအညီများအား ရရှိနေချိန်တွင် နည်းပညာလွှဲပြောင်းမှုကို ကောင်းစွာဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် စစ်တမ်းနည်းပညာ၊ စစ်တမ်းအား စီမံခန့်ခွဲအုပ်ချုပ်ပုံ၊ စာရင်းအင်း အချက်အလက်များအား အရည်အသွေး ပြည့်ဝမှုအတွက် စိစစ်ဆောင်ရွက်သည့် အလေ့အကျင့်၊ ညွှန်ကိန်းများ တွက်ချက်ခြင်း၊ အချက်အလက်များ စိစစ်ဆောင်ရွက်ရာတွင် Software အသုံးပြုမှု၊ GPS အသုံးပြုမှု၊ တွက်ချက်ရရှိပြီးသော ကိန်းဂဏန်းများ၊ ညွှန်ကိန်းများအား သုံးသပ်ခြင်း၊ အစီရင်ခံစာ ရေးသားခြင်း စသည့် နယ်ပယ်များတွင် နည်းပညာ လွှဲပြောင်းမှုများ ရရှိစေပါသည်။ စစ်တမ်းဆောင်ရွက်သည့် ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီးသို့ သွားရောက်ဆောင်ရွက်ရသည့်အတွက် ဒေသန္တရနယ်မြေနှင့်ဆိုင်သော အတွေ့အကြုံ ဗဟုသုတများလည်း ရရှိစေပါသည်။

**(ည) စစ်တမ်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်နှင့် ထုတ်ပြန်ကြေညာမည့် အချိန်၊ အခြားသိလိုသည့် အချက်အလက်များရှိပါက မည်သို့ရရှိနိုင်မည်နည်း။**

စစ်တမ်းနှင့်ပတ်သက်၍ မေလကုန်တွင် အဓိက ညွှန်ကိန်းများအား တွက်ချက်ထုတ်ပြန် ကြေညာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်း၊ မညီမျှမှု ညွှန်ကိန်းများအပါအဝင် လူမှု၊ စီးပွားအခြေအနေ အစီရင်ခံစာအား ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်တွင် ထုတ်ပြန်ကြေညာရန် အစီအစဉ်ရှိပါသည်။ စစ်တမ်းအစီရင်ခံစာအား Hard Copy နှင့်အတူ Soft Copy အား ဗဟိုစာရင်းအင်းအဖွဲ့ ဝက်ဘ်ဆိုက် www.mmsis.gov.mm တွင်လည်းကောင်း၊ ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mopf.gov.mm တွင်လည်းကောင်း Download ရယူနိုင်အောင် တင်ပြမည် ဖြစ်ပါသည်။

စစ်တမ်းနှင့်ပတ်သက်သော ဆောင်ရွက်မှုအချက်အလက်များအား ဗဟိုစာရင်းအင်းအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့၏ အွန်လိုင်းရှိ ဝက်ဘ်ဆိုက်များတွင် ရရှိနိုင်ပါသည်။ သီးသန့်မေးမြန်းလိုသော မေးခွန်းများရှိပါက dgcsomopf@gmail.com အီးမေးလ်သို့ ပေးပို့မေးမြန်းနိုင်ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့်လည်းပူးပေါင်း၍ စာတမ်းများ ဆက်လက်ပြုစုထုတ်ဝေသွားမည် ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ပြည်သူအများကို အကျိုးပြုသည့် အမျိုးသားစီးပွားရေးစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှတစ်ဆင့် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန် ဒီမိုကရေစီစနစ် ရှင်သန်ရေးနှင့်အတူ အမြစ်တွယ် ခိုင်မာရေး၊ မတူညီကွဲပြားမှုများရှိနေသည့် လူ့အဖွဲ့အစည်းအတွင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန် လေးစားနားလည်မှု၊ လူများစုမှ လူနည်းစု၏ လိုလားချက်များကို အလေးထား အသိအမှတ်ပြုရေး၊ ပွင့်လင်းလွတ်လပ်ပြီး တည်ငြိမ်မှုရှိသည့် နိုင်ငံရေးဖြစ်စဉ်နှင့်အတူ ဖွံ့ဖြိုးမှုအသီးအပွင့်များအား နိုင်ငံသားအားလုံး ပါဝင်ခံစားနိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်မြင့်မားလာရေးနှင့် နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ဒေသတွင်းစီးပွားရေး အဆောက်အအုံ၊ ကမ္ဘာ့စီးပွားရေး အဆောက်အအုံနှင့် ပြန်လည်ချိတ်ဆက်မိရေး ဟူသည့် လုပ်ငန်းစဉ်များမှာ အလွန်အရေးပါသည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ **"မြန်မာပြည်သူများ၏ ဘဝတိုးတက်ရေး ပြည်သူ့အသံနားထောင်ပေး"** ခြင်းဖြင့် မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) မှ ပြည်သူဗဟိုပြုမူဝါဒကို ဖော်ဆောင်၍ အထက်ဖော်ပြပါ နိုင်ငံတော် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအား ဆောင်ရွက်ရာတွင် လူမှု စီးပွား ဖွံ့ဖြိုးရေးအတွက် မူဝါဒများ ဖော်ထုတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ပါရန် မူဝါဒဆိုင်ရာ ထောက်ခံချက်များအား ဖော်ထုတ်သွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ယခုအခါ စစ်တမ်း၏ အစီရင်ခံစာ (မူကြမ်း) ပြီးစီးနေပြီဖြစ်ပြီး တရားဝင်ထွက်ရှိပြီးပါက စစ်တမ်းတွေ့ရှိချက်များကို ကောက်နုတ်၍ ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။ ။

# ဘဏ်အတိုးနှုန်းပြောင်းလဲလိုက်ခြင်းအပေါ် ရရှိလာမည့် အကျိုးသက်ရောက်မှုများအား ကမ္ဘောဇဘဏ် ရှင်းလင်းပြောကြား

**မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းတွင် သက်တမ်း၊ ဘဏ်ခွဲနှင့် ဈေးကွက်ဝေစု အများဆုံးရရှိထားသည့် ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးနှစ်အထိ ထုတ်ချေးပေးနိုင်သည့် ချေးငွေ (Term Loan) နှင့် ငါးနှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စသည့် နှစ်ရှည်ထုတ်ချေးနိုင်သည့် Home Loan ချေးငွေများကို ၂၀၁၈ ခုနှစ် မေ ၁ ရက်မှ စတင်ထုတ်ချေးမည်ဟု ကြေညာချက်ထုတ်ပြန်လိုက်သည်။ ထို့အတူ ကာလရှည်ချေးငွေများ ထုတ်ချေးနိုင်ရန် ပြင်ဆင်ခြင်းနှင့်အတူ ကာလရှည်အပ်ငွေများအပေါ်ကိုလည်း ပေးအပ်သည့် အတိုးနှုန်း ပြောင်းလဲလိုက်သည့်အတွက် ဘဏ်လောကနှင့် အများပြည်သူတို့အတွက် စိတ်ဝင်စားဖွယ်သတင်းဖြစ်ခဲ့ရပြီး ယင်းသို့ပြောင်းလဲလိုက်ခြင်းအပေါ် ရည်ရွယ်ချက်၊ အကျိုးကျေးဇူးတို့အပြင် ရရှိလာမည့် စီးပွားရေးအလားအလာများအပေါ် ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်မျိုးနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**မေး။ ။ ဧပြီ ၃၀ ရက်က ထုတ်ပြန်လိုက်တဲ့ ကြေညာချက်မှာ အရင်ကလုပ်ငန်းရှင်တွေကို ထုတ်ချေးတဲ့ တစ်နှစ် ချေးငွေအစား သုံးနှစ်အထိ ထုတ်ချေးပေးနိုင်တဲ့ ချေးငွေ ထုတ်ချေးပေးမယ်ဆိုတာသိရပါတယ်။ အဲလိုလုပ်ဆောင်လာရခြင်းရဲ့ အခြေခံအကြောင်းတရားကို ရှင်းပြပေးပါ။**

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇူလိုင် ၇ ရက်၊ ၂၀၁၇ ခုနှစ်တုန်းက စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်တွေ ထုတ်လိုက်တာရှိတယ်။ အဲဒီမှာ ချေးငွေအပေါ်မှာပိုပြီးတော့ တင်းကျပ်ထားတယ်။ မကောင်းဘူးလားဆိုတော့ ပိုပြီးတော့ ကောင်းတယ်။ ဒါပေမဲ့ ချက်ချင်း အကောင်အထည်ဖော်ဖို့ ခက်တယ်။ အဲဒီ အခက်အခဲတွေကို ဆွေးနွေးတင်ပြရင်းနဲ့ ယခင် ချေးငွေကို တစ်နှစ်ပဲခွင့်ပြုခဲ့တာကနေ သုံးနှစ် ခွင့်ပြုလိုက်တာ အလွန်ကောင်းခဲ့တယ်။ အဲဒီ သုံးနှစ်မှာပဲ ပထမနှစ်မှာကတည်းက အရင်းကို သုံးလတစ်ကြိမ်ဆပ်၊ အတိုးကို သုံးလတစ်ကြိမ် ဆပ်ဆိုပြီး သတ်မှတ်ထားပြန်တော့ အကျပ် တွေ့ပြန်ရော။ ကုန်သည်ကြီးများအသင်းမှာ ပြုလုပ်တဲ့ တွေ့ဆုံပွဲမှာ ကုန်သည်တွေတောင်းဆိုတဲ့ အဓိကအချက်က တိုင်းပြည်က ဒီအချိန်မှာ စီးပွားရေးမကောင်းပါဘူး။ တိုင်းပြည်စီးပွားရေးအခြေအနေ ကျပ်တည်းတဲ့အချိန်မှာ သူတို့ လုပ်ငန်းတွေ မတိုးချဲ့နိုင်ကြဘူး၊ လက်ရှိလည်ပတ်နေတဲ့ အနေအထားမှာတင် အခက်အခဲတွေ အတော်တွေ့နေကြတယ်။ ချေးငွေအတိုးနှုန်းက မြင့်နေတဲ့အတွက် သူတို့တွေ လုပ်ငန်းလုပ်ရတာမကိုက်ဘူး။ ဘဏ်အတိုးနှုန်းကို လျှော့ပေးပါလို့ တောင်းဆိုတယ်။ ချေးငွေအတိုးနှုန်းကို လျှော့ပေးပါလို့ တောင်းဆိုတဲ့အခါမှာ ဘဏ်အသီးသီးကလည်း အကျိုးအကြောင်းနဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးကြတယ်။ အပ်ငွေအတိုးနှုန်း ၈ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်း ပေးထားတာဟာ အနည်းဆုံးက ၈ ရာခိုင်နှုန်းထက် လျှော့လို့မရဘူး။ ၈ ရာခိုင်နှုန်းအထိ ပေးထားပြီးတော့ ချေးငွေအတိုးနှုန်းတွေကို လျှော့ချစေချင်တယ်ဆိုရင်တော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ အပ်ငွေအပေါ်မှာ သတ်မှတ်ထားတဲ့ အတိုးနှုန်းကိုလည်း ပြင်ဆင်လျှော့ချပေးဖို့ လိုတယ်လို့ ကျွန်တော်တို့က ပြန်ပြီးရှင်းလင်း ပြောပြဖြစ်တာပေါ့။ ဘဏ်တွေက နှစ်ရှည် ၁၀ နှစ်၊ ၁၅ နှစ် ချေးပေးပါလို့ ကုန်သည်တွေက တောင်းဆိုကြတယ်။ အဲဒီလို တောင်းဆိုလာတဲ့အခါမှာ အဲဒီအစည်းအဝေး ပြန်သွားပြီးတဲ့အခါမှာ ရလဒ်ကကောင်းတယ်။ သုံးနှစ်ချေးငွေကို ခွင့်ပြုပေးတယ်။ သုံးနှစ်အတွင်းမှာ ပြန်ဆပ်ရင် ကျေနပ်တယ်။ အတိုးကတော့အနည်းဆုံး သုံးလ တစ်ကြိမ်ဆပ်။ လုပ်ငန်းအပေါ်မူတည်ပြီး အရင်းပေးဆပ်ခွင့်ကို ပထမနှစ်မှာ ဆိုင်းငံ့ခွင့် ပေးလို့လည်း ရခဲ့တယ်။ အရင်းငွေကိုတော့ ဒီသုံးနှစ်အတွင်းမှာ ပေးဆပ်ရင်ရပြီ။ နောက်ဆုံး အဲဒီလိုခွင့်ပြုပေးခဲ့ပါတယ်။

**မေး။ ။ ဒီလိုမျိုး လုပ်ငန်းရှင်တွေအတွက် သတင်းကောင်းဖြစ်ခဲ့သလို ကာလတစ်ခု သတ်မှတ်အပ်နှံမယ့် သူတွေအတွက် အတိုးနှုန်း ပြင်ဆင်မှုအပေါ်ကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ ဘဏ်တွေအနေနဲ့ ယခင်တုန်းကပေးခဲ့တာက Fixed Deposit စာရင်းသေအပ်ငွေကို တစ်နှစ်ပဲပေးတယ်။ ၁၂ လကို အမြင့်ဆုံးပေးတာက ၁၀ ရာခိုင်နှုန်း ပေးတယ်။ ၁၀ ရာခိုင်နှုန်းထက် နည်းနည်း ကျော်ပေးတဲ့ ၁၀ ဒသမ ၅ ဆိုတာက ဘုရားရဲ့ ဂေါပကငွေတွေ လက်ခံပြီးတော့ အတိုးနှုန်း ပိုပေးခဲ့တယ်။ အလှူမို့လို့။ ပြီးတော့အချို့သော အဖွဲ့အစည်း တစ်ခု၊ နှစ်ခုကို အတိုးနှုန်း သုည ဒသမ ၅ ပိုပေးခဲ့တာရှိတယ်။ ဒါကလည်း ညှိနှိုင်းပါတယ်။ ဒီလောက်ပဲရှိတယ်။ ကျန်တာအများစုက ၁၀ ရာခိုင်နှုန်းပဲပေးတယ်။ အခု သုံးနှစ်ငွေချေးဖို့အတွက် ပြင်ဆင်ပြီး ဖြစ်ပါတယ်။ ငါးနှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် Home Loan လည်း ချေးတော့မယ်။ ဌာနတွင်း ညွှန်ကြားချက်ထွက်လိုက်ပြီ။ မေ ၁၁ ရက်မှာ တပ်မတော်ခန်းမမှာ imyanmarhome နဲ့ ပွဲလုပ်မယ်။ ပြင်ဆင်ထားပြီးပြီ။ အခုနေ လာမေးလို့ အကျုံးဝင်ရင် ချေးငွေရပါမယ်။ ရန်ကုန်မှာ Pilot Bank သုံးဘဏ်နဲ့ အရင်သွားဦးမယ်။ အဲဒီဘဏ် သုံးဘဏ်နဲ့ သွားပြီးတော့မှ ဘဏ်ခွဲအားလုံး လုပ်မယ်။ Home Loan ကို နှစ်ရှည်ပေးမယ်။ ၁၅ နှစ်အထိ ပေးမယ်။ ၁၅ နှစ်အထက်လည်း ပါသေးတယ်။ ကျွန်တော်တို့ ဘဏ်တွေက ကွန်ဒိုသော်လည်းကောင်း၊ လုံးချင်းသော်လည်းကောင်း Home Loan ငွေချေးပေးရတော့မယ်ဆိုရင် ဘယ်ငွေတွေနဲ့ချေးပေးမှာလဲ။ အများစုက ချေးနိုင်တဲ့ငွေက ဘဏ်ပိုင်ရှင်တွေ၊ share holder ပိုင်တဲ့ငွေ၊ reserve တွေရှိမယ်။ ပြီးရင် ပြည်သူ့အပ်နှံငွေတွေရှိမယ်။ ပြည်တွင်း၊ ပြည်ပက အခြားဘဏ်ကချေးခဲ့ရင် အဲဒါတွေ ရှိမယ်။ ကျွန်တော်တို့ ဘဏ်မှာတော့ တခြားဘဏ်ကချေးထားတာ မရှိပါဘူး။ ဒီငွေတွေ အားလုံးဟာ ထုတ်ချေးနိုင်တာတွေပါ။ ဘဏ်တွေဘက်က စဉ်းစားကြည့်ရင် သုံးနှစ်သက်တမ်း ချေးငွေချေးရင် အပ်ငွေမှာလည်း သုံးနှစ်တော့ ယူထားမှရမယ်။ ဒါမှ အပ်ငွေနဲ့ ချေးငွေကာလကိုက်ညီမှာ။ အခု သုံးနှစ်ချေးငွေ ပေးလိုက်ပြီး အပ်ငွေအနေနဲ့လည်း သုံးနှစ် စိတ်ချစွာအပ်ထားမယ်ဆိုရင် အတိုးကိုလည်း ထုတ်ပြန်ကြေညာထားတဲ့နှုန်းအတိုင်း ပေးရမှာဖြစ်ပြီး ယုံကြည်စွာ အပ်ထားလို့ရတယ်။ ကျွန်တော်တို့အနေနဲ့လည်း သုံးနှစ် ထုတ်ချေးလို့ရတယ်။ မဟုတ်ရင် ဒီဘက်ကို သုံးနှစ်ထုတ်ချေးလိုက်ပြီး လာအပ်တဲ့သူက မသေချာမရေရာနဲ့ ပြန်ထုတ်သွားရင် ဘဏ်တွေအနေနဲ့ (Risk)စွန့်စားမှုများတယ်။ Risk ပိုများနေလို့ Risk နည်းနိုင်သမျှ နည်းအောင်လုပ်တာ။ ပိုကောင်းတာကတော့ ချေးငွေသက်တမ်းနဲ့ အပ်ငွေသက်တမ်း ပိုပြီးကိုက်ညီတာက ပိုကောင်းတယ်။ အခုက အဲလိုမျိုးကို သုံးနှစ် ချေးငွေထုတ်ချေးချင်တဲ့အတွက် သုံးနှစ်သက်တမ်း အပ်ငွေတွေကိုလည်း ရချင်ပါတယ်။ ရချင်တဲ့အတွက် အပ်ငွေ သုံးနှစ်သက်တမ်းကို မိတ်ဆက်လိုက်တယ်။ အတိုးနှုန်းကို အမြင့်ဆုံး ၁၀ ဒသမ ၇၅ ရာခိုင်နှုန်း ပေးလိုက်တယ်။ ကျွန်တော်တို့ဘဏ်အနေနဲ့ အပ်ငွေအပေါ်မှာ ၈ ရာခိုင်နှုန်းကနေစပေးပြီး စာရင်းသေအပ်ငွေအပေါ်မှာ တဖြည်းဖြည်း အတိုးနှုန်း တက်တက်ပေးသွားတယ်။ ၁၀ ရာခိုင်နှုန်းအထိ ပေးပြီး အပ်ငွေပမာဏကျပ်သန်း ၅၀၀ ကနေ အများဆုံး ကျပ် ငါးဘီလီယံအထိ အပ်နှံတဲ့သူကို အထူးအတိုးနှုန်းအနေနဲ့ ၁၀ ဒသမ ၇၅ အထိပေးတာ။ အဲဒီထက် ပိုပေးလို့လည်း မရဘူး။ သုံးနှစ် အပ်ငွေအပေါ်ပေါ့။ ချေးငွေကိုလည်း အရင်တုန်းက တစ်နှစ်ပဲချေးခဲ့တာ။ အခု သုံးနှစ်ချေးမှာ။ တစ်နှစ်ပေးတာထက် သုံးနှစ်ပေးတာက ပိုပြီးတော့ ချောင်လည်စေတယ်။ သုံးနှစ်သက်တမ်းတောင် နည်းပါသေးတယ်။ တကယ်ဆို ၁၀ နှစ်၊ ၁၅ နှစ် ချေးပေးရမယ်။ အများပြည်သူအပ်ငွေနဲ့ ဒီလုပ်ငန်းလုပ်နေသူတွေကို ချေးပေးမှသာလျှင် တိုးတက်မှုတွေ ဖြစ်လာမယ်။ တကယ်အလားအလာကောင်းပြီး နိုင်ငံအတွက် အကျိုးရှိစေမယ့် လုပ်ငန်းတွေကို ဆောင်ရွက်နိုင်စေဖို့အတွက် အခွင့်အလမ်းကောင်းလည်း ဖြစ်ပါတယ်။

**မေး။ ။ အခုလိုအတိုးနှုန်းပြောင်းလဲ ဆောင်ရွက်လာရတဲ့ အဓိကရည်ရွယ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ ။ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ကာလတိုအပ်ငွေတွေကနေ ကာလရှည် အပ်ငွေတွေကို အပ်ဖို့အတွက် လမ်းကြောင်းတစ်ခုကို ဖောက်ပေးလိုက်တာပါပဲ။ ကာလရှည်အပ်ငွေ များများရဖို့လည်း အရေးကြီးတယ်။ ဒါကဘဏ်တွေအများစုမှာ အပ်ငွေတွေပိုများလေ ပိုကောင်းလေ။ ဒီဘဏ်မှာ Saving စာရင်းဖွင့်ထားပေမယ့်လည်း တချို့က ၁၅ နှစ်၊ ၁၆ နှစ် စုလာတဲ့သူတွေ ရှိတယ်။ အခုထိလည်း စုနေတုန်းပဲ။ ဒါလည်း တကယ်တမ်းက ကာလရှည်ပဲ။ ဒါပေမဲ့ ကျွန်တော်တို့ ကြိုမသိနိုင်ဘူး။ အချိန်မရွေး ထုတ်သွားနိုင်တယ်။ အခုစာရင်းသေအပ်ငွေ သုံးနှစ်ဆိုရင် သေချာပြီ၊ ထုတ်ဖို့ ဖြစ်တန်စွမ်း နည်းတယ်။ သာမန်အားဖြင့် မထုတ်ဘူး။ ထုတ်ရင်လည်း အဲဒီအတွက် အတိုးမရဘူး။ အတိုးရဖို့ စောင့်ရမယ်။ သက်တမ်းပြည့်ခါနီးလေ မထုတ်လေဘဲ။ အဲဒါကဘဏ်တွေအတွက် တကယ်ကိုကောင်းတဲ့ သေချာပြောနိုင်သော ကာလသတ်မှတ်ချက် အပ်ငွေရတယ်။ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လည်ပတ်လုပ်ကိုင်နေတဲ့လုပ်ငန်းရှင်တွေကို ချေးငွေ သုံးနှစ်သက်တမ်း ထုတ်ချေးနိုင်ဖို့အတွက် ဘဏ်တွေဟာ သုံးနှစ်သက်တမ်းရှိတဲ့ အပ်ငွေတွေ လိုအပ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်က တစ်ခုခုဆိုရင် ပုံသေပဲမှတ်ထားတာရှိတယ်။ အခုလို အတိုးနှုန်း ပြောင်းလဲလိုက်တာမျိုးဆို သတင်းကဟော့သွားတယ်။ သူများတိုင်းပြည်မှာ အဲလို မရှိဘူး။ ဒီမှာကအစဉ်အလာတစ်ခုဖြစ်နေတယ်။ Floating Interest Rate တွေ ဖြစ်ပေါ်လာဖို့ လိုပါတယ်။ အဲဒါက ချေးငွေအပေါ်မှာလည်း Floating Loan Interest Rate ရှိရမယ်။ အပ်ငွေအပေါ်မှာလည်းရှိရမယ်။ Customers အမျိုးအစားပေါ် မူတည်ပြီး၊ Risk အပေါ် မူတည်ပြီး အတိုးနှုန်းသတ်မှတ်ဖို့ လိုပါတယ်။ Floating Interest Rate ကို လက်ခံလာတဲ့ အလေ့အကျင့်ရှိလာဖို့ကို ရည်ရွယ်ပါတယ်။

**မေး။ ။ ဒီလိုပြောင်းလဲဆောင်ရွက်လိုက်တဲ့အခါမှာ ဘယ်သူတွေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိလာနိုင်မလဲ။**

ဖြေ။ ။ အပ်ငွေပေါ်မှာပေးရတဲ့ အတိုးနှုန်းက နည်းခဲ့မယ်ဆိုရင် လုပ်ငန်းရှင်တွေကိုလည်း ချေးငွေ အတိုးနှုန်းသက်သာစွာနဲ့ ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်မယ်။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲတိုင်းပြည်အတွက် အလုပ်လုပ်နေတဲ့ ကူးသန်းရောင်းဝယ်မှု၊ ကုန်သွယ်မှုပြုနေမှုအားလုံးအတွက် အထောက်အပံ့ ဖြစ်စေတယ်။ နှစ်ရှည်အပ်ငွေရရင် နှစ်ရှည်ချေးငွေကိုချေးပေးနိုင်မှာပဲ။ အပ်ငွေအပေါ် အတိုးနှုန်းပေးရတာသက်သာလေ ချေးငွေအပေါ်ယူရတဲ့ အတိုးနှုန်းကလည်း လျှော့ချနိုင်လေဖြစ်မှာပဲ။ အဲဒါကို အတိုးနှုန်းနဲ့ ပတ်သက်လို့ လွတ်လပ်ခွင့်ကို ဗဟိုဘဏ်က ထိန်းချုပ်မထားဘဲနဲ့ လွတ်လပ်ခွင့်ပေးမယ်ဆိုရင် ဘဏ်တွေဟာ ခုနကပြောတဲ့လမ်းကြောင်းကို သွားနိုင်မှာဖြစ်တယ်။ ဥပမာတစ်ခုအနေနဲ့ လက်ရှိ ကျွန်တော်တို့ဘဏ်အပါအဝင် လုပ်နေတာက JICA ကနေပြီးတော့ G to G အနေနဲ့ SME တွေကိုထုတ်ချေးဖို့ 2 Step Loan အစီအစဉ်မှာ ကျွန်တော်တို့ ဘဏ်တွေကပေးရတဲ့ အတိုးနှုန်းက ၄ ရာခိုင်နှုန်းပဲပေးရတယ်။ နှစ်ရှည်လည်းရတယ်။ ဒါကြောင့် ကျွန်တော်တို့က SME တွေကို ၈ ဒသမ ၅ နဲ့ ချေးရတယ်။ ဒါပေမဲ့ ရတဲ့ ပမာဏနည်းတဲ့အတွက် နည်းနည်းပဲချေးရတယ်။ သူပေးတာ ဘဏ်အားလုံးကို ၃၀ ဘီလီယံပဲပေးတာ။ KBZ ဘဏ်ကြီးတစ်ခုလုံးမှာ ငွေချေးယူသူအများဆုံးက SME ကဏ္ဍကပါ။ ၆၇ ရာခိုင်နှုန်းက SME ချေးငွေ။ ကျွန်တော်တို့သာတကယ်လို့ ဘဏ်ကပေးရတဲ့ အတိုးစရိတ်တွေ နည်းမယ်ဆိုရင် ကိုယ့်ဆီကိုလာပြီး အားကိုးတကြီးနဲ့ ငွေချေးတဲ့သူတွေကို အတိုးသက်သက်သာသာနဲ့ ချေးနိုင်မှာ ဖြစ်ပါတယ်။ တကယ်တမ်း JICA က ပေးတဲ့ ချေးငွေကလည်း လူတိုင်းမရဘူး။ သတ်မှတ်ချက်တွေ၊ ကန့်သတ်ချက်တွေ အရမ်းများတယ်။ မလွယ်ကူဘူးပေါ့။

**မေး။ ။ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဒီလို အကျိုးကျေးဇူးတွေကတစ်ဆင့် စီးပွားရေး အလားအလာအနေနဲ့ကရော ဘယ်လို မျှော်လင့်ချက်တွေ ရှိလာနိုင်ပါလဲ။**


ဦးအောင်ကျော်မျိုး

ဖြေ။ ။ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေကို ငွေကြေးကူညီနိုင်မယ်၊ ချေးငွေထုတ်ချေးနိုင်မယ်ဆိုရင် တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှုတက်တယ်။ ဝန်ဆောင်မှုလုပ်ငန်းတွေ တက်မယ်။ ကုန်သွယ်မှုတွေ ကောင်းမယ်။ ဒါတွေ အားလုံးတက်သွားရင် GDP တက်မယ်။ တိုင်းပြည်ဝင်ငွေ တိုးတက်လာမယ်။ ဒါတွေအားလုံးက တိုင်းပြည်ရဲ့ GDP တက်မယ့်ကိစ္စတွေ။ စီးပွားရေးတိုးတက်စေဖို့ အများကြီးအထောက်အကူပြုပါတယ်။

**မေး။ ။ အခုလို အပ်ငွေအပေါ် အတိုးနှုန်း ပြုပြင်ပြောင်းလဲဆောင်ရွက်လာတဲ့အပေါ် အများပြည်သူကို အဓိကသတင်းပေးချင်တဲ့ အချက်တွေရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ မြန်မာပြည်မှာ ဦးဆောင်ဘဏ်ကြီးအနေနဲ့ ကျွန်တော်တို့က စတင်လုပ်ဆောင်လိုက်ပါတယ်။ လုပ်လိုက်တဲ့အတွက် ကာလရှည်အပ်ငွေရလာရင် ကာလရှည်ချေးငွေတွေ အများကြီးပံ့ပိုးသွားပါမယ်။ ထိထိရောက်ရောက် ပံ့ပိုးတဲ့အခါမှာ အခုဆို သုံးနှစ်ကို ပြတ်ပြတ်သားသားနဲ့ ရဲရဲတင်းတင်း လုပ်လို့ရသွားပြီ။ ချေးလည်းချေးပေးသွားမယ်။ ဗဟိုဘဏ်ရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ အညီ သေချာလေးစိစစ်ပြီး ထိုက်တန်တဲ့သူတွေကို ချေးပေးသွားမယ်။ ဒီလိုချေးတဲ့အခါမှာ ပုဂ္ဂလိကတွေကိုသာမဟုတ်ဘဲနဲ့ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမယ့် စီမံကိန်းတွေကိုလည်း ထုတ်ချေးသွားမယ်။ ကျွန်တော်တို့အနေနဲ့ ဗဟိုဘဏ်ကထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ လိုက်နာဆောင်ရွက်တယ်။ ညီနောင်ဘဏ်တွေ၊ မိတ်ဖက်ဘဏ်တွေနဲ့ ပူးပေါင်းပြီးတော့လည်း ဆောင်ရွက်မယ်။ ညီနောင်ဘဏ်တွေအနေနဲ့လည်း Banking Industry တစ်ခုလုံးတည်တည်ငြိမ်ငြိမ်နဲ့ ရေရှည်ခိုင်ခိုင်မာမာဆက်လက်ပြီး ငွေကြေးဝန်ဆောင်မှုပေးနိုင်ဖို့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်သွားဖို့ လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ဆိုရင် အပ်ငွေပိုလျှံတယ်။ ဒီလိုပဲအပ်ငွေလိုအပ်နေတဲ့ ဘဏ်တွေအနေနဲ့လည်း အတိုးနှုန်းပေါ် မူတည်ပြီးတော့မှ ပြောင်းရွှေ့ထားတဲ့ဟာတွေ ရှိလာနိုင်မှာပါ။ ဒါဆို Banking Industry မှာလည်း မျှတတဲ့ ဈေးကွက်ဝေစု၊ မျှမျှတတ ဖြစ်သွားစေမယ်။ ဘဏ်တွေက အပ်ငွေ၊ ချေးငွေနဲ့ပတ်သက်လို့ အတိုးနှုန်းကိုကိုင်တွယ်ပြီး ကောင်းစွာစီမံခန့်ခွဲပြီး ငွေအပ်သူ၊ ငွေချေးသူနဲ့ ဘဏ် သုံးဦး သုံးဖလှယ် အကျိုးကျေးဇူး ရရှိစေနိုင်မယ့် win-win ဖြစ်သင့်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လည်ပတ်လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေကို ချေးငွေသုံးနှစ်သက်တမ်း ထုတ်ချေးနိုင်ဖို့အတွက် ဘဏ်တွေဟာ သုံးနှစ်သက်တမ်းရှိတဲ့ အပ်ငွေတွေ လိုအပ်ပါတယ်။**

**အပ်ငွေပေါ်မှာပေးရတဲ့ အတိုးနှုန်းက နည်းခဲ့မယ်ဆိုရင် လုပ်ငန်းရှင်တွေကိုလည်း ချေးငွေအတိုးနှုန်းသက်သာစွာနဲ့ ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်မယ်။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲတိုင်းပြည်အတွက် အလုပ်လုပ်နေတဲ့ ကူးသန်းရောင်းဝယ်မှု၊ ကုန်သွယ်မှုပြုနေမှု အားလုံးအတွက် အထောက်အပံ့ ဖြစ်စေတယ်။**

**အောင်တိုးတက်**



# အကူအညီလိုအပ်နေတဲ့ ကလေးငယ်တွေအတွက် အိုင်ယူ ဝမ် သန်း ၁၀၀ လှူဒါန်း

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်မှုတွေရခဲ့ပြီးနောက် သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်လာတဲ့ အိုင်ယူက မကြာမီကျရောက်တော့မယ့် တောင်ကိုရီးယား ကလေးများနေ့မှာ လျစ်လျူရှုခံထားရတဲ့ နိုင်ငံတစ်ဝန်းက ကလေးငယ်လေးတွေအတွက် အလှူငွေပေးအပ်နိုင်ဖို့ ရည်ရွယ်ကာ ကိုရီးယားဝမ် သန်း ၁၀၀ ကို လတ်တလောမှာ လှူဒါန်းခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားနိုင်ငံ ကလေးများနေ့ဟာ လာမယ့် မေ ၅ ရက်မှာ ကျရောက်မှာဖြစ်ပြီး ယင်းနေ့မှာတော့ အကူအညီလိုအပ်နေတဲ့ ကလေးငယ်လေးတွေကို ကူညီထောက်ပံ့ပေးနိုင်ဖို့ အိုင်ယူက ဝမ်သန်း ၁၀၀ လှူဒါန်းပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုလှူဒါန်းခဲ့ကြောင်းကိုတော့ ကိုရီးယားကလေးများရန်ပုံငွေအဖွဲ့က တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ကိုရီးယားကလေးများရန်ပုံငွေအဖွဲ့က အိုင်ယူဟာ လျစ်လျူရှုခံထားရတဲ့ ကလေးတွေအတွက် လှူဒါန်းမှုတွေ ဆက်တိုက်ပြုလုပ်ခဲ့သူဖြစ်ကြောင်း၊ သူ့ရဲ့ကောင်းမွန်တဲ့အလှူအတွက် ဖွင့်မပြောဘဲ မနေနိုင်ဖြစ်ခဲ့ရကြောင်း၊ အိုင်ယူပေးအပ်လိုက်တဲ့ အထောက်အပံ့နဲ့ ကလေးငယ်တွေဟာ လာမယ့် ကလေးများနေ့ကို ပျော်ရွှင်စွာဖြစ်သန်းရစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

အိုင်ယူဟာ ဒီလိုလှူဒါန်းမှုမျိုးကို ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာလည်း ပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ယခုနှစ်အစပိုင်းမှာလည်း ပညာသင်စရိတ်အတွက် အခက်အခဲရှိနေတဲ့ ကောလိပ်ကျောင်းသား ငါးဦးအတွက် ကျောင်းစရိတ်ထောက်ပံ့လှူဒါန်းခဲ့ကြောင်းလည်း သိရပါတယ်။

# စပိန်ဆုပေးပွဲမှာ ဆုရရှိခဲ့တဲ့ ပထမဆုံးသော ကေပေ့ါပ်တေးသံရှင်တွေ ဖြစ်လာတဲ့ BTS

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ အောင်မြင်မှုတွေကို ကမ္ဘာတစ်ဝန်း သယ်ဆောင်နိုင်ခဲ့တဲ့ ပထမဆုံးသော ကေပေ့ါပ်တေးသံရှင်တွေဖြစ်တာနဲ့အညီ ဒေသတွင်းမှာသာမက နိုင်ငံတကာ အနုပညာထူးချွန်ဆုပေးပွဲတွေမှာ ဆုတွေလက်ခံရရှိခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာလည်း စပိန်နိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ "The Hall of Stars Awards 2018" ဆုပေးပွဲကြီးမှာ ထူးချွန်ဆုတွေရရှိခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများစွာမှာ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

အဆိုပါဆုပေးပွဲမှာတော့ "BTS" ဟာ ကမ္ဘာလုံးဆိုင်ရာနဲ့ စပိန်ဆိုင်ရာ ထူးချွန်ဆုနှစ်ဆုကို လက်ခံရရှိခဲ့တာဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာဆုမှာတော့ စပိန်နိုင်ငံမှ ပရိသတ်တွေအပါအဝင် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေပေးခဲ့တဲ့ မဲတွေအရ ဆုရွေးချယ်ပေးခဲ့တာဖြစ်ပြီး စပိန်ဆိုင်ရာဆုမှာတော့ နိုင်ငံအတွင်းမှာရှိတဲ့ ပရိသတ်တွေရဲ့ မဲတွေကို ရေတွက်ကာ ရွေးချယ်ပေးခဲ့တာဖြစ်ပါတယ်။

"BTS" အနေနဲ့ စပိန်နိုင်ငံက ချီးမြှင့်တဲ့ဆုကို လက်ခံရရှိခဲ့တာ ထူးဆန်းတယ်လို့ ဆိုနိုင်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့အနေနဲ့ စပိန်မှာ တစ်ကြိမ်တစ်ခါမျှ သွားရောက်ဖျော်ဖြေခဲ့ခြင်းမရှိသလို စပိန်အတွက် ရည်ရွယ်ထုတ်လုပ်တဲ့ တေးအယ်လ်ဘမ်မျိုးလည်း လက်ရှိအချိန်အထိ ထုတ်ဝေဖြန့်ချိခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် စပိန်နိုင်ငံမှာရှိကြတဲ့ "BTS" ရဲ့ ပရိသတ်အဖွဲ့ "A. R. M. Ys" တွေကတော့ အဖွဲ့ကို အတော်လေးချစ်ခင်အားပေးခဲ့ကြတယ်ဆိုတာ အသေအချာပင်ဖြစ်ပါတယ်။ ဒီလို စပိန်နိုင်ငံက ထူးချွန်ဆုတွေ လက်ခံရရှိခဲ့ပြီးတဲ့နောက် "BTS" အနေနဲ့ နိုင်ငံမှာ လာရောက် ဖျော်ဖြေပေးဖို့ရာ ပရိသတ်တွေက မျှော်လင့်နေကြကြောင်းလည်း သိရပါတယ်။

စပိန်နိုင်ငံမှာ "BTS" ရဲ့ ကျော်ကြားမှုနဲ့ပတ်သက်ပြီး စပိန်လူမျိုး မော်ဒယ်လ်နဲ့ တေးသံရှင်တစ်ဦးဖြစ်သူ မန်နူရီအိုစ်က သူ့ရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်းမှာ ပရိသတ်တွေကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မော်ဒယ်လ်က သူ့အနေနဲ့ "BTS" အဖွဲ့မှလွဲပြီး အခြားသော ကေပေ့ါပ်အဖွဲ့တွေရဲ့ တေးသီချင်းတွေကို နားထောင်လေ့မရှိကြောင်း ဆိုပါတယ်။

"BTS" ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်အန်တာတိန်းမန့်က လတ်တလောရရှိခဲ့တဲ့ ဆုတွေနဲ့ပတ်သက်ပြီး ပြောကြားခဲ့ရာမှာတော့ ဆုရရှိကြောင်း တရားဝင်အကြောင်းကြားတာမျိုးမရှိပေမယ့် ပရိသတ်တွေက မဲတွေပေးခဲ့ကြတာကို ကြားသိခဲ့ရတဲ့အတွက် ဝမ်းသာကြောင်းနဲ့ ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မကြာမီ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်သွားမယ့် "BTS" ဟာ လာမယ့် "Billboard Music Awards" ဆုပေးပွဲကြီးမှာ တေးသီချင်းသစ်ဖျော်ဖြေပြီး စင်မြင့်ထက် ပြန်လည်ပေါ်ထွက်လာမှာဖြစ်ပါတယ်။ အဖွဲ့ဟာ တတိယမြောက်တေးအယ်လ်ဘမ်ဖြစ်တဲ့ "Love Yourself: Tear" ကို လာမယ့် မေ ၁၈ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ လာမယ့် မေ ၂၀ မှာ ပြုလုပ်သွားမယ့် အမေရိကန်တေးဂီတဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards" ဆုပေးပွဲမှာ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းသစ်ကို ပထမဆုံးအကြိမ် ဖျော်ဖြေတင်ဆက်ပေးသွားမှာလည်း ဖြစ်ပါတယ်။ "BTS" ဟာ ယခုနှစ်ရဲ့ "Billboard Music Awards" ဆုပေးပွဲကြီးမှာ "Top Social Artist" ဆုအတွက် အမည်စာရင်း တင်သွင်းဖော်ပြခြင်းခံထားရတာဖြစ်ပြီး အဆိုပါဆုအတွက် လျာထားခံခဲ့ရတာဟာ "BTS" အတွက်တော့ ဒုတိယအကြိမ်မြောက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာလည်း "BTS" ဟာ "Top Social Artist" အတွက် လျာထားခံခဲ့ရပြီး ဆုပေးပွဲနေ့မှာလည်း ယင်းထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ဆုပေးပွဲမှာ "BTS" ဟာ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်းဒ်နဲ့ ဆွမ်မန်းဒပ်စ်တို့နဲ့ အပြိုင်ဆန်ခါတင်စာရင်းဝင်ခဲ့ရာမှ ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာ ပြုလုပ်ခဲ့တဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ဘေဘုတ်က ယခုနှစ်ရဲ့ ဆုပေးပွဲမှာလည်း "BTS" ဟာ "Top Social Artist" အတွက် ဆန်ခါတင်စာရင်းဝင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကာ ဒီနှစ်မှာတော့ "BTS" နဲ့အပြိုင် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဒေမီလိုဗားတိုးနဲ့ ဆွမ်မန်းဒပ်စ်တို့ ဖြစ်ကြပါတယ်။







# ယောက်ျားပီသချောမောခြင်းရဲ့ အပြစ်ဆိုတာမရှိဘူးလို့ ဂျန်ဒေါင်ဂန်ဆို

တောင်ကိုရီးယားနာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ ဂျန်ဒေါင်ဂန်ဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာခဲ့တာတွေ့ရပါတယ်။ ဒီလို ရုပ်သံဇာတ်လမ်းတွဲနဲ့အတူ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်ပြုလုပ်လာတဲ့ မင်းသားဟာ လတ်တလောပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာတော့ သူ့အနေနဲ့ ရုပ်ရည်လှပခြင်းအတွက် ဆိုးကျိုးတွေကို မကြုံတွေ့ခဲ့ရဘူးလို့ ထုတ်ဖော်ပြောကြားလိုက်တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာတော့ မင်းသားတွေရဲ့ ရုပ်ရည်နဲ့ပတ်သက်ပြီး အဆင့်သတ်မှတ်ဆွေးနွေးခဲ့ကြပါတယ်။ ယင်းဆွေးနွေးမှုမစတင်မီမှာပင် ဂျန်ဒေါင်ဂန်က ကိုယ့်ကိုယ်ကိုယ်အဆင့်သတ်မှတ်ပေးရမယ်ဆိုပါက ထိပ်တန်းသုံးဦးအတွင်း ပါဝင်မှာအသေအချာပင်ဖြစ်ကြောင်း ဆိုပါတယ်။ ထို့နောက် ကောက်ယူထားတဲ့ စစ်တမ်းတွေကို စစ်ဆေးခဲ့ရာမှာတော့ ဂျန်ဒေါင်ဂန်ဟာ နံပါတ်တစ်နေရာမှာ ရှိနေတာကို တွေ့ရပါတယ်။

ဒီလို တောင်ကိုရီးယားအမျိုးသားသရုပ်ဆောင်တွေအနက် ရုပ်ရည်အလှပဆုံးသူအဖြစ် သတ်မှတ်ခံခဲ့ရတဲ့ ဂျန်ဒေါင်ဂန်ကို ရုပ်ရည်လှပမှုရဲ့ ဆိုးကျိုးတွေနဲ့ အခက်အခဲတွေရှိခဲ့လားလို့ မေးမြန်းခဲ့ရာမှာတော့ မင်းသားက မှတ်မှတ်ရရ တစ်ခုမျှမရှိခဲ့ကြောင်း ပြန်လည်ဖြေကြားခဲ့တာဖြစ်ပါတယ်။ အဆိုပါအစီအစဉ်မှာ ဂျန်ဒေါင်ဂန်က ငယ်ဘဝက ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီး ယင်းပုံတွေမှာလည်း ငယ်စဉ်ကပင် လှပတဲ့ ရုပ်ရည်ကို ပိုင်ဆိုင်ထားတာ တွေ့ခဲ့ရပါတယ်။

အေးပြည့် ရေးသားသည်

# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ညှိနှိုင်းဆွေးနွေး

**မန္တလေး မေ ၃**
မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူး၍ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ တရားရေး၊ ဥပဒေရုံးနှင့် ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေသည် ပြည်သူကိုဖိနှိပ်ရန်မဟုတ်ဘဲ အကာအကွယ်ပေးရမည်ဖြစ်ပြီး တရားမျှတရမည်ဖြစ်ကြောင်း၊ ဥပဒေကို ကျင့်သုံးသည့် ပုဂ္ဂိုလ်များသည်လည်း ရိုးသား၍စေတနာ သန့်ရှင်းစွာဖြင့် ပြည်သူကိုအလုပ်အကျွေးပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဆင့်ဆင့်တာဝန်ခံမှု တာဝန်ယူမှုများဖြင့် ကြိုးကြပ်ဆောင်ရွက်သွားရန်၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေး၊ အမှုများကြန့်ကြာမှုမရှိစေရေး၊ အမှုလက်ကျန်မရှိစေရေးတို့အတွက် မှန်မှန်နှင့်မြန်မြန်စီရင်ရေး စသည်တို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအောင်ဝင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်ဦး၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဒယ်နီရယ်ကြည့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်နှင့် တက်ရောက်လာသော ဌာနဆိုင်ရာများက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ တရားစီရင်ရေးကိစ္စရပ်များနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ အသီးသီးဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများတက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**



## (၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကျင်းပရေး ဝတ်စုံပြည့်လေ့ကျင့်

**အောင်မြေသာစံ မေ ၃**
မန္တလေးတိုင်းဒေသကြီး (၇၂) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကျင်းပရေး ဝတ်စုံပြည့်လေ့ကျင့်ခြင်းကို မေ ၃ ရက် နံနက် ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂ လမ်းရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဝယ်ယူဖြည့်တင်းပေးထားသော ခေတ်မီမီးငြိမ်းသတ်ရေး ယာဉ်များ၊ ကူညီကယ်ဆယ်ရေး ယာဉ်များ၊ အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ရေး ယာဉ်များက ချိတက်အလေးပြုခြင်း၊ လျှပ်စစ်ဓာတ်ခတ်မှုကြောင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသခြင်း၊ အထပ်မြင့် အဆောက်အအုံ မီးငြိမ်းသတ်ခြင်းနှင့် မီးဘေးလုံခြုံရေးအတွက် ထားရှိသော ပစ္စည်းများအား လက်တွေ့သရုပ်ပြသခြင်း၊ ရေပြင်အသက်ကယ်ခြင်း၊ ဂတ်စ်အိုးမီးလောင်မှုအား 3D Nozzle ဖြင့် မီးငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှု သရုပ်ပြခြင်း၊ ယာဉ်တိမ်းမှောက်မှု ကယ်ဆယ်ခြင်း၊ မီးသတ်ယာဉ်များဖြင့် ရေကာလာသရုပ်ပြခြင်းများ လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ**

## ငါ့သရောက်မြို့နယ်တွင် မိုးဦးမိုးကြောင့် ဒေသခံတောင်သူများ မြေပဲနှင့်နှမ်းများ စတင်စိုက်ပျိုးကြ

**ငါ့သရောက် မေ ၃**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် ဧပြီ ၂၈ရက် ညနေပိုင်း မိုးနှင့် မေ ၂ ရက်တို့ မိုးရွာသွန်းမှုများကြောင့် မြို့နယ်တစ်ခွင်လုံး မြေပဲစိုက်ခြင်း၊ နှမ်းကြဲခြင်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ဧပြီ ၂၈ ရက်မိုးနှင့် မေ ၂ ရက် မိုးရွာသွန်းမှုများကြောင့် အစိုဓာတ်များပြီး တောင်သူများ စိုက်ပျိုးနိုင်သည့်အခြေအနေအထိ ရောက်ရှိခဲ့ကာ မျိုးစေ့များ စတင်ကြဲချနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"ငါ့သရောက်မြို့နယ်မှာ မိုးသီးနှံ တစ်မျိုးတည်းသာ စိုက်ပျိုးနိုင်ပြီး ကျန်တဲ့ ဆောင်းသီးနှံ၊ နွေသီးနှံမစိုက်ပျိုးနိုင်တော့ နွေရာသီရောက်ပြီဆိုတာနဲ့ ထွန်ရေးညက်နေအောင်ထွန်ပြီး မိုးစကျချိန် အဆင်သင့်ပျိုးစေ့ကြဲချနိုင်အောင် အဆင်သင့်အနေအထားနဲ့စောင့်နေရတာ၊ မိုးကျပြီဆိုတာနဲ့ မြေပဲနဲ့ နှမ်းကိုပဲ အဓိက ဦးစားပေးပြီး စိုက်ပျိုးကြတယ်၊ ကျွန်တော်တို့ဒေသက တောင်သူတွေအတွက်ကတော့ မြေပဲနဲ့နှမ်းက ဝင်ငွေပိုကိုက်တယ်၊ မိုးတွင်းတစ်တွင်းတည်းတင် သုံးသီးစိုက်ပြီး နှစ်သီးအောင်မြင်အောင်အရစိုက်ကြတယ်၊ အဲဒီသုံးသီးကလည်း မြေပဲနှစ်ကြိမ် နှမ်းတစ်ကြိမ်စိုက်ပါတယ်" ဟု တောင်သူဦးသန်းထိုက်က ပြောသည်။

မိုးဦးကျကာလကဲ့သို့ မိုးရွာသွန်းမှုမျိုး မိုးလယ် မိုးနှောင်းကောင်းခဲ့ပါက ကျေးလက်တောင်သူများ မိုးရွာမှပျိုးသာနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများဘက်ကလည်း မိုးအခြေအနေကြည့်ပြီး စိုက်ပျိုးရကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ကိုထိန် (ငါ့သရောက်)**



## ကနီမြို့နယ်ကျေးရွာများတွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီး

**ကနီ မေ ၃**
ကနီမြို့နယ်တွင် ဧပြီလအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ကျေးရွာ ၁၇ ရွာရှိနေအိမ် ၁၂၄ လုံး၊ သာသနိကအဆောက်အအုံ တစ်လုံး၊ ဌာနဆိုင်ရာအဆောက်အအုံ တစ်လုံးနှင့် အခြား ၂၉ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း ကနီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းထံမှ သိရသည်။

"ဧပြီ ၂ ရက်က တိုက်ခဲ့တဲ့ လေပြင်းကြောင့် ဝယာအုပ်စု၊ ကျော်အုပ်စု၊ မဲဒင်အုပ်စု ရွာလေးရွာက အိမ် ၁၀ လုံးနဲ့ အခြားတစ်လုံးပျက်ခဲ့သလို ဧပြီ ၃ ရက်မှာ လေပြင်းထပ်တိုက်တော့ နတ်လာပို့တောင်အုပ်စုထဲက နွားခြံကုန်းရွာ၊ ဒေါင်းခြံရွာ၊ ယင်းဘိုးရွာ၊ ကျွန်းကလေးရွာနဲ့ နတ်လာဘို့တောင်ရွာတွေက အိမ်ခြေ ၁၀၁ အိမ်နဲ့ သာသနိက အဆောက်အအုံတစ်လုံး၊ ဌာနဆိုင်ရာ နှစ်လုံးနဲ့ အခြား ၂၄ လုံးပျက်စီးခဲ့ပါတယ်။ အဲဒီဧပြီ ၃ ရက်က တွင်းရွာအုပ်စုက တွင်းရွာမနဲ့ ပတ်ကြားဝရွာတွေက အိမ်နှစ်လုံးလည်း ပျက်ခဲ့ပါတယ်။ ဧပြီ ၁၆ ရက်က လေပြင်းမှာတော့ မျိုင်းရွာ၊ ထူးပေါက်ရွာနဲ့ သစ်ခက်ရွာတွေက နေအိမ် ခုနစ်လုံးနဲ့အခြား တစ်လုံးပျက်စီးခဲ့ပြီး ဧပြီ ၂၈ ရက်မှာ သစ်ခေါက်ရွာနဲ့ ချောင်းနားရွာမှာ အိမ်နှစ်လုံးနဲ့ အခြားနှစ်လုံးပျက်ခဲ့ပြီး ဧပြီ ၃၀ရက် တိုက်တဲ့လေကြောင့် တွင်းရွာကအိမ်နှစ်အိမ်နဲ့ အခြားနှစ်လုံးပျက်စီးခဲ့တာပါ" ဟု ကနီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြောကြားသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဧပြီ ၂ ရက်က လေတိုက်၍ပျက်စီးခဲ့သော ကျေးရွာလေးရွာအတွက် အဝတ်အစား၊ စားသောက်ဖွယ်ရာများနှင့် ငွေကျပ် ၄၂၀၀၀၀၊ ဧပြီ ၃ ရက်က ရွာခုနစ်ရွာအတွက် ငွေကျပ် ၃၆၅၀၀၀၀ နှင့် ပစ္စည်းများ၊ ဧပြီ ၁၆ ရက်က ရွာနှစ်ရွာအတွက် ကျပ်၂၁၀၀၀၀ နှင့် ပစ္စည်းများ၊ ဧပြီ၂၁ ရက်က ရွာတစ်ရွာအတွက် ကျပ် ၅၅၀၀၀ နှင့် ပစ္စည်းများကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မြင်းမူမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသူ ပြည်သူများအား ထောက်ပံ့

**မြင်းမူ မေ ၃**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ဧပြီ ၂၉ ရက် ည ၈ နာရီက လေပြင်းတိုက်ခတ်မှုဖြစ်ပွားပြီး ဘုရားစေတီအချို့နှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပွားခဲ့ရာ ယင်းလေဘေးသင့်များအတွက် ငွေနှင့်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂ ရက် ညနေပိုင်းက မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမ၌ ပြုလုပ်သည်။

ယင်းလေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် အသုံးဆောင်ပစ္စည်းများ ရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများအလိုက် သင့်တင့်သော ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ခွဲဝေပေးမှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်မြင့်ဦးက ရှင်းလင်းပြောကြားခဲ့ပြီး လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ဆက်လက်ပေးအပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးတို့က ပေးအပ်ခဲ့သည်။

မြင်းမူမြို့နယ်အတွင်း လေဘေးကြောင့် ကျေးရွာရှစ်ရွာမှ အိမ်ပြိုလဲခြင်း လေးအိမ်၊ အမိုးလန်ပျက်စီးအိမ်ခြေ ၂၃ လုံးအတွက် ပစ္စည်း ၁၆ မျိုးပါ ထောက်ပံ့မှုပစ္စည်းသေတ္တာ ၂၇ လုံးနှင့် အမိုးလန်ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်း အပါအဝင် အိမ်ထောင်စုများအတွက် ငွေကျပ် ၁၄၃၀၀၀၀ ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**

## ဒေသခံများအမှိုက်အလွယ်တကူပစ်နိုင်ရန် အမှိုက်ပုံး(သံကန်)ကြီးများချပေး

**ကန့်ဘလူ မေ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ဒေသခံပြည်သူများ အမှိုက်များစနစ်တကျစွန့်ပစ်မှု လွယ်ကူစေရေးအတွက် မြို့ပေါ်ရပ်ကွက်များ၌ အမှိုက်ပုံး (သံကန်)ကြီးများ ထားရှိပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ယခုအခါ အမှိုက်ပုံး(သံကန်)ကြီး တစ်ခုလျှင် ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိပြီး အမှိုက်ပုံး ငါးလုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ကန့်ဘလူမြို့ပေါ် ရပ်ကွက်များ၌ ချထားပေးလျက်ရှိရာ မဟာရွှေစည်ကြီးစေတီတော် ဘုရားကြီးဈေး၌ တစ်လုံး၊ ဝန်ထမ်းအိမ်ရာတွင် တစ်လုံးနှင့် အမှတ်(၃) ရပ်ကွက် မြို့ရှေ့ကျောင်းအနီးတွင်တစ်လုံး ချထားပေးပြီးဖြစ်ကာ ကျန်နှစ်လုံးကို အမှတ် (၄) ရပ်ကွက် ကျွန်းတောအနီးနှင့် အမှတ် (၁) ရပ်ကွက် မီးသတ်စခန်းအနီးတွင် ချထားရန်စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါ အမှိုက်ပုံးများ၌ အမှိုက်များ ပြည့်သွားလျှင် ချက်ချင်းအမှိုက်သယ်ယာဉ်ဖြင့် တစ်ခါတည်း သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာနေရာသို့ စနစ်တကျ စွန့်ပစ်မည်ဖြစ်ကြောင်းနှင့် မီးဖိုချောင်ထွက် အမှိုက်များကိုသာ အိတ်ဖြင့်ထုပ်ပိုးလျက် အမှိုက်ပုံးအတွင်း စွန့်ပစ်ရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းထွက် အမှိုက်များနှင့် ခြံထွက်အမှိုက်များကို အမှိုက်ပုံးအတွင်း လာရောက်စွန့်ပစ်ခြင်းမပြုဘဲ သီးခြား ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

ယခုအခါ ကန့်ဘလူမြို့ပေါ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က အမှိုက်ပုံး(သံကန်)သုံးလုံးနှင့် ယခုအမှိုက်ပုံး (သံကန်) ငါးလုံးချထားပြီးဖြစ်ကာ ဘဏ္ဍာငွေအခြေအနေပေါ်မူတည်၍ ဆက်လက် တိုးချဲ့ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြို့ပေါ် ရပ်ကွက် ငါးရပ်ကွက်တွင်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အသံချဲ့စက်ဖြင့် ကြေညာ၍ အမှိုက်သိမ်းယာဉ်နှစ်စီးနှင့် ဝန်ထမ်းရှစ်ဦးတို့ဖြင့် နေ့စဉ်အလှည့်ကျ ရပ်ကွက်အတွင်း လှည့်လည်သိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ကြေးမုံ

# ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ကင်းထောက်အခြေခံသင်တန်း မီးပုံပွဲ အခမ်းအနားကျင်းပ

**အုတ်ဖို မေ ၃**
သာယာဝတီခရိုင် အုတ်ဖိုမြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ မေ ၂ ရက် ည ၇ နာရီက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ကင်းထောက်အခြေခံသင်တန်း(၁/၂၀၁၈) မီးပုံပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ ကင်းထောက်မှူးချုပ် ဆရာကြီးဦးအေးကြိုင်က အဖွင့်အမှာစကားပြောကြားကာ ကင်းထောက်အဖွဲ့ဝင် မောင်ထက်မြတ်လင်းက petrolt လိုက်မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ကင်းထောက်ဆရာကြီးဦးမြင့်စိန်နှင့် သင်တန်းသားများ၊ ဧည့်သည်တော်များက မီးပုံပွဲအစီအစဉ်ပြုကာ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဇင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ ကင်းထောက်မှူးချုပ် ဦးအေးကြိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်ဆရာဝန်ကြီး ဦးသန့်ဇင်မောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စုစုကြည်တို့က မီးပုံပွဲအားထွန်းညှိကြပြီး သင်တန်းသားများက ကင်းစုအလိုက် တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**အောင်သူဆွေ(ပြန်/ဆက်)**



## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**ပဲခူး မေ ၃**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားလေးခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၃ရက် နံနက် ၈ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်းတို့နောက်ဆုံး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြရာ ပဲခူးခရိုင်အသင်းက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ အကောင်းဆုံးအားကစားသမားဆုရရှိသူ ပဲခူးခရိုင်အသင်းမှ ကျောနံပါတ်(၁၁)မင်းဇော်ဟန်အား ဆုတံဆိပ်နှင့်ငွေသားဆုကို ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးနိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသော တောင်ငူခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က လည်းကောင်း၊ ပထမဆုရရှိသော ပဲခူးခရိုင်အသင်းအားတစ်ဦးချင်းဆုတံဆိပ်များကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပထမဆုရရှိသော ပဲခူးခရိုင်အသင်းအား ပထမတံခွန်စိုက် ဆုဖလားနှင့် ငွေသားဆုကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ပေးအပ်ချီးမြှင့်သည်။

အဆိုပါပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားအသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲကို မေ ၂ ရက်မှ ၃ ရက်အထိ ကျင်းပပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင် လေးခရိုင်မှ ကိုယ်စားပြုအသင်း လေးသင်းပါဝင်ယှဉ်ပြိုင်ကစားကြသည်။ **တင်စိုး(ပဲခူး)**

# ရာသီစာ တည်င်းသီးများ စတင်ပေါ်လာပြီဖြစ်သော်လည်း ကျန်းမာရေးထိခိုက်မည်စိုး၍ ဝယ်ယူစားသုံးသူ နည်းပါး

**ရေတာရှည် မေ ၃**
စွတ်စိုသော တောင်ပေါ်ဒေသများတွင်သာ ပေါက်လေ့ရှိသော တည်င်းပင်သည် ဧပြီလနောက်ဆုံးပတ်နှင့် မေလများ၌ ခူးဆွတ်၍ရရှိကာ ဈေးကွက်အသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

ကရင်ပြည်နယ် သံတောင်ကြီးဒေသမှ ဝင်ရောက်လာသော တည်င်းသီးများကို တောင်ငူမြို့ရှိ ပွဲရုံအသီးသီးက ပြန်လည်ဝယ်ကာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိပြီး လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ တည်င်းသီးအရောင်းအဝယ်မှာ ထင်သလောက်ကောင်းမွန်ခြင်းမရှိတော့ကြောင်း တောင်ငူမြို့ရှိ ပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

တည်င်းသီးနှင့်ပတ်သက်၍ ကျန်းမာရေးရှုထောင့်မှ အသိပညာပေး ဆောင်းပါးများ၊ သတင်းများဆက်တိုက်ဖော်ပြလာရာတွင် စားသုံးသူများအနေဖြင့် တည်င်းသီးစားသုံးခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို သိရှိနားလည်လာသည့်အလျောက် တစ်နှစ်ထက်တစ်နှစ် စားသုံးမှုလျော့ကျလာခြင်းဖြစ်သည်။

"အခုမှပေါ်တာ ရက်ပိုင်းပဲရှိသေးတယ်၊ ၁၀ လုံးကို ကျပ် ၅၀၀ လေဈေးတော့ နည်းနည်းကြီးတယ်၊ ဒါပေမယ့် တည်င်းသီးတွေ ဟိုးအရင်တုန်းကလို ရောင်းလို့မကောင်းတော့ဘူး၊ အရင်ကဆို ပေါ်ပြီဟော့ဆိုတာနဲ့ လာဝယ်ကြတာ ဝိုင်းဝိုင်းလည်နေတာပဲ"ဟု ရေတာရှည်မြို့ ကရင်ချောင်းလမ်းထိပ်ရှိ ကုန်စိမ်းရောင်းသူ အမျိုးသမီးက ပြောသည်။

တည်င်းသီးကို ဓာတ်ခွဲသုတေသနပြုကြည့်သောအခါ လူတို့ကို အကျိုးပြုနိုင်သော မည်သည့် အာဟာရဓာတ်မျှပါ ဝင်ခြင်းမရှိသည့်အပြင် ၎င်းတွင်ပါဝင်သည့် ဖန်းချောင်းကဲ့သို့သော ကလာပ်စည်းများသည် ကျောက်ကပ်ကို ပိတ်ဆို့မှုဖြစ်ပေါ်နိုင်ပြီး ကျောက်ကပ်ပျက်စီးကာ လူအသက်သေသည်အထိ ကြုံတွေ့ရနိုင်ကြောင်း၊ စားသုံးသင့်သည့်အသီး မဟုတ်သောကြောင့် လုံးဝစားသုံးရန် မသင့်သော အသီးဖြစ်ကြောင်း ကျွမ်းကျင်သော ဆေးပညာရှင်အချို့က သုံးသပ်ပြောကြားထားသည်ကိုတွေ့ရှိရသည်။

သို့သော်လည်း တည်င်းသီးကို ကြိုက်တတ်၍ များများစားသုံးပြီးသည့်အခါ ဖြစ်စေ၊ အုန်းနို့ဖြင့်ရောနှောချက်စားမိလျှင်ဖြစ်စေ စားပြီးပြီးချင်း သံပရာရည်တစ်ခွက်ကို သောက်သုံးရန်လိုအပ်ကြောင်း အကြံပြုထားသည်ကို တွေ့ရသည်။ **ကိုလွင်(ဆွာ)**

# မိုးကြိုကာလ ရေစီးရေလာလုပ်ငန်းများ အဓိကထားဆောင်ရွက်

**ရန်ကုန် မေ ၃**
ရန်ကုန်မြို့ ခရိုင်လေးခရိုင်အတွင်း မြို့နယ်များအလိုက် အစုအဖွဲ့အင်အားများဖြင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိရာ မေ ၃ ရက် နံနက်က အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးဆောင်ကာ ခရိုင်ဌာနခွဲမှူး ဦးမြတ်ကျော်နှင့် ဗဟန်းမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့ကြီးကြပ်လျက် ခရိုင်အစုအဖွဲ့အင်အား ၆၅ ဦးဖြင့် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် လင့်လမ်း ဝဲယာရေနုတ်မြောင်းများအား ရေစီးဆင်းမှုကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။



"လင့်လမ်းမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုရှိပါတယ်၊ ဆောက်လုပ်ရေးကထွက်လာတဲ့ မြေကြီးတွေက မြောင်းထဲမှာကျန်ခဲ့ပြီး မြောင်းပြည့်ကာ ရေလျှံတဲ့အတွက် ရှင်းလင်းဆယ်ယူရတာပါ၊ ဘယ်ဆောက်လုပ်ရေးမဆို ကိုယ့်ဆီကထွက်တဲ့ အမှိုက်နဲ့ မြေကြီးတွေကိုတော့ တာဝန်ယူရှင်းလင်းသင့်ပါတယ်"ဟု တာဝန်ရှိသူက ပြောသည်။

လင့်လမ်းမှာ အလက-၃ ရှိပြီးရေလျှံနေတဲ့အတွက် ရေစီးရေလာ ဆောင်ရွက်ပေးတာ ကျေးဇူးတင်ပါတယ်၊ ကျောင်းဖွင့်ရာသီလည်းရောက်တော့မှာ ဖြစ်တဲ့အတွက် ကျောင်းပတ်ဝန်းကျင် ရေဝပ်ရေလျှံမရှိတော့ ခြင်တွေမပေါက်ပွားတော့ဘူးပေါ့"ဟု အနောက်ရွှေဂုံတိုင် ရပ်ကွက်နေ ဆိပ်ကြီးခနောင်တိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက အကြံပြုပြောကြားသည်။

**မောင်မောင်**

# (၇၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ဟင်္သာတပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**ဟင်္သာတ မေ ၃**
မေ ၅ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၃ ရက် နံနက် ၉ နာရီက ဟင်္သာတမြို့ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူးဦးစိုးနောင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်များမှ မီးသတ်ဦးစီးမှူးများနှင့် သန္နေတပ်ဖွဲ့ဝင် ၅၀၊ အရန်မီး သတ်တပ်ဖွဲ့ဝင် ၁၀၀ စုစုပေါင်း ၁၅၀ တို့က အရေးပေါ်လူနာများ အသုံးပြုနိုင်ရန်အတွက် ဆေးရုံကြီးသွေးလှူဘဏ်တွင် သွေးများလှူဒါန်းခဲ့ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးထိန်ဝင်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦးနှင့် ခရိုင်မီးသတ်ဦးစီးမှူးဦးစိုးနောင်တို့က သွေးလှူဒါန်းနေသည့် တပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ယမန်နေ့နံနက်ပိုင်းက ဟင်္သာတဘိုးဘွားရိပ်သာတွင် စတုဒိသာကျွေးမွေးလှူဒါန်းမှုများနှင့် ရိပ်သာအတွင်းရှိ ခြင်နှင့် အဆိပ်ရှိသတ္တဝါများ ခိုအောင်းနိုင်သည့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး (၇၂)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟင်္သာတခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးထွန်းဖေသည် မေ ၁ ရက် ည ၈ နာရီက သန်လျင်မြို့မတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေးအသိပညာပေးဟောပြောရာ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

၆၈၉

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ပါ စက်ကိရိယာများဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) Handheld Water Quality Meter | (၁)စုံ |
| (ခ) High Performance Balance Scale | (၁)ခု |
| (ဂ) Laboratory Equipment | (၁)စုံ |
| (ဃ)Copier (DADF) | (၈)လုံး |
| (င) Water Parameter | (၃)စုံ |
| (စ) Environmental Parameter Air Station | (၂)စုံ |
| (ဆ)Desktop Computer | (၁၀)လုံး |

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၄-၅-၂၀၁၈ရက်မှ စတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၄-၆-၂၀၁၈ရက်၊ (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းသွားရပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးဖုန်းနံပါတ် ၀၇၄-၂၉၅၁၆နှင့် ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်းနံပါတ် ၀၇၄-၂၅၂၄၂၁၁ သို့မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ခြံရောင်းမည်

အလျား ၆၉ ပေ× အနံ ၆၈ ပေ၊
သီရိသုခလမ်း၊
သယ်န်းကျွန်းကြီးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
**ဖုန်း ၀၉-၂၅၂၅၆၈၆၈၆၊ ၀၉-၄၂၀၀၆၂၄၂၆။**

**ခေတ်ရွှေဆောင်**
Apr - 11
May - 18, 25

**ကလေးအမည်ပေး**
09 4210 89208

**ရွှေလင်းလက်** 09-4251508880, 09-765150880
May 11,18,25

## ခရောင်းမည်

## အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ မိုးစန္ဒာလမ်းနေ အဘဦးသိန်းစိုးကျော်[၁၂/ကမတ(နိုင်)၀၆၃၆၂၃] ၏သား မောင်ပြည့်သီဟအောင်အား မောင်ပြည့်သီဟဟု ပြောင်းလဲခေါ်ပါရန်။

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ပါ ပရိဘောဂများဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) Aluminium Composite Partition | (၁၅)စုံ |
| (ခ) ဓာတ်ခွဲခန်းသုံး Lab Table | (၁)စုံ |

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၄-၅-၂၀၁၈ရက်မှ စတင်၍ ရောင်းချပါမည်။တင်ဒါများကို ၄-၆-၂၀၁၈ရက်၊ (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းသွားရပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးဖုန်းနံပါတ် ၀၇၄-၂၉၅၁၆ နှင့် ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်းနံပါတ် ၀၇၄-၂၅၂၄၂၁၁သို့မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**အုတ်မြို့သစ် အရှေ့ပိုင်း တောင်ပိုင်း မြေကွက်များ ဈေးမှန် (ပေါက်ဈေး) ဝယ်ပါသည်။**

**ပြင်ဆင်ဖတ်ရှုပါရန်**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## P.E.T Plastic Container With Sticker Label
## (၄၅၀ ၀၀၀)ခု အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်
P.E.T Plastic Container With Sticker Label (၄၅၀၀၀၀) ခု

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၂၅-၅-၂၀၁၈) မွန်းလွဲ (၄း၀၀)နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်/အင်းရောင်း)

၄။ တင်ဒါပေးသွင်းရမည့်နေရာ- ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီစက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| | **တယ်လီဖုန်းအမှတ်** |
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **၀၆၇-၄၀၈၃၈၈၊** |
| **ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန** | **၀၆၇-၄၀၈၃၅၄** |
| **နေပြည်တော်။** | |

## တောမဲ့မြေသား ရေတိုက်စား၏






ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ပညာရေး အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
"အထူးသတင်း"



ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc.(Final)
ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၄၀၀၀၄၂၇၃၉၊ ၀၉၄ ၂၀၀၀၇၂၇၊ ၀၉ ၉၇၇၈၆၇၅၇၉
ငါး ၃၀ ရက် ဖွင့်ပြီ

ဆရာဌေး နှင့် သမီး-ဆရာမ ဌေးစန္ဒာလွင်
သား-ဆရာ ဌေးသူရိန်ဝင်း
အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills
4 Skills
Ph: 01-375970, 0951 72096, 09254541441

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

မင်္ဂလာပါ
Box
09-450042704
09-250095116
09-420096296

အောင်ကမ္ဘာ အိမ်ခြံမြေ ရောင်းဝယ်ရေး
ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များဝယ်လိုသည်။ အိမ်အရောက် ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ-
Ph:09-43118200, 09-450096144, 09-450096155

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အလုံ၊ အင်းစိန်၊ ဒဂုံ)တို့တွင် ရေနံဓာတ်ငွေ့ရည်ဝယ်ယူခွင့် ရရှိထားသူများသို့ ရေနံဓာတ်ငွေ့ရည်အိုးများ ပြန်လည်အပ်နှံရန် အသိပေးကြေညာခြင်း

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံ ဓာတ်ငွေ့ရည်အရောင်းဆိုင် အလုံ၊ အင်းစိန်၊ ဒဂုံတို့ကို ရတနာစု ကုမ္ပဏီလီမိတက်သို့ နှစ်ရှည် ငှားရမ်းခဲ့ပါသည်။ ၁-၁၁-၂၀၁၇ ရက်နေ့မှစ၍ စာအုပ်စနစ်ဖြင့် ဝယ်ယူခွင့် ရရှိပြီးသူများကို ကုမ္ပဏီမှ ဆက်လက်ရောင်းချပေးလျက်ရှိရာ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းမှ ထုတ်ပေးထားသော ရေနံဓာတ်ငွေ့ရည်အိုးများကို ဆက်လက်အသုံးပြုခွင့် ပေးခဲ့ပါသည်။ ယင်းထုတ်ပေးထားသော ရေနံဓာတ်ငွေ့ရည်အိုးများသည် သက်တမ်း ကြာမြင့်နေပြီဖြစ်သဖြင့် မိမိထုတ်ယူနေသော ဆိုင်များတွင် ပြန်လည်အပ်နှံရမည် ဖြစ်ပါသည်။ ထိုသို့ ပြန်လည်အပ်နှံရာတွင် ရေနံဓာတ်ငွေ့ရည် ဝယ်ယူခွင့်ရရှိခဲ့စဉ်က မိမိတို့ပေးသွင်းခဲ့သော အိုးစပေါ်အတွက် ငွေသွင်း ပြေစာကို တင်ပြနိုင်ပါက စပေါ်ငွေကို ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို ၁-၅-၂၀၁၈ ရက်နေ့မှစတင်၍ ၃၁-၇-၂၀၁၈ ရက်နေ့အထိ ပြန်လည်အပ်နှံရန်နှင့် ယင်းကာလထက်ကျော်လွန်၍ လာရောက်အပ်နှံခြင်းကို လက်ခံမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန**
**ဖုန်း- ၀၁-၃၉၇၈၁၅ (ရန်ကုန်ရုံး)၊ ၀၆၇- ၃၄၁၁၁၉၄ (နေပြည်တော်)**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

(Karaoke Entertainment, Restaurant, Salon) တွင် အမျိုးသမီးဝန်ထမ်းများ အမြန်အလိုရှိသည်။
09 952225350

အောင်မင်္ဂလာ
အိမ်ခြံမြေ/ရွှေလုပ်ငန်း
09428773300
09428773355

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဗဟိုသီရိ မြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (SK - 136)၊ ဧရိယာ(၀. ၂၂၉) ဧကရှိ ဒေါ်ကျဲရီချင်း တီလ် အမည်ပေါက်ပါမစ်မြေအား ဒေါ်စန်း စန်းဦး(ဘ)ဦးသက်ဦး [၁၂/မဂဒ(နိုင်)၀၈၇၉ ၀၁]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကိုန်လွှာ၊ နှစ်ဦးနှစ်ဘက် သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင် ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထား လာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍(၁၅)ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

သီဟလင်း
အိမ်ခြံမြေ / အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')
01-570307
09-5112729
09-5126394

STI MYANMAR UNIVERSITY
Soft Skills Training For University Life



English Communication Skill
Presentation Skill
IT and Business Fundamentals
Architecture Sketching
Native နှင့် Local
7th May, 2018
MICT Park

ဦးသန်းထွင်+ဒေါ်သန်းသန်းမြင့်
တိဗ္ဗိ (1)
ကားမောင်း၊ စက်ပြင်သင်တန်း
☎:01-706862,09-73047755,09-73322177,09-73235757
☎:01-201188, 09-73047744, 09-73047766
☎:01-549764, 01-545155
☎:01-573986, 01-573988

ခရုသင်းသမင်ဖြူ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် ဒ-၃၁၅၄၉၊ ဒ-၃၁၅၅၀၊ ဒ-၃၁၅၅၁၊ ဒ-၃၁၅၅၂ ဒေါ်အေးမြအောင်(ဘ)ဦးအောင်မင်း၊ နိုင်ငံသား စိစစ်ရေးအမှတ် [၉/ပမန(နိုင်)၁၆၅၁၄၄] အမည်ပေါက်ပါမစ်မြေ၏ မြေကွက်နေရာ(ယာယီ) ချထား ပေးသည့်လက်မှတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၃၀)ရက်အတွင်းနေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မူရင်းကို ပယ်ဖျက်ပြီးမိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



up to 20% Discount Only @ ICT Expos
Yangon ICT Expo
Mandalay ICT Expo
HotelPro
ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်
iStock
ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
CaféPOS
စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်
Galaxy Software Co., Ltd.
GalaxySoftware
Galaxy.com.mm
09- 432 095 50, 09- 443 344 401
09- 440 067 577, 09- 978 030 881
09- 257 333 214, 09- 974 432 762
09- 455 042 499, 09- 455 042 500
09- 444 200 771, 09- 444 200 772
09- 424 008 080, 09- 955 042 499

Elite Petrochemical POWERING THE NATION

# " ရေနံဓာတ်ငွေ့ရည် ( LPG ) အား စတင်ဖြန့်ဖြူး ရောင်းချခြင်း "



" Elite Petrochemical Co., Ltd. " အနေဖြင့် သီလဝါရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အကွက်အမှတ် ၁၅ / ၁၆ ၏ ( A နှင့် B ) ပေါ်တွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက် အမှတ်( မနသ - ၈၇၉ / ၂၀၁၃ )ဖြင့် Liquefied Petroleum Gas ( LPG ) နှင့် စက်သုံးဆီ တင် / ချ ဆိပ်ခံတံတားတို့အား တည်ဆောက်နိုင်ခဲ့ပြီး LPG သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းစဉ်နှင့် သက်ဆိုင်သော ဝန်ကြီးဌာန အသီးသီးတို့၏ လုပ်ငန်းဆောင်ခွင့် ခွင့်ပြုမိန့်များလည်း ရရှိထားပြီး ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ၊ ဧပြီလ ၈ ရက်နေ့တွင် LPG 2000 Ton တင်ဆောင်လာသော သင်္ဘောအား စမ်းသပ် ဆိပ်ကမ်းကပ်ခြင်း ၊ Loading / Unloading System များအား စမ်းသပ်စစ်ဆေးခြင်း ၊ အဆင့်မီ Automation စက်ပစ္စည်းများဖြင့် ထိန်းသိမ်းဆောင်ရွက်စေခြင်း ၊ Central Control system မှ မီးသတ်စနစ်များနှင့် အရေးပေါ်ထိန်းချုပ်ရေးစနစ်များ ၊ အအေးပေးစနစ်များအား လုံခြုံမှုဦးစားပေးလုပ်ငန်းစဉ်များအတိုင်း စမ်းသပ်လည်ပတ်ခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း Stakeholder အားလုံးတို့ အား ဂုဏ်ယူစွာ အသိပေးအပ်ပါသည်။

၂၀၁၈ ခုနှစ် ၊ မေလ ၁ ရက်နေ့ မှ စတင်ကာ မြန်မာနိုင်ငံ တစ်ဝန်းသို့ ...

- စစ်မှန်သော အရည်အသွေး ၊
- မျှတသော ဈေးနှုန်း ၊
- စိတ်ချမ်းသာမှု ရရှိစေမည့် ဝန်ဆောင်မှုတို့ဖြင့်

Elite Petrochemical Co., Ltd. မှ တင်သွင်းလာသော ရေနံဓာတ်ငွေ့ရည်( LPG ) အား ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေး နိုင်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။







ရေနံဓါတ်ငွေ့ရည် ( LPG ) ကို ဖြန့်ဖြူးရောင်းချလိုသူများ ၊ ကိုယ်တိုင် သုံးစွဲလိုသူများ မည်သူမဆို ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ဦးဇေသာဟန် ( Branch Manager - Yangon )
Elite Petrochemical Co., Ltd.
Ph : 09-977 838 966 Hotline : 09-73 7777 44, 09-73 7777 66
Email : branch.ygn@elpcco.com
Address : 2nd Floor, Building (C), Pearl Condo, Corner of Saya San Street & Kabar Aye Pagoda Road, Bahan Township, Yangon Division, Myanmar.

www.facebook.com / EffMyanmar

eff
Eco Friendly Fuel


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PALTINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့်MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထားနိုင်ခြင်း
MAB iBanking အကောင့်ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်မေ

## အသက်(၈၆)နှစ် (မဒေါက်မြို့)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ အမှတ်(၁)၊ ဗိုလ်တေဇလမ်းနေ (ဦးစိန်မောင်-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးစံရင်-ဒေါ်အေးဇင်)တို့၏ သမီးချွေးမ၊ (ဦးအုန်းမောင်(ခ)ဦးလုံး)၏ ဇနီး၊ (ဦးစံကြူး-ဒေါ်ခင်ဆွေနွယ်)၊ ဒေါ်ကြည်အေး၊ (ဦးသန့်ဇင်)-ဒေါ်သန်းသန်းငွေ၊ ဦးခင်ဇော်-ဒေါ်ချိုချိုဝင်း (အလပြ-ငြိမ်း၊ အထက-၃၊ သဃ်န်းကျွန်း)၊ ဦးဝဏ္ဏ-ဒေါ်ချယ်ရီ၊ တွဲဖက်ပါမောက္ခ Dr.တိုးတင့်အောင်(အရိုး)-Dr.ငွေဥမ္မာ (မိသားစုဆေးကုခန်း)၊ ဦးခင်မိုး-ဒေါ်ရူပစန္ဒာ၊ ဉူးသုန္ဒရ၊ ဒေါ်မိုးသီတာ၊ ဦးစိုးသီဟ-ဒေါ်အေးအေးမာ တို့၏ မိခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်ခုနစ်ယောက် တို့၏ ဘွားဘွားကြီး ဒေါ်တင်မေသည် ၃-၅-၂၀၁၈ ရက် နံနက် ၁၁း၃၀ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)**
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

## ဒေါ်ပုခင် [အပ်ချုပ်-၁ (ငြိမ်း)]

## အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ (မြနန္ဒာလမ်း)၊ အမှတ် (၄၄၉) နေ (ဦးဘိုထွေး-ဒေါ်ရွှေရင်) တို့၏သမီး၊ ဦးအောင်စ (အပ်ချုပ်-၁၊ ငြိမ်း)၏ဇနီး ဒေါ်ပုခင်(သက်ကြီးကန်တော့ခံ)သည် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့၊
ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)

---

## ဦးကြည်မောင် (သုံးခွ)

**(ရတနာရှင်ထီဆိုင်)**

## အသက် (၈၀)

(ဦးစိုးမောင်-ဒေါ်တင်မေ) တို့၏သားထွေး၊ (ဦးကျော်သာ-ဒေါ်သိန်း) တို့၏ သားသမက်၊ ဦးဉာဏ်-ဒေါ်ကျင်နု၊ ဦးကြည်လင်း-ဒေါ်သိန်းကြည်၊ ဒေါ်သောင်း တို့၏ညီ/မောင်၊ ဒေါ်မြမြသိန်း၏ခင်ပွန်း၊ ကိုအောင်စိုး-မမာမာကြည်မောင်၊ ကိုရတနာကြည်မောင်-မမြင့်မြင့်ထွေးတို့၏ဖခင်ကြီး၊ ကိုအောင်ခန့်ဇင်-မရိုစီအောင်၊ မအိသဏ္ဍာအောင်၊ မောင်ဥက္ကာ၊ မောင်ခန့်လင်းသွင်၊ မဆုရတနာတို့၏ဘိုးဘိုးကြီးသည် ၃-၅- ၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် သုံးခွမြို့၊ အောင်ဇေယျာလမ်း၊ (၄) ရပ်ကွက်၊ အမှတ် (၆၇) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမျိုးအောင် (တာမွေ)

## အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်းငွေးကြွယ် (က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၄)နေ [ဦးငေါ်ကီစွမ်း(ခ)ဦးမျိုးမြင့်]-ဒေါ်အွန်ဖတ်အင်း(ခ) ဒေါ်ကျင်လှ တို့၏သားထွေး၊ (ဦးလောင်ဖိန်စင်)-ဒေါ်ချင်ကင်းပင် တို့၏ သားသမက်၊ Low Mee Woom(ခ)ဒေါ်မိဝိုင်း ၏ ချစ်လှစွာသောခင်ပွန်း၊ Dr.ကျော်စန်းလွင်-မဝင်းမျိုးသော်၊ မအိအိမွန်၊ မထားထားလှိုင်၊ မဝိုင်းသော်ထား(3rd MB ဆေးတက္ကသိုလ်-၂ ရန်ကုန်)တို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၈ ရက် ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြမြကျော်

## အသက် (၈၀)

ရန်ကုန်မြို့နေ Captain သော်က-ဒေါက်တာမြတ်သင်းနွယ် (တွဲဖက်ပါမောက္ခ၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏ ချစ်လှစွာသော မိခင်ကြီးသည် ၃၀-၄-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၂)၊ ရောဂါဗေဒဌာနမှ**
**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ/ဆရာမများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြမြကျော်

## အသက် (၈၀)

ရန်ကုန်မြို့နေ Captain သော်က-ဒေါက်တာမြတ်သင်းနွယ် (တွဲဖက်ပါမောက္ခ၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏ ချစ်လှစွာသော မိခင်ကြီးသည် ၃၀-၄-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးရွှေစောလှ(ခ)ရွှေမောင် (စစ်တွေ)

**B.Com (A.A), (၁၉၆၄-၁၉၆၇)**
**ဦးစီးအရာရှိ (သ/မ ငြိမ်း)**

## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁) ရပ်ကွက်၊ ဦးဝိစာရလမ်း၊ တော်ဝင်အိမ်ရာ၊ တိုက် (၁၂)၊ အခန်း (၁၂) နေ ဒေါ်မြရီ (သ/မ-ငြိမ်း) ၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးသန်းထွန်း-ဒေါ်စောရွှေ (မိသားစု)**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းကြည် (၉၃)နှစ်

အမရပူရမြို့နယ်နေ ဦးစိန်းဝါ-ဒေါ်ဒေါ်ပု တို့၏ ညီမ၊ မုံရွာမြို့နေ ဒေါ်သန်းသန်း၊ ဦးညွန့်ရွှေ-ဒေါ်မြသွင်၊ ဦးဖုန်း-ဒေါ်ကြည်ကြည်၊ ဦးဝင်းကြိုင်-ဒေါ်မြင့်မြင့်၊ ဦးခင်မောင်ညွန့်-ဒေါက်တာမိမိသင်း တို့၏ အစ်မ၊ ဦးတင်ဝင်း-ဒေါ်မိုမို၊ ဦးသန်းငွေ-ဒေါ်ဖြူဖြူ၊ ဒေါက်တာဇော်မြင့်မောင်-ဒေါက်တာယုယုမေ၊ ဒေါက်တာသီတာ၊ ဦးသန်းထွဋ်-ဒေါ်ယဉ်ယဉ်ရွှေ၊ ဦးသန်းအောင်-ဒေါ်စန္ဒာ၊ ဦးမြတ်ထွဋ်-ဒေါ်အေးအေးမူ၊ ဒေါက်တာဝင်းထွဋ်-ဒေါ်မေလှမောင်၊ ဒေါက်တာနိုင်ဝင်း-ဒေါက်တာသွဲ့နှင်းဇင်၊ ဒေါ်ဆွေဆွေဝင်း တို့၏ဒေါ်ကြီး၊ မြေး ၂၃ ယောက်၊ မြစ် ၁၇ ယောက် တို့၏ အဘွားသည် ၂-၅-၂၀၁၈ ရက် ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၈(သောကြာနေ့) နံနက် ၁၀ နာရီတွင် မုံရွာ၊ ဆားကျင်းသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်လှ (ပျဉ်းမနား)

**အကြီးတန်းစာရေး(ငြိမ်း)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း**

## အသက်(၈၂)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ တောင်သာရပ်ကွက်၊ အမှတ်(၄/၁၂၂)နေ (ဦးညှာ-ဒေါ်အမာ)တို့၏ သမီး၊ [ဦးဟိန်း (သစ်အုပ်ကြီး-ငြိမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း)]၊ ဦးအုန်းကောက်(ဆန်ဆိုင်)-ဒေါ်စန္ဒာဦး (အကြီးတန်းစာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးဖိုးထောင်-ဒေါ်ဇင်မာမြင့် (မေတ္တာနယ်မြေ အီလက်ထရောနစ်)၊ ဦးစိုးမိုးအောင်၊ ဒေါ်မြတ်လေးဖြူ (ရွှေရှူခင်း)၊ ဦးစိုးထွေးအောင် တို့၏ မိခင်ကြီး၊ မဆုလတ်ရတနာ၊ မအိခိုင်ဖြိုး၊ မတင်မိမိခိုင်၊ မသင်းမြတ်ရတနာ တို့၏ အဘွားသည် ၁-၅-၂၀၁၈ ရက် ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ကွင်းကြီးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ယုံ(ခ)ဒေါ်နှင်းယုံ

**(ကော့လှာရွာ မော်လမြိုင်မြို့)**

## အသက်(၈၂)နှစ်

မော်လမြိုင်မြို့၊ ကော့လှာရွာနေ (ဦးသူ-ဒေါ်ကြောင်)တို့၏ သမီးငယ်၊ (ဦးအုံးဖေ-ဒေါ်ငြိမ်းအေး)တို့၏ သမီးချွေးမ၊ (ဦးထွန်းရွှေ-ဒေါ်ညွန့်တင်)တို့၏ ညီမ၊ ဦးမြင့်အောင်-ဒေါ်ချိုမာ၊ ဦးကြည်မင်း (အကောက်ခွန်-အရာရှိ-ငြိမ်း)-ဒေါ်အေးအေးသိန်း (ဒု-ဦးစီးငြိမ်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)၊ ဦးအောင်ဆွေ (ဂျပန်သံရုံး)၊ ဦးကြည်စိုးဦး-ဒေါ်စိုးစိုးမေ၊ ဦးအောင်ကျော်ဦး-ဒေါ်ခင်ထွေးဦး (ထက်ဦးကုမ္ပဏီ)တို့၏ မိခင်၊ မနွယ်နွယ်အောင်၊ မောင်ဝေလင်းအောင်(ခေတ္တ-အင်္ဂလန်)၊ မထက်ထက်အောင်၊ မောင်ဇင်မင်းအောင်(KFC)၊ မသက်နှင်းဝေ၊ မောင်အာကာဟိန်း၊ မအိမြတ်သွယ်၊ မောင်ကောင်းမြတ်သော် တို့၏ ဘွားဘွားကြီးသည် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ အမှတ်-၂၆၊ သြဘာလမ်း၊ ကျောက်မြောင်း၊ တာမွေနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်စိန် (၇၂)နှစ်

**အထက်တန်းပြ(ငြိမ်း)**
**အလက(၆)လှိုင်၊အထက-၂လှိုင်သာယာ၊ အထက-၁၊တွံတေး၊အထက-၃၊ လှိုင်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၁၄-A)နေ (ဦးလှမောင်-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးမောင်တုတ်-ဒေါ်ချစ်တင်)၊ [ဦးတိုးအောင်(ရွှေပန်းထိမ်)]-ဒေါ်ခင်တုတ်၊ ဦးသန်းမြင့် (မြို့နယ်အင်ဂျင်နီယာ-ငြိမ်း)-(ဒေါ်တင်တင်ငွေ)၊ ဒေါ်ခင်မမ (BPI-ငြိမ်း)၊ [ဦးဖုန်းမြင့်(ရှေ့နေ)]တို့၏ ညီမ၊ (ဦးမျိုးအောင်) ၏ အစ်မ၊ မဝတ်မှုန်ဦး(AMTS Service Co.,Ltd.) ၏ အဘွားသည် ၃-၅-၂၀၁၈ ရက် နံနက် ၁၀း၃၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၈ (ဗုဒ္ဓဟူး နေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးကျော်မြင့် (ညောင်လေးပင်)

**ကြယ်ငါးပွင့်ကော်ပိုရေးရှင်း**

## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၄)နေ အသင်းဘဏ္ဍာရေးမှူးဟောင်း ဦးကျော်မြင့်သည် ၁-၅-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာ ဦးမင်းဆွေ

**အရှေ့ပြား အထူးကုဆရာဝန်ကြီး(ငြိမ်း)**

## အသက်(၈၁)နှစ်

သူငယ်ချင်း ဦးဝင်းမင်းဆွေ-မဝါဝါမြင့် (Chemical)တို့၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်ကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်(၄)နေ ပါမောက္ခ ဒေါက်တာ ဦးမင်းဆွေ(အရှေ့ပြား အထူးကုဆရာဝန်ကြီး-ငြိမ်း) အသက်(၈၁)နှစ်သည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **86/95 RIT သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်နွဲ့

## အသက်(၇၅)နှစ်

သူငယ်ချင်း ဦးကျော်ကျော်လွင် (E.E, ဆည်မြောင်း)-ဒေါ်မေမိုးသန့် (ယုဇနကုမ္ပဏီ)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာနေ ဦးမြင့်ဆွေ ၏ဇနီး ဒေါ်တင်နွဲ့ အသက်(၇၅)နှစ်သည် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT သူငယ်ချင်းများ**

---

# နာရေး

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ငွေးလွင်(ခ) Margret Lwin

**ဟိုတယ်/ခရီး**
**(Strand Hotel-ငြိမ်း)**

## အသက်(၉၀)

ကလောမြို့နေ (ဦးဘလွင်-ဒေါ်စိန်ပွင့်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (စည်သူ ဦးဘကြာ-ဒေါ်ခင်ခင်)တို့၏ သမီးချွေးမ၊ (ဗိုလ်ကြီးစိုးညွန့်၊ ဒုအထွေထွေမန်နေဂျာ၊ စား/ဖျော်၊ ငြိမ်း)၏ ဇနီး၊ (ဒေါ်တင်ဇာလွင်)၊ (ဦးသိန်းထွန်း)၊ ဦးအေးလွင် (စက်မှုဝန်ကြီးဌာန-ငြိမ်း)-ဒေါ်သန္တာလွင် (စက်မှုဝန်ကြီးဌာန-ငြိမ်း)၊ ဦးမျိုးမင်းသိန်း၊ ဦးအောင်မြတ်စံ-ဒေါ်မူမူလွင် တို့၏ မိခင်၊ မယဉ်မင်းသုလွင် (ခေတ္တ-ကမ္ဘောဒီးယား)၊ မပြုံးမြတ်သူအောင်(Grand Hantha International Hospital)၊ မောင်လှိုင်မင်းထွန်း-မယဉ်မင်းဖြူလွင် (ခေတ္တ-စင်ကာပူ)၊ ဗိုလ်ကြီးသုတအောင်(M.O၊ အောင်ပန်းမြို့)၊ မောင်အောင်မိုးပြည့်လျှံ (Kinden Corporation)တို့၏ အဘွားသည် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ်-၁၃၅၊ အခန်း (၂)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းလွင် (ဆိပ်ကမ်း)

**တရားသူကြီး(ငြိမ်း)**
**ရန်ကုန်မြို့တော်ဘဏ်ရှေ့နေ**

## အသက်(၇၈)နှစ်

အမှတ်(၁၀၁၂)၊ အင်းဝ(၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမြမောင်-ဒေါ်ကျင်စိန်)တို့၏ သား၊ ဒေါ်တင်ကြည် ၏ ခင်ပွန်း၊ ဦးစန်းညွန့်-ဒေါ်ခင်စန်းကြည်၊ ဦးသန်းလွင်၊ (ဒေါ်ခင်ဝင်းကြည်)၊ ဦးရဲစိုး-ဒေါ်စန္ဒာဝင်း၊ ဒေါ်မင်းမင်းစိုး၊ ဒေါ်ခင်မမ တို့၏ ဖခင်၊ မြေးငါးယောက် တို့၏အဘိုးသည် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမဒေါ်ရီရီမြင့်(ခ) FAMIDA BANU

## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၃၅/၃၇)နေ (ဦးမောင်ထူး - ဒေါ်ခင်ခင်မြင့်)တို့၏ သမီး၊ ဒေါက်တာမြင့်ဆွေ (တွဲ/အတွင်းရေးမှူး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)၏ ချစ်လှစွာသော ဇနီး၊ ကိုစိုးဝင်းထွန်း-မရီသက်ဆွေ၊ ကိုခင်မောင်ဝင်း-မဆုမွန်ဆွေ၊ ကိုသီဟအေးထွန်း-မနီလဲ့ဆွေ၊ (မောင်ရန်နောင်ဆွေ)တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက် တို့၏ ချစ်လှစွာသောအဘွား၊ ဒေါ်လီထူး၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်သန်းသန်းမြင့် တို့၏ ညီမ၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်ချိုချိုမြင့်၊ ဦးလှမြင့်၊ ဒေါ်သူဇာမြင့် တို့၏ အစ်မ ဟာဂျီမဒေါ်ရီရီမြင့်သည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၃၅ နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ တွင်ပင်အစ္စာရ်နမာဇ်ဝတ်ပြုပြီး ရေဝေးကဗာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ

## သိက္ခာတော်(၂၈)ဝါ၊ သက်တော်(၄၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ တိုးချဲ့ကျန်စစ်သားလမ်း၊ ဘုန်းတော်ပြည့်ကျောင်းတွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တဝိမလဗုဒ္ဓိသည်[(၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်) (ကြာသပတေးနေ့)] နံနက် ၁း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (ကဆုန်လပြည့်ကျော် ၈ ရက်) (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ (ကဆုန်လပြည့်ကျော် ၁၀ ရက်)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ဘုန်းတော်ပြည့်ကျောင်းတိုက်**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ဟိန်(ခ)Maria Wong

## အသက် (၁၀၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉) လမ်း၊ အမှတ် (၁၃) မြေညီနေ (ဦးဝင်းတင်) ၏ ဇနီး၊ ဦးမောင်မောင်ကင်း-ဒေါ်လိုင်း၊ ဦးရွှေလင်း-(ဒေါ်အေး)၊ ဒေါက်တာမင်း- ဒေါ်လှလှဝင်းတို့၏ မွေးသမိခင်၊ မြေး ခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၀၀း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် စိန့်ဂျွန်း မောင်ထော်လေးဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျင်အန်း (နမ့်ဆန်မြို့) ရှမ်း/မြောက်

## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ အမှတ်(၁၇)၊ (၁၆၃)လမ်းနေ ဒေါ်ရင်လှ ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာဆုအောင်-ဒေါ်နန်းရွှေယဉ်၊ ဦးစိုးအောင်-ဒေါ်သင်းသင်းရီ (စိန်သုံးလုံးလက်ဖက်ခြောက်) တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေးငါးယောက်၊ မြစ်နှစ်ယောက် တို့၏ အဘိုးသည် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမဒေါ်မယ်ဒရန်(ခ)ဟာဂျီမ ဒေါ်မြင့်မြင့်သန်း

**သန်းတစ်ရာအရောင်တင်မှုန့်လုပ်ငန်း (ပျော်ဘွယ်)**

## အသက် (၇၃) နှစ်

ပျော်ဘွယ်မြို့၊ မြို့မရပ်နေ [ဟာဂျီဦးတင်မောင် (နို့ဆီ)] ၏ဇနီး၊ ရန်ကုန်မြို့နေ ကိုစိုးဝင်း-မနိုင်နိုင်၊ ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့နေ ကိုရန်ဂျစ်-မမြင့်မြင့်ခိုင်၊ ရန်ကုန်မြို့နေ ဟာဂျီကိုဂွန်းဂွန်း-ဟာဂျီမမိုးမိုးလှိုင်၊ ပျော်ဘွယ်မြို့နေ ကိုကျော်ကျော်ဝင်း-မအေးမြတ်သူဇာ (သန်းတစ်ရာကားပစ္စည်းဆိုင်)၊ ကိုဇော်မင်းနိုင်-မမာမာလွင်(သန်းတစ်ရာဆိုင်ကယ်အပိုပစ္စည်းဆိုင်)၊ (ဟာဂျီကိုဇော်ဝင်းနိုင်)၊ ရန်ကုန်မြို့နေ ကိုဇော်ထွေးနိုင်-မသန္တာဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၀ ယောက်တို့၏အဘွားသည် ၂၃-၄-၂၀၁၈ ရက် နံနက် ၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ပျော်ဘွယ်မြို့၊ မကျီးပင်ကာဘန်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးဝေမြင့် (၈၅)နှစ်

**B.Sc(ENGG)**
**လက်ထောက်အထွေထွေမန်နေဂျာ (မြန်မာ့သစ်လုပ်ငန်း)**
**ဒါရိုက်တာ**
**(သစ်တောဖက်စပ်ကော်ပိုရေးရှင်း)**

(ဦးဘမောင်-ဒေါ်စောခင်)တို့၏ သားကြီး၊ (ဦးဆန်းအောင်)၏ အစ်ကိုကြီး၊ (ဦးတင်-ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းငွေ ၏ ခင်ပွန်း၊ ဦးတေဇိန္ဒ၊ ဦးမိုးကျော်ဝေ-ဒေါ်ခင်ခင်ထွေး၊ ဦးသန့်မြတ်ဦး-ဒေါ်ဖြူဖြူသင်းဝေ တို့၏ ဖခင်၊ မပေဟသီဟန်လင်း၊ မောင်ကျော်ဇင်ဟိန်း၊ မောင်ကောင်းခန့်ဇော် တို့၏ အဘိုး ဦးဝေမြင့်သည် ၃၀-၄-၂၀၁၈ ရက် ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ (၄၁/A)၊ ခြောက်လွှာခြေရင်း၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**

## ဒေါ်ခင်သန်းရှီ (မြိတ်)

## အသက်(၆၅)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ မင်္ဂလာလမ်း၊ အမှတ်(၅၇)နေ အသင်းဝင် အမှတ်(၂၅၁၆) ဦးသန်းလွင်၏ ဇနီးသည် ၂-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၈ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

## ဦးနေလင်း (၆၄)နှစ်

**ဗန်းမော် (မြန်မာ့ရေနံ-ငြိမ်း)**
**E.CO 77 (NOVEMBER)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဆိုရှယ်လစ်(၁၁)လမ်းနေ (ဦးကိုလေး-ဒေါ်အုန်းတင်)တို့၏ သား၊ ဦးနေဝင်း၊ ဒေါ်တင်ဝင်း၊(ဒေါ်တင်အေး)၊ ဦးကျော်မြင့်၊ (ဒေါ်တင်ထွေး)၊ (ဒေါ်တင်လှ)၊ ဒေါ်တင်မြ၊ ဒေါ်တင်ငွေး တို့၏ ညီ/မောင်၊ ဒေါ်တင်လေး ၏အစ်ကို ဦးနေလင်းသည် ၃-၅-၂၀၁၈(ကြာသပတေးနေ့) နံနက် ၃း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၆၆၆)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ (၃၇) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုအောင်(ခ) ကိုကိုအောင်ကြီး (၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ သုံးလွှာ၊ အမှတ်(၄၆)နေ (ဗိုလ်ကြီးရဲဝင်း)၊ ဒေါ်ကြော့ကြော့ခင် တို့၏သားထွေး၊ (ဦးအောင်မြင့်)-ဒေါ်ခင်မြင့်မြင့် တို့၏သားသမက်၊ ဒေါ်ဥမ္မာမြင့် ၏ ခင်ပွန်း၊ ဦးဝင်းမောင်မောင်-ဒေါ်သီဂီခင်၊ ဒေါ်စန္ဒာခင်၊ ဒေါ်နီလာခင်၊ ဒေါက်တာသွယ်သွယ်ဝင်း တို့၏မောင်သည် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည၇း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၈ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ထိန်ပင်အမှိုက်ပုံမီး ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်သော်လည်း ဆက်လက်စောင့်ကြည့်ပြီး မီးကြွင်းမီးကျန်များကို ငြိမ်းသတ်လျက်ရှိ



**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို ဇန်အလိုက်သတ်မှတ်ကာ အပြီးသတ် ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း ယနေ့တွင် ဆက်လက်စောင့်ကြည့်မှုများပြုလုပ်၍ မီးကြွင်းမီးကျန်များကို ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ဦးစီးဆောင်ရွက်နေသူ မှော်ဘီမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မင်းဦးက "မနေ့က ညပိုင်းမှာတော့ မီးအားလုံး ငြိမ်းသွားခဲ့ပါပြီ၊ ဒါပေမယ့် အမှိုက်ပုံတွေအောက်မှာ ကျန်နေတဲ့ အပူရှိန်ကြောင့် အပေါ်ကို အငွေ့နည်းနည်းတက်နေတာတွေ ရှိပါတယ်၊ အဲဒီကနေမီးဖြစ်မှာ စိုးရိမ်တဲ့အတွက် Level-1 အဆင့် မီးငြိမ်းသတ်ယာဉ်တွေနဲ့ စောင့်ကြည့်ပြီး အငွေ့ထွက်နေတဲ့ နေရာတွေကို အပြီးသတ်လိုက်ဖြတ်နေပါတယ်၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေတာပါ၊ မီးငြိမ်းသတ်မှုအပိုင်းကတော့ အပြီးသတ် ငြိမ်းသွားပါပြီ၊ စိတ်ချရတဲ့ အခြေအနေမှာရှိပါတယ်"ဟု ပြောသည်။

ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐**

# မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း ခြေစမ်းမည်

**ရန်ကုန် မေ ၃**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံသို့ တစ်ပတ်ကြာသွားရောက်၍ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် ပြိုင်ပွဲမစတင်မီနှစ်ပတ်အလိုတွင် ထိုင်းသို့သွားရောက်ခြင်းဖြစ်ပြီး ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့်နှစ်ပွဲ၊ ထိုင်းအမျိုးသမီးကလပ်အသင်းနှင့်တစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် ဇွန် ၁၂ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ ဇွန် ၁၄ ရက်တွင် ထိုင်းကလပ်အသင်း၊ ဇွန် ၁၆ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အဓိကနိုင်ငံတကာပြိုင်ပွဲများ မယှဉ်ပြိုင်မီ ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် အခါအားလျော်စွာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလေ့ရှိပြီး ထိုင်းအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်လက ယှဉ်ပြိုင်ခဲ့သည့် အာရှဖလားအမျိုးသမီးပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် အသင်းလည်းဖြစ်သည်။ ထိုင်းအမျိုးသမီးအသင်းသည် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရထားရာ မြန်မာအသင်းအတွက် အကျိုးရှိမည့် ခြေစမ်းခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**



မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းတို့ ပြီးခဲ့သည့်နှစ်က မန္တလေးမြို့၌ ခြေစမ်းပွဲကစားခဲ့စဉ်။



ကြေးမုံ
အထူးကဏ္ဍ
မေ ၄၊ ၂၀၁၈ (သောကြာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ရှင်မင်း**

ကချင်ပြည်နယ်အစိုးရအနေဖြင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနည်းတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်အတွင်းရှိ ပြည်နယ်သူပြည်နယ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို နှစ်နှစ်တာကာလအတွင်း ရည်မှန်းဆောင်ရွက်ခဲ့ပါသည်။

### မျှော်မှန်းချက်

ထိုသို့ဆောင်ရွက်ရာတွင် မျှော်မှန်းချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အစိုးရ၏ မျှော်မှန်းချက်မှာ ငြိမ်းချမ်းသာယာပြီး ပြည်ထောင်စုတိုင်းရင်းသားများ အတူတကွယှဉ်တွဲနေထိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မူးယစ်ဆေးဝါးကင်းစင်သည့် ပြည်နယ်တစ်ခုဖြစ်စေရန် ဖြစ်သည်။

### ရည်မှန်းချက်

ထို့အတူ ပြည်နယ်အစိုးရ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရည်မှန်းချက်များမှာ ငြိမ်းချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပြည်နယ်အတွင်းရှိ မြို့နှင့် ကျေးရွာအားလုံး လျှပ်စစ်မီးရရှိရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးနှင့် အဂတိတရားကင်းရှင်းသော ပြည်သူ့ဝန်ဆောင်မှုများ ဖော်ဆောင်ရေးတို့ ဖြစ်သည်။

### ငြိမ်းချမ်းရေး

"ကချင်ပြည်နယ်အတွင်းမှာ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ပြည်သူတွေ အေးချမ်းသာယာစွာ လုပ်ကိုင်စားသောက်နိုင်မှုမရှိဘူး၊ ဒါကြောင့် ပြည်သူတွေ အေးချမ်းစွာနေထိုင်နိုင်အောင် ငြိမ်းချမ်းရေးကို ရည်မှန်းချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မယ်၊ ဒါကြောင့် နိုင်ငံတော်ကလည်း ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတယ်၊ ပြည်နယ်အစိုးရအနေနဲ့လည်း ပထမရည်မှန်းချက်အဖြစ်ထားပြီး ဆောင်ရွက်နေပါတယ်"ဟု ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောကြားသည်။

ကချင်ပြည်နယ်သည် တောတောင်ထူထပ်ခြင်း၊ မြစ်ချောင်းပေါများခြင်း၊ နယ်မြေအေးချမ်းမှုမရှိခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ဖွံ့ဖြိုးမှုကွာဟလျက်ရှိသည်။

### လမ်းပန်းဆက်သွယ်ရေး

ကချင်ပြည်နယ်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး (၂) နှစ်တာကာလအတွင်း မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ပူတာအိုခရိုင် မြို့လေးမြို့၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ၁၀ ဒသမ ၇၂၈ ကီလိုမီတာရှိ နိုင်လွန်ကတ္တရာလမ်း၊ ၄၈ ဒသမ ၄၉ ကီလိုမီတာရှိ ကွန်ကရစ်လမ်း၊ ၃၃၁ ဒသမ ၀၈ ကီလိုမီတာရှိ ကတ္တရာလမ်း၊ ၁၈ ဒသမ ၂၂ ကီလိုမီတာရှိ ကျောက်ခင်းလမ်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ဆဲဖြစ်သော လမ်းပိုင်းများစွာလည်းရှိကြောင်း သိရသည်။

"လမ်းမကောင်းတော့ အရင်က ဆန်တစ်အိတ်ဈေးနှုန်းက မြေပြန့်ဒေသနဲ့ နှစ်ဆလောက်ကွာတယ်၊ အခုတော့ သယ်ယူပို့ဆောင်ရေးစရိတ်လောက်ပဲ ကွာဟတော့ပါတယ်၊ ဒါတွေက လမ်းပန်းဆက်သွယ်ရေးကောင်းလာတဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်

> ကချင်ပြည်နယ်အတွင်းမှာ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ပြည်သူတွေ အေးချမ်းသာယာစွာ လုပ်ကိုင်စားသောက်နိုင်မှုမရှိဘူး၊ ဒါကြောင့် ပြည်သူတွေ အေးချမ်းစွာနေထိုင်နိုင်အောင် ငြိမ်းချမ်းရေးကို ရည်မှန်းချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မယ်၊ ဒါကြောင့် နိုင်ငံတော်ကလည်း ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတယ်

### တစ်ပြေးညီဖွံ့ဖြိုးတိုးတက်

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးဟာ ကျွန်တော်တို့ပြည်နယ်အတွက် အရေးကြီးတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြည်နယ်ဟာ တောင်ပေါ်ဒေသတွေများတယ်၊ မြစ်ချောင်းတွေများတဲ့ ပြည်နယ်ဖြစ်တယ်၊ မြေပြန့်က ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေနဲ့ အင်မတန်မှကွာဟပါတယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သွားရင် တောင်ပေါ်မြေပြန့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တယ်။

အခုဆိုရင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမကြီးကို နွေမိုးဆောင်း ရာသီမရွေး သွားလာနိုင်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေသကပြည်သူတွေဟာ အားရပီတိ

အထူးကဏ္ဍ [ ခ ] သို့ »»



ကန်ပိုက်တီးကုန်သွယ်ရေးစခန်းကို တွေ့ရစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဒေသထွက်ကုန်ပြပွဲတွင် ပြသထားသည့်ပြခန်းများကို ကြည့်ရှုစဉ်။

ကျွန်တော်တို့ မြစ်ကြီးနားမြို့မှာ မြို့တွင်းလမ်းတွေ အဆင့်မြှင့်တင်တဲ့အပိုင်းတွေကို ကျွန်တော်တို့ အများကြီးမြင်တွေ့ရပါတယ်၊ အဆင့်မြှင့်တင်တဲ့နေရာမှာလည်း တကယ် စေတနာပါပါ လုပ်ဆောင်တဲ့အပိုင်းတွေကို တွေ့ရပါတယ်၊ လမ်းမီးတိုင်တွေ စိုက်တာကအစ လမ်းခင်းတဲ့လုပ်ငန်းတွေမှာလည်း နိုင်ငံတကာနဲ့အညီ သေသေချာချာလုပ်ဆောင်တဲ့အပိုင်းတွေကို မြင်ရတဲ့အတွက် ဝမ်းသာပါတယ်၊ နောက်တစ်ခုက ကားကြီးကွင်းပါ၊ အရင်က အမှိုက်ပုံကို ကားကြီးကွင်းအသစ်အဖြစ် ပြောင်းလဲခဲ့တာကို မြင်ရတဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းမကြီးကို လွယ်လင့်တကူသွားလာနိုင်အောင် လုပ်တာကို အားရကျေနပ်ပါတယ်

»»» အထူးကဏ္ဍ [ က ] မှ

ဖြစ်တာကို တွေ့ရပါတယ်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့အစိုးရက အားသွန်ခွန်စိုက် အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကပဲဖြစ်ဖြစ် လမ်းပန်းဆက်သွယ်ရေးကောင်းမှ ကျွန်တော်တို့ ပြည်နယ်မှာလာပြီး ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်၊ ဒီလိုရင်းနှီးမြှုပ်နှံမှုလည်း ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

**နန့်မြစ်ခတံတား**

နှစ်နှစ်တာအတွင်းမှာ တံတား အစင်းပေါင်း ၁၁၇၆ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်၊ ပြီးတော့ ယာဉ်သွားယာဉ်လာများတဲ့ ဝိုင်းမော်ဘက်ခြမ်းက နန့်မြစ်ခတံတားကို လေးလမ်းသွားအဖြစ် ဆောင်ရွက်နေတာလည်း မကြာခင် ပြီးစီးတော့မှာ ဖြစ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

“နန့်မြစ်ခတံတားက အရင်က ကျဉ်းတယ်၊ ပြီးတော့ တံတားက အသုံးများတယ်၊ တံတားအသုံးပြုတဲ့သူများပြီး တံတားက ကျဉ်းနေတော့ ဟိုဘက်ဒီဘက်ကူးဖို့ စောင့်နေရတယ်၊ အခု တံတားကြီးပြုပြင်ပြီးသွားရင်တော့ စောင့်နေစရာမလိုတော့ဘူး၊ အခက်အခဲ မရှိတော့ဘူးပေါ့”ဟု ဝိုင်းမော်ဒေသခံ ဒေါ်နုနုက ပြောသည်။

**အဆင့်မြှင့်တင်**

“ကျွန်တော်တို့ မြစ်ကြီးနားမြို့မှာ မြို့တွင်းလမ်းတွေ အဆင့်မြှင့်တင်တဲ့အပိုင်းတွေကို ကျွန်တော်တို့ အများကြီးမြင်တွေ့ရပါတယ်၊ အဆင့်မြှင့်တင်တဲ့နေရာမှာလည်း တကယ် စေတနာပါပါ လုပ်ဆောင်တဲ့အပိုင်းတွေကို တွေ့ရပါတယ်၊ လမ်းမီးတိုင်တွေ စိုက်တာကအစ လမ်းခင်းတဲ့လုပ်ငန်းတွေမှာလည်း နိုင်ငံတကာနဲ့အညီ သေသေချာချာလုပ်ဆောင်တဲ့အပိုင်းတွေကို မြင်ရတဲ့အတွက် ဝမ်းသာပါတယ်၊ နောက်တစ်ခုက ကားကြီးကွင်းပါ၊ အရင်က အမှိုက်ပုံကို ကားကြီးကွင်းအသစ်အဖြစ် ပြောင်းလဲခဲ့တာကို မြင်ရတဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းမကြီးကို လွယ်လင့်တကူသွားလာနိုင်အောင် လုပ်တာကို အားရကျေနပ်ပါတယ်”ဟု မြစ်ကြီးနားမြို့ အင်ဂျန်ဒုံရပ်ကွက်တွင်နေထိုင်သူ ဦးမဒိန်းဆောင်ယော်က ပြောသည်။

**လျှပ်စစ်မီးရရှိ**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် မြို့နှင့် ကျေးရွာအားလုံး လျှပ်စစ်မီးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နှစ်နှစ်တာကာလအတွင်း ပြည်နယ်အတွင်းရှိ မြို့နယ်နှင့် မြို့ ၃၀၊ ကျေးရွာ ၇၉၁ ရွာ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**မြို့ ၃၀**

ကချင်ပြည်နယ်ဝန်ကြီးချုပ်က “ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်မီးရရှိရေးကဏ္ဍဟာ အင်မတန်အရေးကြီးတယ်၊ နှစ်နှစ်တာကာလအတွင်း မြို့နယ်နဲ့ မြို့ ၃၀ မီးရရှိအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်၊ ကျေးရွာပေါင်း ၇၉၁ ရွာ မီးလင်းပြီးဖြစ်ပါတယ်၊ ရေအားလျှပ်စစ်စီမံကိန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

**အထက်နမ့်ထွမ်းရေအားလျှပ်စစ်**

ပူတာအိုမြို့အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်းချောင်းပေါ်တွင် ကီလိုဝပ်နာရီ ၁၄ ဒသမ ၁၃ သန်း နှစ်စဉ်ထုတ်လုပ်နိုင်မည့် အထက်နမ့်ထွမ်းရေအားလျှပ်စစ်စီမံကိန်းကိုလည်း တည်ဆောက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ပြီးစီးရန်လျာထားကြောင်း သိရသည်။ အထူးကဏ္ဍ [ ဂ ] သို့ »»»



မြစ်ဖျားဧရာအဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်ပွဲကျင်းပစဉ်။



မြစ်ကြီးနားမြို့ မြို့တွင်းလမ်းများ နိုင်လွန်ကတ္တရာခင်းနေသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

### ရေပေးဝေရေးလုပ်ငန်း

မြစ်ကြီးနားမြို့နယ် မြို့ပေါ်ရပ်ကွက်များ ရေရရှိရန်အတွက် ဂျပန် JICA ချေးငွေ ကျပ်သန်း ၆၀၀၀ ဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဟိုပင်မြို့ ရေပေးဝေရေးအတွက် ကျပ်သန်းပေါင်း ၂၈၂ ဒသမ ၆၀၅ သန်းဖြင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်အစိုးရအနေဖြင့် ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းနေအိမ် ၁၆၂ လုံးကို နှစ်နှစ်တာအတွင်း ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

### အဝေးပြေးယာဉ်ရပ်နားစခန်း

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားမြို့ မြစ်ဖျားဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး မိုးညှင်းမြို့နှင့် ဗန်းမော်မြို့တို့တွင်လည်း အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ပြည်နယ်အတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်နဲ့ပတ်သက်ပြီး တောင်သူ ၈၆၂၀၇ ဦးကို ပုံစံ (၇) ထုတ်ပေးနိုင်ခဲ့ပါတယ်၊ ဦးပိုင်ပေါင်းနဲ့ ပြောမယ်ဆိုရင်တော့ ၁၀၀၀၇၂ ခု၊ ဧကပေါင်း ၅၆၂၅၆၈ ဧကဖြစ်ပါတယ်၊ စက်မှုလယ်ယာဖော်ထုတ်မှုအနေနဲ့ နှစ်နှစ်တာအတွင်း ဧကပေါင်း ၃၄၇၂ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

### သိမ်းဆည်းလယ်ယာမြေ

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သိမ်းဆည်းလယ်ယာမြေများ မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရန် နှစ်နှစ်တာကာလအတွင်း အမှုပေါင်း ၁၇ မှု၊ မြေဧရိယာအားဖြင့် ၁၈၃ ဒသမ ၅၀ ဧကကို တောင်သူ ၃၀ ထံ ပေးအပ်ခဲ့ပြီး ကျန်ရှိနေသည့် အမှုပေါင်း ၁၅၁ မှုကို အမြန်ဆုံးပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေး

ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် ဆောင်ရွက်ရာတွင် နှစ်နှစ်တာကာလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၃၈၉၆ မှု၊ တရားခံပေါင်း ၅၂၇၆ ဦး၊ မူးယစ်ဆေးဝါး ၄၀၅ ကီလို၊ ဆေးပြားပေါင်း ၂၆ သိန်းကျော်၊ ဘိန်းရည် ၄ ဒသမ ၁၈ လီတာဖမ်းဆီးရမိခဲ့ပြီး ဘိန်းခင်းစုစုပေါင်း ၂၂၆ ဒသမ ၈၂ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

### သင်တန်းများ

"ဒီသင်တန်းကျောင်းမှာ ချည်မျှင်နဲ့ အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်း၊ လက်ရက်ကန်း ခြောက်လသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်၊ ပုံမှန်သင်တန်းတွေအပြင် ကာလတိုသင်တန်းတွေဖြစ်တဲ့ စက်ချုပ်သင်တန်း၊ လက်ရက်ကန်းသင်တန်း၊ သဘာဝဆိုးဆေးသင်တန်း၊ အထည်ပန်းပုံရိုက်နဲ့ ဆေးရေးနည်းအခြေခံသင်တန်းစတဲ့ သင်တန်းတွေကို နှစ်စဉ်တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပါတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောသည်။

### ထောက်ပံ့ပေးစေလို

ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့်ပတ်သက်၍ အသေးစားစက်မှုလက်မှုဦးစီးလုပ်ငန်းဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်နိုင်က "သင်တန်းမျိုးစုံကို ဖွင့်လှစ်သင်ကြားပေးနေပါတယ်၊ သင်တန်းတွေ ၂၇ ကြိမ်ဖွင့်လှစ်ခဲ့ပြီးတော့ သင်တန်းကနေ သင်တန်းသား ၆၆၉ ဦးကို သင်ကြားမှုပေးနိုင်ခဲ့ပါတယ်၊ သင်တန်းသားတွေထဲက တချို့သင်တန်းသားတွေဟာ သင်တန်းကရရှိခဲ့တဲ့ ပညာတွေနဲ့ ကိုယ်ပိုင်လုပ်ငန်းတွေ ဆောင်ရွက်နေတယ်လို့ သိရပါတယ်၊ သင်တန်းသားတွေက အကြံပြုတာရှိပါတယ်၊ သင်တန်းကနေ သင်ကြားပေးတဲ့ပညာတွေ ဆောင်ရွက်ဖို့ သူတို့မှာ အရင်းအနှီးနဲ့ ဈေးကွက်လိုအပ်တယ်၊ ဒါကြောင့် နိုင်ငံတော်အနေနဲ့ သူတို့ကို အရင်းအနှီးနဲ့ ဈေးကွက်ရရှိအောင် ထောက်ပံ့ပေးစေလိုတယ်လို့ အကြံပြုပါတယ်"ဟု ဆိုသည်။

"မြစ်ကြီးနားမြို့မှာ အလုပ်လက်မဲ့လူငယ်တွေ အင်မတန်များပါတယ်။ လူငယ်တွေ အလုပ်အကိုင်ရဖို့ မြစ်ကြီးနားမြို့ပတ်ဝန်းကျင်မှာ စက်ရုံကြီးတွေ၊ စီးပွားရေးလုပ်ငန်းကြီးတွေ ဖော်ဆောင်စေချင်ပါတယ်။ မြစ်ကြီးနား စီးပွားရေးဇုန်ကို ဖော်ဆောင်မယ်ဆိုတာ

အထူးကဏ္ဍ [ ဃ ] သို့ »»»



နမ္မတီးမြို့ မြို့အုပ်ချုပ်ရေးမှူးရုံး ဖွင့်ပွဲကျင်းပစဉ်။



မိုးကောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောက်စိမ်းကျောင်းဆောင်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ပြည်နယ်အတွင်းမှာ လယ်ယာမြေ လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး တောင်သူ ၈၆၂၀၇ ဦးကို ပုံစံ (၇) ထုတ်ပေး နိုင်ခဲ့ပါတယ်၊ ဦးပိုင်ပေါင်းနဲ့ ပြောမယ် ဆိုရင်တော့ ၁၀၀၀၇၂ ခု၊ ဧကပေါင်း ၅၆၂၅၆၈ ဧက ဖြစ်ပါတယ်၊ စက်မှု လယ်ယာ ဖော်ထုတ်မှုအနေ နဲ့ နှစ်နှစ်တာအတွင်း ဧက ပေါင်း ၃၄၇၂ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့



မြစ်ကြီးနားတက္ကသိုလ်ကျောင်းဝင်းအတွင်း ဘောလုံးကွင်းတည်ဆောက်ရေးအတွက် မြေပြုပြင်နေသည့် စက်ယန္တရားများကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

ကြားရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ဒေသခံတွေအတွက် အကျိုးရှိမယ့် အချက်အလက်တွေကို သေချာဆွေးနွေးပြီးတော့ လုပ်ဆောင်ဖို့လည်း တိုက်တွန်းချင်ပါတယ်”ဟု ဦးမဒိန်းဆောင်ယော်က အကြံပြုသည်။

မြစ်ကြီးနားစီးပွားရေးဇုန်ကို မြစ်ကြီးနားမြို့ အနောက်မြောက်ဘက် ကိုးမိုင်ခန့်အကွာ နန်ကျင်ကျေးရွာအနီး မြေလွတ်မြေရိုင်း ဧရိယာ ဧက ၄၇၀၀ တွင် အကောင်အထည်ဖော်ရန် ပြည်နယ်အစိုးရမှ စီစဉ်လျက်ရှိကြောင်း သိရသည်။

### မြစ်ကြီးနားစီးပွားရေးဇုန်

မြစ်ကြီးနားစီးပွားရေးဇုန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှဦးဆောင်သည့် မြစ်ကြီးနားစီးပွားရေးဇုန် ဖွံ့ဖြိုးရေးစီမံကိန်းဘက်စုံ ပူးပေါင်းညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းကော်မတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ထိန်ချုံးဟိန်ရုန်ကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ် ဝင်၊ ထွက်ဂိတ် နှစ်ခုဖြစ်သည့် ကန်ပိုက်တီးနယ်စပ်ဂိတ်နှင့် လွယ်ဂျယ်နယ်စပ်ဂိတ်တို့ကို နိုင်ငံတကာ ဝင်၊ ထွက်ဂိတ်များအဖြစ် တိုးမြှင့်နိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

### ဝင်ငွေခွန်ကောက်ခံရရှိမှု

“နယ်စပ်ကုန်သွယ်ရေးစခန်း ကန်ပိုက်တီး၊ လွယ်ဂျယ်စခန်းမှ ဝင်ငွေခွန်ကောက်ခံရရှိမှုက နှစ်နှစ်တာအတွင်း ကျပ်သန်းပေါင်း ၁၇၉၉၆ ဒသမ ၁၆၃ သန်းရရှိခဲ့ပါတယ်”ဟု ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြောသည်။

ဆက်လက်ပြီး ၎င်းက “ရွှေတူးဖော်ထုတ်လုပ်မှုကနေ နှစ်နှစ်တာကာလမှာ ကျပ်သန်း ၈၉၀ ဒသမ ၄ ရရှိခဲ့ပါတယ်၊ ကျောက်စိမ်းထုတ်လုပ်မှုတူးဖော်မှုက အားလုံး တန်ချိန်ပေါင်း ၄၆၆၄၉ ဒသမ ၀၈ တန်ကို တူးဖော်နိုင်ခဲ့တယ်၊ ရတနာခွန်ကောက်ခံရရှိမှုကတော့ ကျပ်သန်းပေါင်း ၃၈၈၆၂ ဒသမ ၁၆၁ သန်းရရှိခဲ့ပါတယ်”ဟု ပြောသည်။

### အားမလိုအားမရ

ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုများအပေါ် ကချင်ပြည်နယ် ကုန်သွယ်ရေးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းညွန့်က “ပြည်နယ်အစိုးရရဲ့ ဆောင်ရွက်မှုတွေအပေါ် အားမလိုအားမရဖြစ်မိတဲ့ အပိုင်းလေးတွေရှိပါတယ်၊ ဘာလဲဆိုတော့ သူတို့လုပ်နေတဲ့ အပိုင်းတွေကို ပြည်သူလူထုသိအောင် မထုတ်ပြန်နိုင်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်၊ ပြည်နယ်အစိုးရအနေနဲ့ ကြိုးစားလုပ်နေပေမယ့်



ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ အင်းတော်ကြီးကန်ဒေသကို ဇီဝအဝန်းနယ်မြေသတ်မှတ်။

ပြည်သူက မသိဘူး၊ မသိတော့ အထင်လွဲတယ်၊ အထင်လွဲတော့ အလုပ်မလုပ်ဘူးလို့ ထင်တယ်။

### ပြည်သူ့ဗဟိုပြု

နောက်တစ်ခု အကြံပြုချင်တာက ဌာနဆိုင်ရာတွေကနေ ပြည်သူတွေကို လိုလိုလားလား ကြိုဆိုပြီးတော့မှ ဘာတွေလုပ်ပေးရမလဲဆိုတာမျိုးထိဖြစ်ပေါ်လာတဲ့ ပြည်သူ့ဗဟိုပြု အစိုးရဌာနဆိုင်ရာတွေဖြစ်လာဖို့ လိုပါတယ်၊ တချို့ဌာနတွေမှာ အရင်တုန်းကပုံစံအတိုင်းပဲ ဆက်ဆံတာတွေ့နေရဆဲဖြစ်ပါတယ်၊ ဒါပေမဲ့ ဌာနဆိုင်ရာ တော်တော်များများက ပြောင်းလဲသွားပါပြီ၊ ပညာရေးကဏ္ဍကို မြှင့်တင်ပေးဖို့လိုအပ်နေတာဖြစ်တဲ့အတွက် လာမယ့်အနာဂတ်မှာ ပြည်နယ်အစိုးရအနေနဲ့ ကြိုးစားပြီး ဆောင်ရွက်စေချင်ပါတယ်”ဟု ပြောကြားသည်။

ကချင်ပြည်နယ်အစိုးရအနေဖြင့် ငြိမ်းချမ်းသာယာပြီး ပြည်ထောင်စုတိုင်းရင်းသားများ အတူတကွ ယှဉ်တွဲနေထိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မူးယစ်ကင်းစင်သည့် ပြည်နယ်တစ်ခုဖြစ်စေရန် မျှော်မှန်းချက်နှင့်အတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်သူပြည်နယ်သားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ရည်မှန်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။



အများပြည်သူလွတ်လပ်စွာအပန်းဖြေအနားယူနိုင်သည့် ဧရာဝတီမြစ်ဆုံအပန်းဖြေစခန်းကို တွေ့ရစဉ်။

> မြန်မာ-တရုတ် နယ်စပ် ဝင်၊ ထွက်ဂိတ် နှစ်ခုဖြစ်သည့် ကန်ပိုက်တီးနယ်စပ်ဂိတ်နှင့် လွယ်ဂျယ်နယ်စပ်ဂိတ်တို့ကို နိုင်ငံတကာ ဝင်၊ ထွက်ဂိတ်များအဖြစ် တိုးမြှင့်နိုင်ရန်စီစဉ်လျက်ရှိ



တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက် တည်ဆောက်ပေးထားသည့် တန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။

# တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား တန်ဖိုးနည်းအိမ်ရာသို့ ပြောင်းရွှေ့နေရာချထားပေး



**မန်စီ မေ ၃**

ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းရှိ IDPs စခန်းများတွင် နေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင်အိမ်ထောင်စု ၆၅ စုတို့အား မေ ၂ ရက် မွန်းလွဲပိုင်းတွင် မန်စီမြို့နယ် ရေခူးမံခံကျေးရွာရှိ တန်ဖိုးနည်းအိမ်ရာသို့ ပြန်လည်နေရာချထားပေးခြင်းနှင့် မိသားစုများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။**(ဓာတ်ပုံ)**

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများ ပြောင်းရွှေ့နေရာချထားပေးရေးအတွက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်သည် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြပြီး ပြောင်းရွှေ့မိသားစု ၆၅ အိမ်ထောင်စုတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန်အိတ် တစ်အိတ်နှုန်းဖြင့် ဆန်အိတ် ၆၅ အိတ်၊ အနွေးထည် ၈၅ ထည်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၄၈ စုအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၄၅၂၀၀ နှင့် အိမ်ထောင်စု ၆၅ စုအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ဆေးဝါးပစ္စည်း ၂၉ မျိုးနှင့် ကြက်ခြေနီအသင်းမှ အိမ်ထောင်စုများအတွက် မိုးကာ၊ ခြုံစောင်၊ Sanitary Kit၊ Kitchen Set ၆၅ စုံစီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ခဲ့ကြရာ ပြောင်းရွှေ့နေထိုင်သူ ဒေါ်ဂျာခေါ်နက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် UN အဖွဲ့ဝင်များသည် ပြောင်းရွှေ့မိသားစုများ၏ နေအိမ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြိတ်မြို့တွင် ကင်းမွန်ငါးဖမ်းစက်လှေများ ယခင်နှစ်ထက် လဝက်စော၍ ငါးဖမ်းလုပ်ငန်းရပ်နား

**မြိတ် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကင်းမွန် (ပြည်ကြီးငါး) ဖမ်းစက်လှေများ ငါးမဖမ်းရကာလ သတ်မှတ်ချက်ကြောင့် သာမန်ကင်းမွန်ငါးဖမ်းရာသီထက် လဝက်ခန့်စော၍ လုပ်ငန်းရပ်နားလိုက်ကြောင်း သိရသည်။

သာမန်အားဖြင့် ကင်းမွန်ငါးဖမ်းလုပ်ငန်းကို ဩဂုတ်လအထိ ဆောင်ရွက်လေ့ရှိသော်လည်း ယခုနှစ်တွင် ငါးသားပေါက်သေဆုံးမှုလျော့ကျရေးနှင့် ပင်လယ်ပြင်အတွင်း ငါးသယံဇာတ ရှားပါးမှုမရှိစေရေးအတွက် ငါးမဖမ်းရကာလသတ်မှတ်ချက်ကြောင့် မေလလယ်တွင် လုပ်ငန်းရပ်နားရကြောင်း ကင်းမွန်လုပ်ငန်းရှင်များထံမှ သိရသည်။



"လှေသားတွေရဲ့ လစာကတော့ တစ်ယောက်ကို ငွေကျပ် ၁၇၀၀၀၀ ရှိတယ်၊ ဖမ်းမိလို့ရတဲ့ ကင်းမွန်တွေကိုတော့ ပင်လယ်ထဲမှာလာရောက်ဝယ်ယူတဲ့ ငါးကဲ့လှေတွေကို ရောင်းတာများတယ်၊ သူတို့ကတော့ မြို့ကို ပြန်ဝင်ပြီး ကုမ္ပဏီတွေကို ရောင်းတာလည်းရှိတယ်၊ ထိုင်းနိုင်ငံထဲ တိုက်ရိုက်သွားရောင်းတာလည်း ရှိတယ်၊ လုပ်ငန်းက မေလလယ်မှာ ရပ်နားမှာဆိုတော့ ကသီလင်တနိုင်တာပေါ့၊ ကင်းမွန်ငါးဖမ်းတာက တစ်ခေါက်ထွက်ရင် တစ်လကြာတယ်၊ လဝက်နဲ့ တစ်ခေါက်ထွက်မယ်ဆိုရင် လှေသားတွေကိုက တစ်လစာအပြည့်ပေးရမှာနဲ့ ကင်းမွန်ဖမ်းလို့ ပြန်ရမယ့်ငွေနဲ့ မကာမိနိုင်ဘူး၊ ဒီတော့ ဧပြီလကုန်မှာပဲ လုပ်ငန်းရပ်နားလိုက်ရတယ်၊ လှေသားတွေမှာလည်း အလုပ်တစ်လစာလျော့သွားတာပေါ့"ဟု ကင်းမွန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကင်းမွန်ငါးဖမ်းလုပ်ကိုင်ရာတွင် သာမန်စက်လှေငယ်တစ်စင်းတွင် ရေလုပ်သား ရှစ်ဦးခန့်ရှိပြီး စက်လှေကြီးတစ်စင်းတွင် ရေလုပ်သား ၁၈ ဦးအထိ လုပ်ကိုင်လျက်ရှိသည်။ ကင်းမွန်ငါးဖမ်းလှေငယ်တစ်စင်းလျှင် ငွေကျပ် သိန်းနှစ်ရာနီးပါးခန့် ရင်းနှီးထားရပြီး လှေအကြီးတစ်စင်းလျှင် ငွေကျပ် သိန်းနှစ်ထောင်ခန့်အထိ ရင်းနှီးမြှုပ်နှံ၍ ကင်းမွန်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြရကာ မြိတ်ဒေသတွင် ကင်းမွန်ငါးဖမ်းစက်လှေအစင်းရေ တစ်ထောင်ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

ကင်းမွန်ငါးများကို အကောင်အရွယ်အစားအလိုက် အတန်းစား ငါးမျိုးခွဲခြားကာ အရွယ်အစားအကြီး (၁၊၂၊၃) အတန်းအစားကို ၁၁ ပိဿာပါ ဗန်းတစ်ဗန်းလျှင် ငွေကျပ် ၉၀၀၀၀ အထိရရှိပြီး အရွယ်အစား ငယ် (၄၊၅)အတန်းအစားကို ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ အထိ ရရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရရာသီတွင် ၂၀ ရာခိုင်နှုန်း ပြန်လည်ငါးဖမ်းဆီးခွင့်ပြု

**ဖျာပုံ မေ ၃**

မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတ ရှားပါးမှုမရှိစေရေး၊ အချို့ငါးများ ငါးမျိုးပြုန်းတီးမှုမရှိစေရေးတို့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ယခုနှစ် ငါးမဖမ်းရရာသီဖြစ်သည့် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ငါးဖမ်းဆီးခွင့် ပိတ်ပင်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ငါးမဖမ်းရကာလတွင် ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ပိတ်ထားမည်ဆိုပါက ဖြစ်ပေါ်လာမည့် ဘက်စုံအခက်အခဲများကို တာဝန်ရှိသူများက ဝန်ကြီးဌာနသို့ တင်ပြညှိနှိုင်းခဲ့ရာ "ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး၏ ၂၀ ရာခိုင်နှုန်းအား ပြန်လည်ငါးဖမ်းဆီးခွင့်" ပြုကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် ပုံမှန်ကမ်းဝေးငါးဖမ်းရေယာဉ်ပေါင်း သုံးထောင်ခန့်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၇၁၁ ဒသမ ၇၁၇ သန်း ရရှိခဲ့ရာ ရရှိငွေ၏ ၇၀ ရာခိုင်နှုန်းမှာ ပင်လယ်ငါးဖမ်းလုပ်ငန်းမှ ရရှိခြင်းဖြစ်ကြောင်း ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်သည့် သတင်းမှတ်တမ်းများအရ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေး၊ စံပြဆုရရှိသည့်ကျေးရွာအား ဆုချီးမြှင့်

**ဆင်ပေါင်ဝဲ မေ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုရရှိသည့် ကျေးရွာအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဆင်ပေါင်ဝဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းကို၊ ဆင်ပေါင်ဝဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးတို့က အဖွင့်အမှာစကား ပြောကြားပြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ဆင်ပေါင်ဝဲမြို့နယ်အတွင်း ဆင်းရဲမှုလျှော့ချနိုင်ရန်နှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၂၀ ကို စိစစ်ရွေးချယ်ပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြဆုရွေးချယ်ချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ စီမံကိန်းကော်မတီဝင်များက မိမိတို့ကျေးရွာအလိုက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ငွေစာရင်းများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။ ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းကို၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဇော်မင်းဦးတို့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စံပြဆုရရှိသည့် ရွာသစ်ကျေးရွာ၊ ငွေစာရင်းဇယား အကောင်းဆုံးဆောင်ရွက်နိုင်မှု ဆုရရှိသည့် မြောင်ကြီးကျေးရွာနှင့် မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များ စည်းလုံးညီညွတ်စွာ လုပ်ငန်းဆောင်ရွက်နိုင်မှု ဆုရရှိသည့် ကျွန်းကျေးရွာတို့အား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဆင်ပေါင်ဝဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းကို၊ ဆင်ပေါင်ဝဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် ဝန်ထမ်းများ၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၂၀ မှ စီမံကိန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

■

# တောင်သူလယ်သမားကြီးများ အပန်းပြေစေရန် နွားလှည်းအမြန်မောင်းပြိုင်ပွဲ ကျင်းပ



**နေပြည်တော် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ငါးဘတ်အိုင်အုပ်စု ရွာကလေးကျေးရွာတွင် စွမ်းဆောင်ရည်မြင့်မားသော နွားများကို မြန်မာ့ယဉ်ကျေးမှုလှည်းယာဉ်ဖြင့်တပ်ကာ နွားလှည်းအမြန်မောင်း ယှဉ်ပြိုင်ပွဲကို မေ ၁ ရက် (အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့)က ကျင်းပခဲ့ကြောင်း သိရသည်။

ဓနုဖြူမြို့နယ်မှ မိုးကြိုးအမည်ရှိ နွားနှင့် မြန်အောင်မြို့နယ် ကြယ်တံခွန်(ခေါ်)ဝိစိအမည်ရှိ နွားတို့ မွန်းတည့် ၁၂ နာရီက ယှဉ်ပြိုင်မောင်းခဲ့ကြရာ ဓနုဖြူမြို့နယ်မှ မိုးကြိုးအမည်ရှိနွားက ပထမတာလွှတ်ယှဉ်ပြိုင်ခဲ့သည့်နေရာတွင် ပထမအလားမှာပင် အပြစ်ကင်းစွာဖြင့် ရှေးဦးစွာပန်းဝင်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ဒုတိယအကြိမ်ယှဉ်ပြိုင်မောင်းခဲ့ရာ မိုးကြိုးအမည်ရှိနွားက နောက်ကျမှပန်းဝင်ခဲ့သော်လည်း ပြေးလမ်းတစ်လျှောက် အပြစ်ကင်းစင်ခြင်းကြောင့် ပေးမှတ်အပြည့်ရရှိပြီး အနိုင်ရရှိခဲ့သည်။

"ယခုလို စွမ်းဆောင်ရည်မြင့်မား နွားလှည်းမောင်းပြိုင်ပွဲ ပြုလုပ်ရတဲ့ ရည်ရွယ်ချက်က တောင်သူလယ်သမား အလုပ်သမားကြီးတွေဟာ တစ်နှစ်တာပတ်လုံး ချွေးတစ်လုံးလုံးဖြင့် အပင်ပန်းခံပြီး လယ်ယာလုပ်ငန်းမှာ စိတ်ရောလူပါ နှစ်မြှုပ်ထားရတာကြောင့် အပန်းပြေစေရန် ပြုလုပ်ရတာဖြစ်ပါတယ်၊ အခုလိုပြုလုပ်လိုက်တာနဲ့ တောင်သူလယ်သမား အလုပ်သမားကြီးတွေဟာ ပင်ပန်းနွမ်းနယ်မှုတွေ လျော့နည်းသွားပြီး စိတ်ဓာတ်ခွန်အားတွေ ပြန်လည်ပြည့်ဖြိုးလာကာ လယ်ယာလုပ်ငန်းတွေကို လန်းဆန်းစွာ ပြန်လည်စတင်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်" ဟု ဓနုဖြူမြို့နယ် ပြိုင်ပွဲကျင်းပရေးကော်မတီ တာဝန်ခံလယ်သမားကြီးတစ်ဦးက ပြောသည်။

ထို့နောက် ရွာလေးကျေးရွာ ဒေသခံတစ်ဦးကလည်း "ဒီနှစ်မှာ နွားလှည်းအမြန်မောင်းပြိုင်ပွဲလုပ်တာလေးပွဲရှိပါပြီ၊ ကျွန်တော်တို့ရွာအတွက် လမ်းတံတားတွေ ပြုလုပ်တဲ့နေရာမှာ ငွေကြေးအထောက်အကူရရှိပါတယ်" ဟု ပြောသည်။ အောင်ပွဲရ ဓနုဖြူမြို့နယ်မှ မိုးကြိုးအမည်ရှိနွားသည် တစ်နိုင်ငံလုံး ယှဉ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မောင်းခဲ့ရာ ခြောက်ပွဲနိုင်ပြီး တစ်ပွဲမှာ အငြင်းပွားမှုဖြစ်စဉ်ကြောင့် အရှုံးပေးခဲ့ဖူးပြီး စုစုပေါင်းပြိုင်ပွဲ ခုနစ်ပွဲပြိုင်ခဲ့ပြီးပြီဟု သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**

# မိုးကောင်းခန်းမသစ်ဖွင့်ပွဲတွင် နိုင်ငံကျော်အဆိုတော်များ အခမဲ့ဖျော်ဖြေမည်

**မိုးကောင်း မေ ၃**

ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ မိုးကောင်းခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ၍ စတင်ဆောက်လုပ်ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သဖြင့် မေ ၁၂ ရက်တွင် ဖွင့်ပွဲကို ခမ်းနားစွာ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ မိုးကောင်းခန်းမဖွင့်အပြီး မေ ၁၂ ရက် ညတွင် အဆိုတော်များဖြစ်သော အောင်ထက်၊ ဝဏ္ဏ၊ အိုင်ရင်းဇင်မာမြင့်၊ ဂျူးလီ၊ ဂျူးမီတို့က အကအဖွဲ့များနှင့်အတူ ည ၇ နာရီမှ နံနက် ၁ နာရီအထိလည်းကောင်း၊ မေ ၁၃ ရက် ညပိုင်းတွင် G-Fatt၊ နန်းစုရတီစိုး၊ ဘီလီလမင်းအေး၊ ပိုးမီ၊ ယွန်း၊ သဲထူးတို့က အကအဖွဲ့များနှင့်အတူ ည ၇ နာရီမှ နံနက် ၁ နာရီအထိလည်းကောင်း ဝင်ကြေးအခမဲ့ဖြင့် ခန်းမဆောင်အသစ်တွင် ဖျော်ဖြေမည် ဖြစ်သည်။

အဆိုပါခန်းမအသစ် နှစ်ထပ်အဆောက်အအုံကို ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၈၉၈၀ အကုန်ကျခံ ဆောက်လုပ်ခြင်းဖြစ်ပြီး မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်ရှိ မနောဇေရီ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကာ ခန်းမထဲတွင် အဲကွန်းအလုံး ၂၀၊ စီစီတီဗွီအလုံး ၂၀၊ အများပြည်သူသုံးသန့်စင်ခန်း အမျိုးသမီးသုံး ခြောက်ခန်း၊ အမျိုးသားသုံး လေးခန်း၊ Audio Box၊ Master Bed Room နှစ်ခန်း၊ လှေကားအလှဆင်မီးစသဖြင့် ထည့်သွင်းတည်ဆောက်ထား၍ နှစ်ထပ်အဆောက်အအုံဖြစ်သော်လည်း လေးထပ်အဆောက်အအုံအမြင့်ဖြစ်ပြီး တတိယထပ်ပေါ်မှ မြို့အလှကိုကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ပုံပြော၊ ဆေးရောင်ခြယ် ထူးချွန်ဆုရရှိသူများအား တတိယအကြိမ်မြောက် ဆုများချီးမြှင့်



**ယင်းမာပင် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းကာ တတိယအကြိမ် ပုံပြော၊ ဆေးရောင်ခြယ် ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ပြိုင်ပွဲများအလိုက် ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂ ရက် ညနေ ၃ နာရီတွင် ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်နိုင်စိုးနှင့် ပြိုင်ပွဲများကျင်းပရေးကော်မတီအဖွဲ့ဝင် ဦးမြင့်ဇော်သန်းတို့က ပြိုင်ပွဲများကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲ၊ မူလတန်းထက်ဆင့်နှင့် မူလတန်းအောက်ဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသူ စုစုပေါင်း ၁၅ ဦးအတွက် ပြိုင်ပွဲတစ်မျိုးလျှင် ပထမဆု ငွေကျပ် ၇၀၀၀၊ ဒုတိယဆုငွေကျပ် ၅၀၀၀၊ တတိယဆု ငွေကျပ် ၃၀၀၀ နှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် နှစ်ဆုပေးအပ်သည့်အပြင် အလှူရှင်တစ်ဦးက မူလတန်းအောက်ဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲဝင် (KG)ကျောင်းသား ကျောင်းသူ ၂၁ ဦးအတွက် ငွေကျပ် ၂၁၀၀၀ ကိုလည်းကောင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူတို့နှင့်အတူ ဆုများပေးအပ်ချီးမြှင့်ပေးကြပြီး ကလေးငယ်များအား အာဟာရဖွံ့ဖြိုးရေးအဖြစ် အလှူရှင် မြို့နယ်သမဝါယမဦးစီးဌာနက ရေခဲမုန့်ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ယင်းမာပင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ယင်းမာပင်)၊ အမှတ်(၁)အလယ်တန်း(ခွဲ)ကျောင်း၊ အမှတ်(၂)အလယ်တန်း(ခွဲ)ကျောင်းနှင့် လည်ငေါက်အလယ်တန်း(ခွဲ)ကျောင်းတို့မှ ပုံပြောပြိုင်ပွဲဝင် ၁၀ ဦး၊ မူလတန်းအထက်ဆင့်တွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင် ၁၆ ဦး၊ မူလတန်းအောက်အဆင့်တွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင် ၅၁ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၇၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုနှစ်ဆုစီ ပြိုင်ပွဲများအလိုက် ထူးချွန်ဆုရရှိကြသူ ၁၅ ဦးကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထူးချွန်ဆုများကို တတိယအကြိမ်မြောက် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများသည် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့်အယူအဆများ ထက်မြက်လာစေရေး၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရေး၊ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရေးနှင့် ကလေးများ စာပေနှင့် ရင်းနှီးလာစေပြီး ပျော်ရွှင်မှုကို ဖန်တီးနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ဧပြီ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပပေးခဲ့ကြောင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဦးစီးအရာရှိ ဦးမြင့်နိုင်စိုးက ပြောသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပြည်တွင်းလုပ်ငန်းများ တိုးတက်ဖို့ ချေးငွေများ မြန်၊ သက်သာ ရရှိစို့

■ ထိန်လင်းအောင်

ပြည်တွင်းလုပ်ငန်း၊ ပြည်ပလုပ်ငန်း ယှဉ်ပြိုင်ရာတွင် ကုန်ပစ္စည်း၏အရည်အသွေးနှင့် ဈေးနှုန်းသည် အဓိက ကျသည်။ ကုန်ပစ္စည်းကို အရည်အသွေးကောင်းပြီး အရေအတွက် များများထုတ်လုပ်နိုင်ရန် ခေတ်မီ စက်ပစ္စည်းကိရိယာများ လိုအပ်သည်။ ၎င်းတို့ကို ဝယ်ယူရန် ကြီးမားသော အရင်းအနှီး(Huge Capital) အတွက် ချေးငွေများများရရန် လိုသည်။

မိမိပြိုင်ဘက်မှ လက်ဦးမသွားခင် ဈေးကွက်ကို အုပ်စီးနိုင်ဖို့ ချေးငွေ မြန်မြန်ရဖို့လိုသည်။ စီးပွားရေးသည် အချိန်ပေး ရင်းနှီးမြှုပ်နှံရပြီးမှ အမြတ်ပြန်ပေါ်သည့် အတွက် အတိုးထဲမှာ မြုပ်မသွားရန် အတိုးနှုန်းသက်သာဖို့ လိုသည်။

**မြန်မာနိုင်ငံ၏ တည်ရှိဆဲ အခြေအနေ**

ထင်သာမြင်သာရှိသော စီးပွားရေးလုပ်ငန်းများ အဖြစ် အိမ်ခြံမြေ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်မျက်သယံဇာတ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်း များသာ ပန်းပန်နေဆဲဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများကို အားပေးမှု နည်းပါးသည်။ လမ်းတံတား၊ လျှပ်စစ်ကဏ္ဍ တို့အတွက် ပြည်တွင်းလုပ်ငန်းရှင်များ ဘဏ်မှ ငွေချေး ယူပြီး လုပ်ကိုင်ခြင်းမျိုး ကျယ်ပြန့်စွာ မသိရှိရပါ။ ဘဏ် ချေးငွေရရန် ခက်ခဲကြန့်ကြာ အတိုးနှုန်းမြင့်မားနေဆဲ ဖြစ်သည်။

**ငွေလုံးငွေရင်း ကြီးမားစွာ ထုတ်ချေးနိုင်ရေး**

ဘဏ်များအနေဖြင့် ပြည်သူလူထုအပ်ငွေကို ပြန်ချေးပေးရုံသာမက ၎င်းတို့ကိုယ်ပိုင် အရင်းအနှီးမှ လည်းကောင်း၊ ပြည်ပချေးငွေရယူခြင်းဖြင့် လည်းကောင်း ထုတ်ချေးနိုင်မှသာ လုပ်ငန်းရှင်များသို့ ငွေလုံးငွေရင်း ကြီးမားစွာ ချေးငှားနိုင်မည်ဖြစ်သည်။ ဘဏ်များ ကိုယ်တိုင်က နောက်ခံအရင်းအနှီး ပိုကြီးမားလေ ကောင်းလေ ဖြစ်ပါသည်။ ၎င်းဘဏ်များကိုယ်တိုင် နှစ်ရှည်ပြည်ပချေးငွေယူလိုပါက လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရပါမည်။

**ငွေထုတ်ချေးရာတွင် လွယ်ကူလျင်မြန်ရေး**

ချေးငွေ ပြန်လည်ဆပ်နိုင်သည်ဟု ယုံကြည်ခံရမှု မြင့်မားသော လုပ်ငန်းများသည် ချေးငွေရရှိရန် လွယ်ကူ ပါသည်။ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးတိုးတက်မှုများ၊ ဆုံးရှုံးသွားနိုင်သော ဖြစ်စဉ် ဖြစ်ရပ်များကို ခန့်မှန်းတွက်ချက်နိုင်မှုသည်လည်း ငွေထုတ်ချေးရာတွင် အရေးကြီးသောအချက်ဖြစ်သည်။ ရွှေပေါင်၊ မြေပေါင်မထားနိုင်သော လုပ်ငန်းရှင်သည် အဘယ်မှာ ချေးငွေ လွယ်လွယ်ရနိုင်အံ့နည်း။

**ဘဏ်တိုးနှုန်း သက်သာရေး**

ပြည်သူလူထုအပ်နှံငွေကို ရှစ်ရာခိုင်နှုန်း အတိုး ပေးပြီး ချေးငွေကို ၁၃ ရာခိုင်နှုန်း အတိုးရယူသည်။ ငွေဖောင်းပွမှုကို ခုသာခံသာရှိအောင် ထိုကဲ့သို့ အတိုး နှုန်းများ သတ်မှတ်ထားသည်ဟု နားလည်ပါသည်။

အကယ်၍ ပြည်ပချေးငွေကို အမေရိကန်ဒေါ်လာ ငွေသားဖြင့် ၃-၄ ရာခိုင်နှုန်းဖြင့် ချေးယူပြီး ပြည်တွင်း လုပ်ငန်းရှင်ကို အမေရိကန်ဒေါ်လာငွေသားဖြင့်ပင် အတိုးနှုန်း ၆-၇ ရာခိုင်နှုန်းဖြင့် ချေးပေးနိုင်ပါက ပြည်ပ ဘဏ်၊ ပြည်တွင်းဘဏ်၊ ပြည်တွင်းလုပ်ငန်းရှင်တို့ သုံးဦး သုံးဖလှယ် အကျိုးရှိမည်ဟု ထင်မြင်ပါသည်။ ထိုကဲ့သို့ ဒေါ်လာငွေသားဖြင့် ငွေထုတ်ချေးခြင်းမျိုးကို လုပ်ငန်း ရှင်များ ပြည်ပမှ စက်ယန္တရားဝယ်ယူရေး ခေါင်းစဉ် အတွက် သတ်မှတ်ခွင့်ပြုသင့်သည်။

**ကုန်ထုတ်လုပ်ငန်းများ အောင်မြင်လာခဲ့ပါက**

မြန်မာပြည်တွင် ပြည်သူများသည် ငွေ အတော် အတန် ချမ်းသာလာပါက မြေဝယ်လှောင်သည်။ တခြား လုပ်စရာကလည်း မမြင်။ ဤသို့ဖြင့် မြေရှားပါးကာ ဈေးကြီးလာသည်။ စီးပွားရေးလုပ်ငန်း တကယ်လုပ်ကိုင် မည့်သူအတွက် မြေအရင်းအနှီးတန်ဖိုး ကြီးမြင့်လာသည်။

> နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးတိုးတက်မှုများ၊ ဆုံးရှုံးသွားနိုင်သော ဖြစ်စဉ်ဖြစ်ရပ်များကို ခန့်မှန်းတွက်ချက်နိုင်မှုသည်လည်း ငွေထုတ်ချေးရာတွင် အရေးကြီးသော အချက်ဖြစ်

အကယ်၍ ကုန်ထုတ်လုပ်ငန်းများသာ အောင်မြင် ဖြစ်ထွန်းလာပါက ပြည်သူများအနေဖြင့် မြေဝယ်မည့် ငွေများကို ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ရာတွင် အစုစပ်အနေဖြင့် ပါဝင်လာကြကာ အိမ်ခြံမြေဈေးကွက် တစ်ခုတည်းတွင် စုပြုံတိုးနေခြင်း ကျဆင်းသွားပါလိမ့် မည်။

**သတိပြုရမည့် အခြေအနေ**

လက်ရှိတွင် ပြည်တွင်းဘဏ်များသည် အိမ်ခြံ မြေလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကိုသာ ဦးစားပေး ငွေထုတ်ချေးလိုသော သဘောရှိသည်။

နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များက ညွှန်ပြသည်မှာ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဘဏ်ချေး ငွေ လွယ်လွယ်ကူကူရလေလေ အိမ်ခြံမြေ တိုက်တာ ဈေးနှုန်း တက်လေလေဖြစ်သည်။

ထို့အပြင် အိမ်ခြံမြေ တိုက်တာ စီးပွားရေးလုပ်ငန်း စီးပွားရေး ပူဖောင်းကွဲသည်နှင့် တစ်ပြိုင်နက် ထိုနိုင်ငံ များတွင် စီးပွားရေးပျက်ကပ်ဆိုက်တတ်သည်။

ထို့ကြောင့် အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးလုပ်ငန်း များ ဘဏ်ချေးငွေ ထပ်မံအလွယ်တကူ ထုတ်ချေးသည် ထက် ၎င်းတို့အနေဖြင့် အခြားနည်းလမ်းများဖြင့် ငွေကြေးအရင်းအနှီးရှာဖွေရန်၊ ရရှိနိုင်ရန် အစိုးရအနေ ဖြင့် ကူညီသင့်သည်။ ဥပမာ ဆောက်လုပ်ရေးလုပ်ငန်း ရှင်ကို ငွေထပ်ချေးမည့်အစား ၎င်းဆောက်လုပ်နေသော တိုက်တာအိမ်ရာကို ဘဏ်တွင် ပုံမှန်ငွေစုဆောင်းနိုင် သော ပြည်သူများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ ကြိုပွဲငွင့်စနစ်ဖြင့် ဝယ်ယူသူများကို ဈေးလျှော့ရောင်းခြင်း နည်းလမ်းများဖြင့် ၎င်းတို့လိုအပ်သော ငွေကြေး အရင်းအနှီးကို ဖြည့်တင်းစေသင့်သည်။

**ပြည်တွင်းဘဏ် Vs ပြည်ပဘဏ်**

အပေါ်တွင် ဖော်ပြခဲ့သလို ရွှေပေါင်၊ မြေပေါင် မထားနိုင်သော လုပ်ငန်းရှင်သည် အဘယ်မှာ ချေးငွေ လွယ်လွယ်ရနိုင်အံ့နည်း။

ထိုလုပ်ငန်းသည် အောင်မြင်နိုင်မည့် အလား အလာများပြားသည်ဟု ယုံကြည်သော ဘဏ်သည် Opportunity Risk ယူပြီး ငွေထုတ်ချေးပေးလိမ့်မည်။

ထိုကဲ့သို့ ချေးရန် ပြည်တွင်းဘဏ်များက မလုပ် ရဲဘဲ ပြည်ပဘဏ်များက လုပ်ရဲမည်ဆိုပါက ပြည်ပ ဘဏ်များကို ခွင့်ပြုသင့်သည်။ ။

# သက်တမ်း ၂၀ ရှိ ဗိုလ်မြတ်ထွန်းတံတားကြီးကို ချေးချွတ်ဆေးသုတ်ခြင်း ဆောင်ရွက်

**ညောင်တုန်း မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီမြစ်ကို ဖြတ်ပြီး ဆောက်လုပ်ထားသော သက်တမ်း ၂၀ ရှိ ဗိုလ်မြတ်ထွန်းတံတားကြီးကို ဆေးရောင်အသစ်ပြန်သုတ်နေကြောင်း မေ ၂ ရက်က သိရသည်။

ဗိုလ်မြတ်ထွန်းတံတားကြီးကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ လက်ရန်း သံပေါင်များ ချေးတိုက်ချွတ်ခြင်း၊ ဘေးပေါင်များကို ဖြူ နီကျား ဆေးသုတ်ခြင်း၊ အလယ်မျဉ်းနှင့် ဘေးမျဉ်းများ သတ်မှတ်ပေးခြင်းတို့ကို လုပ်ဆောင်နေ ကြောင်း၊ ဧပြီ ၁၅ ရက်က ချေးချွတ်ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက် နေပြီး မေ ၆ ရက်တွင် ပြီးမည်ဖြစ်ကြောင်း ဆေးသုတ်အဖွဲ့ခေါင်းဆောင် ကိုစိုးမင်းသူက ပြောသည်။

ဗိုလ်မြတ်ထွန်းတံတားစီမံကိန်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၁၉၉၆ ခုနှစ် ဇွန် ၁၅ ရက်မှ စတင်တည်ဆောက် ခဲ့ရာ ၁၉၉၉ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ပြီးစီးခဲ့ပြီး နိုဝင်ဘာ ၁၅ ရက်တွင် ဖွင့်လှစ်ပေး ခဲ့ကြောင်း သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**

■






# ကမ္ဘာ့ဆရာဝန်များအဖွဲ့ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆွေးနွေး

**မိုးကောင်း မေ ၃**

ကချင်ပြည်နယ် မိုးကောင်းမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် မေ ၂ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ဆရာဝန်များအဖွဲ့၏ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်းအစီအစဉ် ကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဦးက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာဝန်များအဖွဲ့ စီမံချက်မန်နေဂျာ ဒေါက်တာ ဇင်မင်းအောင်က လုပ်ငန်းဆိုင်ရာများကို အကျဉ်းချုံးတင်ပြပြီး ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဟိန်းသူက Day Care Center (နားခိုရာ) ဖွင့်လှစ်ခြင်း သိကောင်းစရာများနှင့် အကျိုးကျေးဇူးများကို တင်ပြဆွေးနွေးသည်။

"Day Care Center (နားခိုရာ)က မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့တွေမှာ ဖွင့်လှစ်ထားရှိပြီး မိုးကောင်းမြို့မှာ စတင်ဖွင့်လှစ်ဖို့ သိကောင်းစရာတွေနဲ့ အကျိုးကျေးဇူးတွေကို အဓိကဆွေးနွေးတာပါ"ဟု စီမံချက်မန်နေဂျာ ဒေါက်တာ ဇင်မင်းအောင်က ပြောသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီးက တက်ရောက်သူများကိုယ်စား ဆွေးနွေးမှုကို စတင်ရာ တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဆရာတော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆေးရုံဝန်ထမ်းများ၊ ကမ္ဘာ့ဆရာဝန်များအဖွဲ့ ဝန်ထမ်းများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**မင်းမင်းဦး**

# မျှော်ရတာလည်း ကျွန်တော်၊ မောရတာလည်း ကျွန်တော်

မောင်မာန်ရှိး

ကျွန်တော်၏ အထက်တန်းကျောင်းသားဘဝ အတန်းပိုင်ဆရာမ ချော်လဲပြီး တင်ပါးဆုံရိုးကျိုးသွားကြောင်းသိရ၍ ဆေးရုံသို့ သွားရောက်ကြည့်ရှုခဲ့သည်။ အသက် ၈၁ နှစ်ဆိုတော့ အရိုးကျိုးတာပြန်ဆက်ဖို့ ခက်သည်။ သို့သော် ဆရာဝန်၏ ကျွမ်းကျင်မှုနည်းပညာ အသစ်များကြောင့် ဆရာမ နေသာထိုင်သာရှိနေပြီး ရက်သတ္တတစ်ပတ်သာရှိသေးသည် လမ်းလျှောက်ကျင့်နေပြီ။ "ဆရာဝန်ကြီးက တော်ပါတယ်၊ ပုဂ္ဂလိကဆေးရုံဆိုတော့ သူတို့ အစစတာဝန်ကျေကြပါတယ်" ဟု ဆရာမက ပြောပါသည်။

"ဒါပေမယ့်လည်း ဆရာမတို့ငယ်စဉ်တုန်းက ဆရာဝန်တွေနဲ့တော့ မတူကြတော့ဘူး၊ သူတို့က ပညာလည်း ပိုတတ်ကြ၊ တော်ကြသလို လူနာတွေလည်း များများကြည့်ကြတယ်၊ ပိုက်ဆံတွေလည်း ပိုရလာကြတယ်။ မအားလပ်နိုင်အောင်ပဲ၊ အချို့ဆို ထမင်းတောင်နပ်မမှန်ကြဘူးဆိုပဲ"

"ဟုတ်ပါတယ် ဆရာမ. . . ဘွဲ့တွေလည်း အများကြီးရကြ၊ ပညာတွေလည်း တတ်ကြပါတယ်"

"ပိုက်ဆံတွေရလာတော့ လောဘနောက်ကိုလိုက်နေကြသလားလို့ပါ. . ၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာမ အခုလို ဆေးရုံမရောက်ခင်မှာ ဖျားလို့အသက်ရှူမဝလို့ဆိုပြီး အထူးကုသမားတော်ကြီးနဲ့ ပြဖို့ဆေးရုံကို သွားပါတယ်။ အိမ်နဲ့နီးတဲ့ ဆေးခန်းကြီးဆိုပါတော့။ ဆရာမ တိုကင်ကြိုယူတာတစ်ရက်ပေါ့။ ညနေ ၆ နာရီ အရောက်လာပါဆိုလို့ သွားစောင့်တယ်။ ၆ နာရီ အရောက်ဆိုပေမယ့် လူကျော်သွားရင် မပြရမှာစိုးလို့ ၅ နာရီကျော်ကျော်ကတည်းက စောင့်ပါတယ်။ ဒါပေမယ့် ဆရာဝန်ကြီးက တော်တော်နဲ့ ရောက်မလာဘူး။ လူနာတွေလည်း တမျှော်မျှော်ပေါ့၊ ထိုင်ရစောင့်ရတာလည်း မသက်သာဘူး။ မောချင်သလိုလိုဖြစ်လာလို့ သားကအခန်းဝမှာ သွားမေးတယ်။ မလာသေးဘူးလားပေါ့။ အခု လာနေပါပြီလို့ပြောတယ်။ စောင့်ပါဆိုလို့ စောင့်လိုက်တာ ည ၈ နာရီထိုးမှ ရောက်လာတယ်၊ သားရေ ဆရာဝန်ကြည့်မယ့် အချိန် သတ်မှတ်ချက်က ဆိုင်းဘုတ်မှာ ရေးထားတာ ညနေ ၆ နာရီမှ ၉ နာရီပေါ့ သားရေ. . ."

"ဩော်. . . တခြားလူနာတွေလည်း စိတ်ဆိုးမှာပေါ့၊ ထမင်းဆာကြမယ်၊ ရောဂါက ဖိစီးနေရင် လဲလျောင်းစရာ မရှိ၊ ထိုင်ရတာလည်း မသက်သာ ဖြစ်ကြမှာပေါ့"

"ဒါပေါ့သားရယ်. . . သူဝင်လာတော့ လူနာတွေ ပျော်ကြတာပေါ့၊ ပြခွင့်ရပြီလေ. . . ဒါပေမယ့် ခဏ စောင့်ပါဦးတဲ့. . . ဆရာကြီးက တခြားဆေးခန်းကနေလာတာ ထမင်းမစားရသေးဘူး၊ ဆာနေလို့ ခဏနေ စီနီယာအလိုက်ခေါ်ပါ့မယ်လို့ ဆရာမလေးက ထွက်ပြောတယ်. . ."

"ဩော်. . . သူဆာသလို လူနာတွေလည်း ဆာမှာပေါ့၊ ဒါပေမယ့် လူနာက ဆာရုံမကဘူး၊ နာပါနာနေတာလေ. . ရောဂါပြချင်ဇောနဲ့မို့ သည်းခံကြတာပေါ့ ဆရာမ"

"ဟုတ်တယ် သားရေ. . . ဆရာမ အလှည့်ရောက်တော့ ည ၉ နာရီထိုးပြီ။ ဒီကြားထဲ ဆေးရုံကို အရေးပေါ်ရောက်လာတဲ့ လူနာအတွက် On Call ဆိုလား လူနာတွေကြည့်နေရာက ထသွားပြီး အဲဒီအထူးခန်းကို သွားလိုက်သေးတယ်။ မိနစ် ၂၀ လောက်ကြာမှ ပြန်ရောက်လာတယ်။ ဆရာမဖြင့် ရင်ဘတ်ကအောင့်တဲ့ ဝေဒနာက သူ့ကို ပြခွင့်ရဖို့ စောင့်ရတဲ့ ဒေါသကြောင့် ပိုအောင့်လာသလို ခံစားရတယ်။ ဆရာမ အဲဒီနေ့က ည ၁၀ နာရီကျော်မှ အိမ်ပြန်ရောက်တယ်။ ဆရာမထက်ဆိုးတဲ့ လူနာတွေလည်း ရှိတယ်လေ။ အချို့ဆို ရန်ကုန်က မဟုတ်ဘူး။ ဟိုး. . . တောကနေ သင်္ဘောတစ်တန်၊ လှေတစ်တန်၊ ကားတစ်တန်နဲ့ လာကြရတာတွေရှိတယ်။ သူတို့က ဘာလို့အချိန်ကို မလေးစားကြတာလဲလို့ ဆရာမ သိချင်နေတယ်"ဟု ခုတင်ပေါ်တွင် အရိုးကျိုးဝေဒနာကို ခံစားနေရသော ဆရာမ၏ အသံက ကျွန်တော့်ရင်ထဲ စူးတစ်ချောင်း ဝင်သွားသလို ခံစားလိုက်ရပါသည်။

ဆရာမကို ကျွန်တော်သိတာတွေ၊ ကြားဖူးတာတွေ၊ ကြုံခဲ့တာတွေ ပြောပြရင် လူနာဖြစ်နေတဲ့ ဆရာမ ပိုပြီးမောသွားမယ်၊ နေမကောင်းဖြစ်မယ်၊ စိတ်မကောင်းဖြစ်မယ်လို့ ကျွန်တော်တွေးမိပြီး "ဟုတ်ကဲ့" ဆိုသော အဖြေများဖြင့် ဆရာမရင်ဖွင့်သံကို နားထောင်နေမိပါသည်။ တကယ်တော့ ကျွန်တော့်မိခင်ကို လွန်ခဲ့သော ငါးနှစ်က ဆေးရုံတင်ခဲ့ရာတွင် မမျှော်လင့်သော ပြဿနာတစ်ခုကြောင့် ကျွန်တော် ပေါက်ကွဲခဲ့ဖူးသည်။ လူနာကို ကြုံတွေ့ရဖန်များသော ဆရာဝန်များသည် နိစ္စဓူဝဖြစ်နေ၍ မဆန်းပြားသော်လည်း လူနာရှင်ကတော့ ဆန်းပြားသည်။ အသက်ရှင်ရေး စိတ်ပူကြသည်။ သွေးသားနဲ့ ပတ်သက်လာရင် ရင်တွင်းကအပူမီးက ပိုပြီးတောက်လောင်ကြသည်။ သူသည် မိခင်၊ ဖခင်၊ ဇနီး၊ သား၊ မယား၏ ဘဝအတွက် ဒီဆရာဝန်ကို အားကိုးကြီးစွာ ပုံအပ်ရသော လူနာရှင်ဖြစ်သည်။ ဆရာဝန်မျက်နှာကို တစ်ကမ္ဘာထင်ကာ ဘယ်လောက်ပင်ကုန်ပါစေ အသက်ရှင်ခွင့်လေး ပေးပါဆရာ၊ ကယ်ပေးပါဆရာ၊ ဆရာ မကယ်ရင် သေရပါတော့မယ်လို့ တစာစာအော်ပြီး မျက်ရည်တွေ တဖြိုင်ဖြိုင်ကျကာ သောကရောက်နေကြရတာက လူနာနဲ့ လူနာရှင်များဖြစ်သည်။

ကျွန်တော်တို့နိုင်ငံတွင် ထူးချွန်သော ဆေးပညာရှင်များ၊ ကမ္ဘာမှာ အောင်မြင်ကျော်ကြားနေသည့် အလွန်တော်သော ဆရာဝန်ကြီးများ များစွာပေါ်ထွန်းလာသည်မှာ ဝမ်းသာဂုဏ်ယူစရာဖြစ်သည်။ ကျွန်တော်ဆေးခန်းသွားပြရင်း ဆရာဝန်များ၏ အမည်နောက်တွင် တွေ့ရှိရသော ဘွဲ့များသည် နိုင်ငံရပ်ခြားမှဖြစ်သလို ဆေးပညာတွင် သူလေ့လာသင်ယူသော ဘာသာရပ်၏ ဘွဲ့ကုန်သွားအောင် ရရှိထားသည့် ဆရာဝန်များကလည်း များစွာရှိနေသည်ကို တွေ့ရသည်။ သားသမီးတွေ ဒီလိုဘွဲ့တွေနဲ့ တော်တဲ့တတ်တဲ့ ဆရာဝန်ကြီးတွေ ဖြစ်ရင်ကောင်းမှာပဲလို့လည်း စိတ်ကူးယဉ်မိသည်။

သို့သော် ကျွန်တော့်ဆရာမပြောတဲ့ အချိန်ကို မလေးစား၊ လူနာကို မသနား၊ ကိုယ်ချင်းစာတရား အားနည်းတဲ့ ဆရာဝန်မျိုးတော့ သားသမီးတွေကို မဖြစ်စေချင်ပါ။ ကျွန်တော်ကိုယ်တိုင် ဆေးခန်းကို အကြိမ်ပေါင်းများစွာ ခြေလှမ်းနေရပါပြီ။ သေတွင်းတံခါးဝကို နီးကပ်စွာ ရောက်ရှိနေသော သူတစ်ယောက်အတွက် ဒီလို သည်းခံစောင့်စားရသော ဒုက္ခများ ခံစားဖူးနေလေပြီ။ ဆရာဝန်ကြီးဝင်လာသောအခါ သူမောပန်းနွမ်းနယ်နေသော မျက်နှာကို ကြည့်ပြီး ကိုယ်ချင်းစာမိသည်။ သူသည် အခြားနေရာတွင် လူနာများကို ကြည့်ခဲ့ရတာ ပင်ပန်းခဲ့ပြီ။ စကားတွေပြော၊ စမ်းသပ်၊ စစ်ဆေးရတာ စိတ်ရောလူရော မောနေပေလိမ့်မည်။ လူနာတစ်ဦးတွင် ဖြစ်ပွားနေသော ရောဂါနဲ့ ဆေးကိုတည့်မှန်အောင် ပေးနိုင်ဖို့ သူတို့ စဉ်းစားကြရတာလည်း ဦးနှောက်ပင်ပန်းသည်။ ဒီပင်ပန်းမှုတွေအတွက် ကျွန်တော် ကိုယ်ချင်းစာမိသည်။

သို့သော် သူသည် ဒီဆေးခန်းသို့ မလာမီ အခြားဆေးခန်းတွင် လူနာများစွာကို ကြည့်ဖို့၊ စစ်ဆေးဖို့ ဆရာဝန်တစ်ဦး၏ တာဝန်ကို သူကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ အစိုးရဆေးရုံတွင် တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက ဆေးရုံကြီးမှ ပြင်ပပုဂ္ဂလိကဆေးခန်းသို့ သူ၏ စေတနာနဲ့ ဝမ်းစာအတွက် အပြေးသွားကြရသေးသည်။ တချို့ ဆရာဝန်ကြီးများက တစ်နေရာတွင် လူနာ ၅၀ မှ ၁၀၀ အထိ ချိန်းဆိုကြသည်။ တိုကင် ခွင့်ပြုပေးကြသည်။ နောက်ဆေးခန်းတစ်ခုသို့ ခရီးလမ်းကြောင်း ကြာမြင့်ချိန် ၁ နာရီခန့်သာခြားပြီး ထပ်မံ၍ထိုင်ကြပြန်သည်။ ဒီမှာလည်း တိုကင် ၅၀ မှ ၁၀၀ အထိ ကြည့်ပေးကြသည်။

အချို့လူနာများက အစွဲအလမ်းကြီးကြသည်။ အခြား ဆရာဝန်နဲ့မရ၊ သူနဲ့မှရသည်။ သူနဲ့ပဲပြလိုသည်။ သူရောက်လာမယ့် ဆေးခန်း၊ သူရောက်မယ့်အချိန်ကို မျှော်ကြ စောင့်ကြသည်။ သူနဲ့ပြမှ သက်သာတယ်ဆိုသော အစွဲဖြင့် အခြား ပညာတတ်၊ ဘွဲ့ရကြီးများကို မပြဘဲ စောင့်ဆိုင်းကြသည်။ သူကလည်း တကယ်ပင်တော်သော ဆရာဝန်ကြီးဖြစ်သည်။ တော်လို့လည်း နာမည်ရလာသည်။ နာမည်ရတော့ လူတိုးလာသည်။ လူတိုးလာတော့ တိုးတဲ့သူတွေ တန်းစီကြရသည်။ တန်းစီတာများလာတော့ အချိန်မလောက်၊ မနိုင်မနင်းဖြစ်လာသည်။ သူက လူနာကို သံယောဇဉ်ကြီးစွာ ကြည့်ပေးလို၍လည်း အပင်ပန်းခံရှာသည်။ သူချိန်းထားသော လူနာများ စောင့်နေကြ၊ မျှော်နေကြတော့မည်ဟူ၍လည်း စေတနာထားသည်။ သူ့စေတနာအကျိုးပေးကာ ပိုက်ဆံတွေရလာသည်။ ပိုက်ဆံတွေက သူ့ကို လွှမ်းမိုးလာသည်။ သို့သော် မရတာက အချိန်ဖြစ်သည်။ သူလွှမ်းမိုးပြီး စီစဉ်လို့မရတာက အချိန်ဖြစ်သည်။

တစ်နေ့တာတွင် ၂၄ နာရီရှိသည်ဆိုသော အချိန်ကို စေတနာထားပြီး ပိုဆန့်ခွင့်၊ တိုးခွင့်မပေးနိုင်တာက သဘာဝတရားဖြစ်သည်။ လူနာတွေကို ကြည့်ပေးနိုင်ဖို့ တိုကင်တွေ တိုးပေး၊ ဆေးခန်းတွေ တိုးကြည့်၊ ဆေးတွေ တိုးရောင်းပေးနိုင်ပေမယ့် တိုးလို့မရတာက အချိန်ဖြစ်သည်။ အချိန်ကို ကိုယ်က ဖန်တီးခွင့် လုပ်ယူခွင့်ရနိုင်တာက Time Share ဖြစ်သည်။ Time Management ဖြစ်သည်။ အချိန်နဲ့ စီမံခန့်ခွဲမှုကို တန်ဖိုးထားအသုံးချတတ်မှ လူနာနဲ့ ဆရာဝန်အဆင်ပြေစွာ ကြည့်ပေးနိုင်မည်။

ရန်ကုန်မြို့ကြီးက ကားတွေ ပိတ်တယ်၊ ကားတွေများတယ်၊ ကားတွေက စည်းကမ်းမရှိဘူး၊ လူတွေလည်း စည်းကမ်းမရှိဘူး၊ အဲဒီတော့ လမ်းမှာကြာပြီး ရောက်ရမယ့်အချိန်ကို မရောက်တာပါ။ စောင့်ရတာ အားနာပါတယ်ဆိုပေမယ့် တစ်နေ့ကို နာရီဝက်ထက်မပိုသော နောက်ကျခြင်းမျိုးဖြင့် တစ်ပတ်မှာ လေးငါးခါ နောက်မကျဖို့တော့ လိုသည်။ ခုတော့ လူနာတွေပါးစပ်ဖျားမှာ "စောင့်ရတာကလည်း ကျွန်တော်မောရတာကလည်း ကျွန်တော် သေမှပဲအေးမယ်"ဆိုသော စကားက ဆရာဝန်များရဲ့ Ethic နဲ့ Etiquette ကို ထိပါးစော်ကားသလိုဖြစ်နေသည်။

ဒါဆိုရင် ဆရာဝန်ကြီးများကလည်း ပြောင်းလဲချိန်တန်ပြီဆိုသော ကာလလွန်မြောက်ပြီးချိန်တွင် ပြည်သူနဲ့အတူ ဆိုသော ကာလ၌ Ethic (ကျင့်ဝတ်)၊ Etiquette (သိက္ခာ)တွေကို စောင့်ထိန်းနိုင်ဖို့ လိုသလို မိမိအလိုဆန္ဒကိုသာ မလိုက်ဘဲ ပြည်သူလူထုနဲ့ လူနာတွေရဲ့အလိုကို အပြန်အလှန်ဖြည့်ဆည်းပေးရင်း အချိန်ကို လေးစားကြပါ။ မိမိကိုယ်မိမိ တန်ဖိုးထားကြပါလို့ ဆန္ဒပြုအပ်ပါသည်။ ။

**တစ်နေ့တာတွင် ၂၄ နာရီရှိသည် ဆိုသော အချိန်ကို စေတနာထားပြီး ပိုဆန့်ခွင့်၊ တိုးခွင့်မပေးနိုင်တာက သဘာဝတရားဖြစ်သည်။ လူနာတွေကို ကြည့်ပေးနိုင်ဖို့ တိုကင်တွေ တိုးပေး၊ ဆေးခန်းတွေ တိုးကြည့်၊ ဆေးတွေ တိုးရောင်းပေးနိုင်ပေမယ့် တိုးလို့မရတာက အချိန်ဖြစ်သည်။ အချိန်ကို ကိုယ်ကဖန်တီးခွင့် လုပ်ယူခွင့်ရနိုင်တာက Time Share ဖြစ်သည်။ Time Management ဖြစ်သည်။ အချိန်နဲ့ စီမံခန့်ခွဲမှုကို တန်ဖိုးထားအသုံးချတတ်မှ လူနာနဲ့ ဆရာဝန် အဆင်ပြေစွာ ကြည့်ပေးနိုင်မည်။**

## ပေါင်းတည်တွင် နွေရာသီဆရာဖြစ်ပန်းချီသင်တန်း အခမဲ့ဖွင့်လှစ်

**ပေါင်းတည် မေ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ မင်းကွက် (၂)ရပ်ကွက် ၁၅ လမ်းရှိ ပေါ်တော်မူဓမ္မာရုံ ဘုန်းတော်ကြီးကျောင်း၌ နွေရာသီဆရာဖြစ်ပန်းချီသင်တန်းကို မေ ၁ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ရွှေတောင်မြို့မှ ဆရာဦးမျိုးမြင့်သန်းက ယခုသင်တန်းသည် အခမဲ့သင်တန်းဖြစ်ပြီး တက်ရောက်နေကြသည့် ကလေးလူငယ်များ ကျောင်းပညာသင်ကြားရေးတွင် အထောက်အကူရရှိစေရန်၊ ပန်းချီရေးဆွဲခြင်းအတတ်ပညာအား စိတ်ဝင်စားမှုရှိစေရန်နှင့် သင်တန်းမှသည် နိုင်ငံကျော်ပန်းချီပညာရှင်များ ပေါ်ထွန်းလာစေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ သင်တန်းတာဝန်ခံ ဆရာတော်ဦးဇောတိက က ဖြည့်စွက်ပြောကြားရာ "အဓိက ရည်ရွယ်ချက်က လူငယ်တွေ ယဉ်ကျေးလိမ္မာမှုရှိစေရေးအတွက် ပထမတစ်ချက်အနေနဲ့ လူငယ်တွေ ဘုန်းတော်ကြီးကျောင်းကို ရောက်ရှိဖို့ လိုအပ်တယ်၊ အခုလို ရောက်ရှိလာမှသာ မြတ်ဗုဒ္ဓ၏ ဘာသာသာသနာရဲ့ အဆုံးအမတွေကို သင်ကြားခွင့်ရရှိမယ်၊ အဲဒါမှ တိုင်းပြည်မှာ ယဉ်ကျေးတဲ့ လူငယ်တွေ များလာမယ်၊ နွေရာသီ ကျောင်းပိတ်ရက်ဖြစ်တော့ ကလေးတွေရဲ့ စိတ်တည်ငြိမ်မှုတွေရရှိဖို့ မိမိခံစားချက်တွေကို ပန်းချီအနုပညာနဲ့ ဖော်ထုတ်ပြသနိုင်မှာဖြစ်ပါတယ်"ဟု မိန့်ကြားသည်။

အဆိုပါသင်တန်းသို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ သီလရှင်ဆရာလေးများနှင့် ပန်းချီဝါသနာ စိတ်ပါဝင်စားသူ သင်တန်းသား ၃၀ ကျော် တက်ရောက်ခဲ့ပြီး မေ ၁ ရက်မှ ၃ ရက်ထိ သင်ကြားပို့ချကြောင်း သိရသည်။

**မင်းသားကြီး**

